www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ပါးရှင်

ကိုကို ယောင်ခြောက်ဆယ်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချမ်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
အောက်တိုဘာလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

“ထုတ်ဝေသည့်စာအုပ် ကာတ်တလောက်အညွှန်း” (CIP)

၈၉၅.၈၃
ချစ်မျှားရှင်
ကိုကိုယောင်ခြောက်ဆယ်/ ချစ်မျှားရှင်။ – ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ကိုကိုယောင်ခြောက်ဆယ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

အခန်းကျဉ်းတစ်ခု၏ တစ်ဖက်တစ်ချက်စီတွင်ရှိသော တစ်ယောက် အိပ်ခုတင်နှစ်လုံးပေါ်တွင် လူနှစ်ယောက် အသေကောင်များသဖွယ် တောင့်တောင့်ကြီး လဲလျောင်းနေကြသည်။

ထိုနှစ်ယောက်ထဲမှ တစ်ယောက်၏အမည်မှာ သတိုးဖြစ်သည်။ သတိုး၏အလုပ်အကိုင်မှာ ပွဲစားယောင်ယောင် ဘာယောင်ယောင်ဖြစ်သည်။ ရှင်းအောင်ပြောရလျှင် သူပွဲစားလုပ်ခဲ့သည့် သက်တမ်းအတွင်း ပွဲခဟုခေါ်ရမည်လား၊ ဒါမှမဟုတ် လက်ဖက်ရည်ဖိုးသာသာပိုက်ဆံဟု ခေါ်ရမည်လား မသိသော ပိုက်ဆံလေးငါးထောင်ကို နှစ်ကြိမ်တိတိ ရထားဖူးသည့် ဝါရင့်ပွဲစားကြီးတစ်ဦး ဖြစ်ပါသည်။

နောက်တစ်ယောက်ကတော့ ဘုန်းကျော်ဟု ခေါ်သည်။ ဘုန်းကျော်ကတော့ မျိုးရိုးစဉ်ဆက်လက်သမားတစ်ဦးပါ။ ပြောရလျှင် လက်သမားပညာကို မျိုးရိုးစဉ်ဆက်ကျွမ်းကျင်တတ်မြောက်ထားသူတစ်ဦးပေါ့။ ဒါပေမဲ့ ပြောစရာလေးက တစ်ခုပဲရှိပါသည်။ ဒါကတော့ သူ့အဘိုး၊ သူ့အဖေ လက်ထက်ကတော့ အိမ်ကြီးအိမ်ကောင်းမှန်သမျှကို လက်မလည်အောင် ဆောက်ခဲ့ရသလောက် သူ့လက်ထက်တွင်တော့ ကျူးကျော်တဲတစ်လုံးကို

www.burmeseclassic.com



ငွေငါးထောင်နှင့် တာဝန်ယူဆောက်လုပ်ပေးခဲ့ရုံသာရှိခဲ့ပြီး မျိုးရိုးဂုဏ်သိက္ခာကို ဖျက်လိုဖျက်ဆီးလုပ်နေခဲ့သူ ဖြစ်သည်။

ဒီနှစ်ယောက်၏ ပတ်သက်မှုကတော့ ငယ်သူငယ်ချင်းကြီးတွေပင် ဖြစ်၏။

အဲ… တူညီမှုကတော့ အမြဲတစေဘိုင်ကျနေတတ်ခြင်းပင် ဖြစ်သည်။

နှစ်ယောက်စလုံး တစ်ကောင်ကြွက် တစ်မျက်နှာတွေ ဖြစ်သော်လည်း စိတ်ဓာတ်ကျဆင်းခြင်းမရှိကြဘဲ ရှိသမျှပစ္စည်းလေးတွေကို ပေါင်နှံ၊ တုခွဲ၊ ရောင်းချ၍ ဆက်နိုင်သမျှ အသက်ကိုဆက်ကာ အလုပ်အကိုင် အဆင်ပြေလာမည့်နေ့ကို စောင့်မျှော်နေကြသူများ ဖြစ်သည်။ BURMESE CLASSIC

ဘုန်းကျော် လဲလျောင်းနေရာမှ ထထိုင်၍ ခုတင်ထက်မှ ဆင်းမည့်ဟန် ပြင်လိုက်စဉ်အချိန်တွင် သတိုးက ဒါကိုမြင်သွားပြီး လှုပ်လှုပ်ရှားရှားဖြစ်လာကာ အားတက်သရောလေသံဖြင့်…

'ဘယ်လဲဘုန်းကျော်… စားစရာတစ်ခုခု သွားဝယ်မလို့လား'

ထိုသို့မေးလိုက်ခြင်းကြောင့် ဘုန်းကျော်မျက်နှာ ရှုံ့မဲ့သွားပြီး…

'မင်းကလည်း သိရဲ့သားနဲ့ လာမေးနေပြန်ပြီ၊ စားစရာသွားဝယ်ရအောင် ဘယ်မှာလဲပိုက်ဆံ…ဟွန်း'

ဟု ပြောလိုက်ရာ ကိုယ်သိပြီးသားအကြောင်း အရာဖြစ်ပေမဲ့ သတိုးစိတ်ပျက်သွားဟန်ဖြင့်…

'မင်းကလည်း ဒါဆို ဗိုက်ဆာသက်သာအောင် ငြိမ်ငြိမ်လေးလှဲနေလေ၊ ဘာထလုပ်တာလဲ'

'ရေသောက်မလို့ကွ'

ထိုသို့ပြောလိုက်မှ သတိုးသဘောပေါက်ပြီး ငြိမ်သွားသည်။ ဘုန်းကျော်



www.burmeseclassic.com

www.burmeseclassic.com



ရေသွားသောက်သောအခါ သူပါ သက်ပြင်းတစ်ချက်ချ၍ ရေတစ်ခွက် ထသောက်သည်။

ပြီးနောက် နှစ်ယောက်သား ဗိုလ်နေမြဲ ကျားနေမြဲ ပြန်လှဲလိုက်ကြသည်။ ခဏကြာသောအခါ သတိုးက မနေနိုင်တော့သည့် လေသံဖြင့်…

'ဘုန်းကျော်… ငါ ဗိုက်အရမ်းဆာနေပြီကွ'

'ငါလည်း ဆာတာပေါ့ကွ'

မဆာဘယ်ခံနိုင်ပါ့မလဲ။ မနေ့ညကတည်းက အစာအိမ်ထဲကို ဘာအစာကုန်ကြမ်းမှ မထည့်ထားရသေးတာ။ ဘုန်းကျော်က…

'နေပါဦး… မင်း ဟိုရက်ကပြောတော့ လမ်းထိပ်က အရက်သမား ကိုဘဆင့်ရဲ့ပုဆိုးကို ဆိုက်ကားသမား ခွေးပုက ဝယ်ချင်အောင် ကြားထဲက ပြောပေးလို့ ပွဲခရနိုင်တယ်ဆို၊ အဲဒါဘယ်မှာလဲ'

သတိုး သက်ပြင်းချ၍… ,

'ငါလည်း အစက ဒီလိုပဲ ထင်တာပဲလေ။ နောက်တော့ ခွေးပုက ကိုဘတင့်ရဲ့ပုဆိုးကို အပေါက်တွေပါလို့ဆိုပြီး သုံးရာပဲပေးတယ်။ အဲဒါကို ကိုဘတင့်က သူ့အရက်တစ်လုံးဖိုးတောင် မရှိဘူးဆိုပြီးတော့ ငါ့ကို ပွဲခမပေးဘူးကွ… ဟင်း…'

ဘုန်းကျော် စိတ်ပျက်သွားဟန်ဖြင့် ကျွတ်ခနဲလုပ်သည်။ နောက်တော့ သတိုးက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်…

'ဟာ… နေပါဦး ဘုန်းကျော်… မင်းကျတော့ အကြော်သည် ဒေါ်ဘုမရဲ့ အကြော်တဲကို ပြန်ပြင်ပေးတာ ပိုက်ဆံမရဘူးလား'

'မရပါဘူးကွာ၊ ဒေါ်ဘုမက ပိုက်ဆံမပေးနိုင် လို့ ငါ့ကို အကြော်ခြောက်ကြေး တစ်ခုပဲပေးတာနဲ့ အဲဒါလေးပဲစားပြီး ပြန်လာတာ'

ထိုသို့ပြောလိုက်ရာ သတိုး တင်းသွားဟန်ဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်စမ်း… မင်းက သူငယ်ချင်း အချင်းချင်း သစ္စာဖောက်ပြီး အကြော်တွေ ဘာတွေ စားရတာတောင် ငါ့ကို လာကျွေးဖော်မရဘူး'

'အာ… မင်းကလည်း ငါ့ကို သူကျွေးတဲ့ အကြော်က မနဲ့လေး ဆက်ထားတဲ့ အကြော်ပိစိလေးကွ၊ အဲဒါ မင်းကို ငါ ဘယ်လိုလုပ်ကျွေးမလဲ'

ထိုသို့ပြောလိုက်မှ သတိုးနားလည်သွားပြီး ခေါင်းကို တဗျင်းဗျင်း ကုတ်ကာ…

'ဒါဆိုလည်း ထားလိုက်တော့ကွာ၊ ခု ငါတို့မှာ ရောင်းဖို့ပေါင်ဖို့ ဘာတွေများ ကျန်နေသေးလဲ'

ဘုန်းကျော်က တုံးတိတိလေသံဖြင့်…

'လူ'

'ဘာပြောတယ်'

'လူပဲကျန်တော့တယ်လို့ ပြောတာကွ၊ မယုံရင် မင်းဘာသာမင်း လိုက်ကြည့်'

ထို့ကြောင့် ဘုန်းကျော် အခန်းတွင်းကို အိပ်နေလျက်သားနှင့် ခေါင်း ထောင်၍ ကြည့်လိုက်မိသည်။ အခန်းတွင်း၌ရှိသော ပစ္စည်းများကတော့…

ဘုန်းကျော် လမ်းမှကောက်လာသော သစ်တိုသစ်စများဖြင့် ရိုက် ထားသော ခုတင်နှစ်လုံး၊ ထိုခုတင်ပေါ်တွင် အနားစတွေ ဖွာလန်ကျဲနေ ပြီဖြစ်သော မဲညစ်ညစ် ဖျာနှစ်ချပ်၊ ပြီးတော့ ခြေသုတ်ခုံနှင့် ခွဲခြား၍မ အောင် ဆင်တူနေသော ခေါင်းအုံးနှစ်လုံး၊ စစ်စောင်တစ်ထည်ကို အလယ် နှစ်ပိုင်းခွဲထားပြီး တစ်ယောက်တစ်ပိုင်းစီယူ၍ခြုံသော စောင်ပိုင်းနှစ်ထည် ခြင်ထောင်ကတော့ လုံးလုံးမရှိချေ။ ထို့ကြောင့် ခြင်အန္တရာယ်ကို ကာကွယ် သည့်အနေဖြင့် ၎င်းစောင်ပိုင်းများကိုသာ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ခေါင်းမြီးခြုံ အိပ်ကြရသည်။

www.burmeseclassic.com



ထို့နောက် ထမင်းစားရန်အတွက် ကြွေရေသုတ်များ ကွာနေပြီဖြစ်သော သံပန်းကန်ပြားနှစ်ချပ်၊ မီးဖိုအဖြစ် အသုံးပြုသော ဖိုခနောက်ဆိုင် အုတ်ခဲသုံးလုံး၊ ထမင်းအိုးရော၊ ဟင်းအိုးအဖြစ်ရော အသုံးပြုသည့် ဒန်အိုးတစ်လုံး၊ ရေလဲသည့် ပုဆိုးစုတ်တစ်ထည်၊ ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသည့် အဝတ်အစားတစ်စုံစီ၊ ပြီးတော့ မိမိတို့နှစ်ယောက်။

ဒီအရာတွေက ဘာမှပေါင်စား၊ ရောင်းစား၍မရသော ပုံသေပစ္စည်းတွေ။ အဲ... အခန်းထဲတွင် ပေါင်စား၊ ရောင်းစား၍ရသော ပစ္စည်းကတော့ ကျန်ပါသေးသည်။ ဒါကတော့ စစ်လွယ်အိတ်ကြီးဖြင့်စု၍ ထည့်ထားသော ဘုန်းကျော်၏ မျိုးရိုးစဉ်ဆက် အမွေခံပစ္စည်းဖြစ်သည့် လက်သမားသုံးပစ္စည်းများ။

ထိုပစ္စည်းများ၏ ကာလတန်ဖိုးက မရှိဘူးဆိုလျှင် တစ်သောင်းပျော့ပျော့လောက်တော့ အေးအေးလေးရှိသည်။ ဒါပေမဲ့ ရှော့တော့ရှိ၏။

ထို့ကြောင့် သတိုးက မဝံ့မရဲလေသံဖြင့်...

'ဘုန်းကျော်... ဟိုကွာ... မင်းပစ္စည်းတွေ ခဏလောက် သွားထားလိုက်ပါလား'

သတိုး ဘာကိုဆိုလိုမှန်း ဘုန်းကျော် ဒိုင်းခနဲ သိပါသည်။ ထို့ကြောင့် ရှူးခနဲ ဒေါသထွက်သွားပြီ...

'မင်းကို ငါဘယ်နှစ်ခါပြောရမလဲ၊ ဒါ မျိုးရိုးစဉ်ဆက်အမွေပစ္စည်းကွ၊ လုပ်လို့မရပါဘူးဆို... ဟင်း...'

မိမိ ဒီလိုပြောလျှင် ဘုန်းကျော် ထိုသို့ပြန်ပြောမည်ဆိုတာ ကြားနေကျ ခေတ်ပြားဟောင်းကြီး ဖြစ်နေပြီဖြစ်သဖြင့် သတိုး ထူးပြီးမခံစားမိ။ ဘုန်းကျော်က လူကိုသာ အသေသတ်ရင်သတ်သွား၊ ဒီပစ္စည်းတွေကိုတော့ လာမထိနဲ့ဆိုသည့် ကောင်စားမျိုးလေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဗိုက်က အရမ်းအရမ်းကို ဆာလောင်နေပြီဖြစ်သဖြင့် လေသံပျော့လေးဖြင့်…

'ဘုန်းကျော်ကလည်းကွာ၊ ငါ ပွဲခတွေဘာတွေရရင် မင်းဟာတွေကို ပြန်ရှေးပေးမှာပေါ့'

'တော်စမ်းပါ သတိုးရာ၊ မင်းအကြောင်း ငါမသိတာကျလို့…ဟင်း'

'ဟော့ကောင်… မင်း အဲလိုတော့ မပြောနဲ့ကွ၊ ငါ ပွဲခဗိုက်ဆံရတုန်း ကလည်း မင်း သွားဖြိုနားဖြိုစားခဲ့တာပဲဟာ'

'အောင်မယ်… ငါ ကျုံးကျော်တဲဆောက်ပေးတုန်းက ရတဲ့ပိုက်ဆံ နဲ့ကျတော့ မင်း မစားဘဲနေခဲ့လို့လား'

ထိုသို့ ဗိုက်ဆာဆာဖြင့် မရှိမဲ့ရှိမဲ့ ဂုဏ်ပုဒ်ကလေးများကို အပြိုင်ဖော် ထုတ်ကြရင်း အခြေအနေက တင်းမာလာသယောင် ဖြစ်လာ၏။

'ဟွန်း… ပွဲစားတဲ့… ဘာပွဲစားလဲ။ သူများနတ်တင်ထားတဲ့ အုန်းပွဲ၊ ငှက်ပျောပွဲတွေကို လိုက်စားတဲ့ ပွဲစားလား'

'ဟွန်း… လက်သမားတဲ့… ဘာလက်သမားလဲ။ ခုချိန်ထိ ကျုံး ကျော်တဲတစ်လုံး ထိုးဖူးတဲ့ကောင်ကများ'

ထိုသို့သောအချိန်တွင်…

'ဒုန်း…ဒုန်း… ဟဲ့… အကောင်တွေ'

အသံက အခန်းတံခါးဝကလာတဲ့ အသံပါ။

စကားနိုင်လုခြင်းကိုရပ်၍ တစ်ယောက်မျက်နှာတစ်ယောက် အလန့် တကြား ကြည့်မိလိုက်ကြသည်။ အပြင်ဘက်မှ မိန်းမကြီးတစ်ဦး၏ လေသံပြင်းပြင်းကြီးက ဆက်လက်၍ ထွက်နေဆဲ။

'ဟဲ့… နင်တို့ အခန်းထဲမှာ ရှိတယ်ဆိုတာ ငါသိတယ်နော်။ အခု ချက်ချင်း တံခါးဖွင့်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်၍ ခေါင်းကိုတဖျင်းဖျင်း ကုတ်မိလိုက်ကြသည်။

'တောက်… အရေးထဲမှာကွာ'

'ဟုတ်ပ့ါကွာ… မိုက်ဆာရတဲ့ကြားထဲ'

ထုံးစံအတိုင်း အိမ်ရှင်ဒေါ်မေသန်းက အိမ်လခလာတောင်းနေခြင်းသာ ဖြစ်သည်။ သတိုးက…

'တောက်… ဒီအဘွားကြီးကွာ၊ သူ့ကို ငါတို့ အိမ်လခမပေးနိုင်တာ နှစ်နဲ့ချီ ရှိနေပြီပဲဟာကို၊ လတိုင်း လေကုန်ခံပြီး လာတောင်းနေသေးတယ်'

'ဟုတ်ပ့ါကွာ၊ ခုထိ အထူအပါး နားမလည်သေးဘူး'

ဒေါ်မေသန်းကတော့ ခုထိ အပြင်မှာ အော်၍ဟစ်၍ကောင်းဆဲ။

'ကဲ… ငါတို့ ဘယ်လိုလုပ်ကြမလဲ ဘုန်းကျော်'

ဘုန်းကျော်က မျက်နှာကို ရှုံ့မဲ့၍…

'ထုံးစံအတိုင်း မီးစင်ကြည့်ကပြီး မပေးနိုင်သေးတဲ့အကြောင်း ပြောလိုက်ကြရုံပေါ့ကွာ'

ထိုသို့ဖြင့် နှစ်ယောက်သား သက်ပြင်းတချချဖြင့် အိမ်တံခါးသွားဖွင့်လိုက်ကြသည်။ တံခါးဖွင့်ဖွင့်ချင်းပင် ဒေါ်မေသန်းက ဒေါနှင့်မောနှင့်…

'အမယ်လေး…လေး ကျေးဇူးရှင်တွေ ငါက နင်တို့ အထဲမှာသေနေပြီလားလို့ထင်ပြီး ရဲဝေးကို အကြောင်းကြားဖို့တောင် လုပ်နေပြီ'

သာယာနာပျော်ဖွယ် ဆီး၍အပြောခံလိုက်ရသဖြင့် နှစ်ယောက်စလုံး တွဲမြီးတိုသွားကြ၏။ သတိုးက…

'ဒီမှာ ဒေါ်သန်း… ခင်ဗျား ပေါက်ကရတွေ လာပြောမနေနဲ့၊ ကျုပ်တို့က ချက်ချင်းထွက်မလာနိုင်တာ အထဲမှာ အလုပ်တွေ ရှုပ်နေလို့ ဗျ… ဟွန်း…'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုန်းကျော်ကပါ ဝင်၍ ရိုင်ကိုကော့လိုက်ပြီး…

'ဟုတ်တယ်… ကျွန်တော်တို့ အခု အလုပ်အရမ်းရှုပ်နေတယ်၊ ဒီတော့ ခင်ဗျားတွေ့ချင်ရင် နောက်ရက်မှလာ'

ဟု ပြောလိုက်ရာ ဒေါ်မေသန်း ဆွေ့ဆွေ့ခုန်သွားပြီး ခါးကိုထောက်၍…

'အောင်မာ… အောင်မာ နင်တို့လို တစ်ရှာကိုး တစ်ရှာတစ်ဆယ် ကောင်ခဲတွေက အလုပ်ရှုပ်နေသလေး ဘာလေးနဲ့ လူကြားကောင်းအောင် လျှောက်ပြောနေတယ်။ အဲဒီလောက် အလုပ်ရှုပ်နေရင် ပိုက်ဆံလည်း ရှိမှာပေါ့။ ဒါဆို… ငါ့အိမ်လခတစ်နှစ်စာ အခုပေး'

ထိုသို့ပြောလိုက်ရာ နှစ်ယောက်သား ခဏမျှငြိမ်သွားပြီး ဟိုလိုလို ဒီလိုလိုလေဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ နောက်တော့… ညစ်ညစ်ဖြင့် တင်မယ့်တင် အဆုံးထိတင်ကွာဆိုသည့် သဘောဖြင့် မျက်ရိပ်ပြလိုက်ကြပြီး သဝိုးက…

'ဘာလဲ… ဘယ်ကအိမ်လခကို ပြောနေတာလဲ'

'ကြည့်စမ်း… ငါ့ကိုတောင် မေးခွန်းပြန်ထုတ်နေသေးတယ်။ ဒီအိမ်က ငါ့အိမ်… ငါ့အိမ်မှာ နင်တို့နှစ်ကောင်နေတဲ့အတွက် အိမ်လခ လာတောင်းတာဟဲ့… ရှင်းလား'

ထိုအခါ ဘုန်းကျော်က ဗလိုင်းကြီး ထရယ်ပါတော့သည်။

'ဟား… ဟား… ဟား… ဟား'

ဒေါ်မေသန်း ဈက်မှောင်ကျ၍…

'ဟိုအကောင် နင်ဘာတွေ သဘောကျလို့ ထရယ်နေတာလဲ'

'ဩော်… ခင်ဗျားက ဒါကို အိမ်လို့ ပြောလိုက်လို့ သဘောကျပြီး ရယ်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့…အရူးကောင်ရဲ့၊ ငါ့အိမ်ကို အိမ်လို့မပြောလို့ ဘာလို့ပြောရမှာလဲ'

ဘုန်းကျော် ရုပ်တည်ကြီးဖြင့်…

'ကြွက်သိုက်'

'ဘာ… ဘာ…'

'ရော်… ဒီအဘွားကြီး အသက်ကြီးလို့ နားလေးနေပြီနဲ့တူတယ်။ ကြွက်သိုက်လို့ ပြောနေတာ… ကြွက်သိုက်လို့ ပြောနေတာ'

ထိုသို့ ရှင်းရှင်းကြီးပြောလိုက်ရာ ဒေါ်မေသန်းပေါက်ကွဲသွားပြီး…

'နင်… နင် မိုက်ရိုင်းလှချည်လား၊ ငါ့အိမ်ကိုများ ကြွက်သိုက်လို့ ပြောရဲတယ်'

သတိုးကပါ ဝင်၍…

'ကြွက်သိုက်မို့လို့ ကြွက်သိုက်လို့ ပြောတာပေါ့ဗျ၊ မယုံရင် အထဲကို ဝင်ကြည့်ပါလား၊ မရှိဘူးဆိုရင် ကြွက်အကောင်နှစ်ဆယ်လောက် အနည်းလေး ရှိတယ်… ဟွန်း'

ထိုစကားကို သတိုး အပိုပြောခြင်း မဟုတ်ပါ။ ညဘက်ရောက်လျှင် အိမ်ထဲ၌ ကြွက်ပေါင်းစုံ ပါတီပွဲများ ကျင်းပနေသလားထင်ရအောင် ရှန်းရင်းဆန်ခတ်ဖြစ်ကာ တကျွီ-ကျွီ အသံများက ပွက်လောထနေ၏။

ဒါပေမဲ့… ကိုယ်တွေအတွက်ကတော့ နားယဉ်နေပြီမို့ ပြဿနာတော့ သိပ်မရှိဘူးပေါ့။

ထိုသို့ပြောခြင်းကို ဒေါ်မေသန်းက သူ့အိမ်အား ဂုဏ်သိက္ခာညှိုးနွမ်းအောင် လုပ်သည်ထင်ပြီး သိုးဆုံးမကျေမနပ်ဖြစ်သွားဟန်ဖြင့်…

'လခမပေးတဲ့အပြင် ငါ့အိမ်ကိုပါ ချိုးချိုးဖဲ့ဖဲ့ပြောတဲ့အတွက် နင်တို့နှစ်ယောက် အခုချက်ချင်း အိမ်ပေါ်ကဆင်း'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်သော်လည်း နှစ်ယောက်သား အရေထူနေပြီမို့ အမှုမထားဟန်ဖြင့်…

'စဉ်းစားဦးနော် ဒေါ်သန်း၊ ဒီအိမ်က ကျွန်တော်တို့ကလွဲပြီး ဘယ်သူမှ နေနိုင်မှာမဟုတ်ဘူး'

'ဟုတ်တယ် ဒေါ်သန်း၊ ကြွက်သားပေါက်ဦးရေကလည်း တစ်နေ့တခြားကို ကမ္ဘာ့လူဦးရေအတိုင်း တိုးတက်နေတာ။ တခြားလူသာဆို လုံးဝနေနိုင်မှာမဟုတ်ဘူး။ ကျွန်တော်တို့လို ခန္တီပါရမီနဲ့ ပြည့်စုံတဲ့လူတွေမှ နေနိုင်တာ'

ထိုသို့ပြောသော်လည်း ဒေါ်မေသန်း အယုံအကြည်လုံးဝရှိပုံမရပါ။ မယုံတဲ့အပြင် ပို၍တင်းသွားပြီး လက်နှစ်ဖက် ခါးထောက်၍…

'သွား… နှင်တို့နှစ်ယောက် အခုဆင်း'

ထိုစဉ်… အခန်းထဲရှိ ကြွက်နှစ်ကောင်မှာ သာယာပျော်မြူးပြီး စိန်ပြေးလိုက်တမ်း ကစားနေရာမှ ရှေ့သို့ကျွံထွက်လာပြီး သုံးယောက်သား စကားပြောဆိုနေရာ ခြေထောက်ကြားထဲသို့ တကျွိကျွိအော်မြည်ကာ လျှောက်ပြေးလေသည်။

ထိုအခါ ဒေါ်မေသန်းမှာ တစ်ပေအမြင့်လောက်အထိ ဝုန်းခနဲထခုန်၍…

'အမယ်လေး… ကြွက်… ကြွက်'

ဟု ငယ်သံပါအောင်ပင် အော်တော့၏။

သတိုးတို့နှစ်ယောက်ကတော့ သက်တောင့်သက်သာပုံစံဖြင့်သာ ၎င်းကြွက်နှစ်ကောင်ကို ခပ်အေးအေးကြည့်နေသည်။ ကိုယ်တွေအတွက်ကဒါမျိုးတွေ ရိုးနေပြီလေ။

ထို့နောက်တော့ ကြွက်နှစ်ကောင်က လူရှိမှန်း ပေါ်တော်ကြီး သိရှိသွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ တကျိုကျိုပြန်အော်ပြီး အတွင်းခန်းထဲသို့ ပြန်ပြေးသွားတော့သည်။

ထိုအခါမှ ဒေါ်မေသန်း ရင်ဘတ်ကို ဖိကာဖိကာဖြင့်…

'အမယ်လေးဟဲ့ လန့်လိုက်တာ… ဗိုး'

ဘုန်းကျော်က ဒေါ်မေသန်းကို စေ့စေ့ကြည့်၍…

'ဒေါ်သန်း သိပ်လက်မခံချင်သေးဘူးဆိုရင် ခုနကအကောင်တွေရဲ့ အမျိုးအခွေတွေကို ထပ်ကြည့်ချင်သေးလား၊ ကျွန်တော်တို့ ခေါ်ပေးမယ်လေ'

ထိုသို့ပြောလိုက်ရာ ဒေါ်မေသန်း အလန့်တကြားဖြင့်…

'ဟဲ့… ဟဲ့… မခေါ်ပါနဲ့၊ မခေါ်ပါနဲ့၊ လက်ခံပါပြီ… လက်ခံပါပြီ၊ ဟင်း…'

'ကဲ… ကဲ… ဒါဆို… ဘာဆက်ပြောချင်သေးလဲ'

'တော်ပြီ ဘာမှမပြောချင်တော့ဘူး… ဗိုး… ငါသွားမှ ဖြစ်တော့မယ်။ တော်ကြာ ဟိုကြွက်တွေ ထွက်လာရင် ငါ လန့်တာနဲ့ပဲ သေလိမ့်မယ် ဟင်း…။ ဪ… ဒါနဲ့ နင်တို့နှစ်ကောင်လည်း ငါ့အိမ်လခကို ဒီရက်ပိုင်း ပေးဖို့ စဉ်းစားထားကြဦး၊ ဒါပဲ… ဟွန်း'

ထိုသို့ မျက်စောင်းတချီချီ၊ ကြွက်တကြောက်ကြောက်ဖြင့် ဒေါ်မေသန်း ထွက်သွားမှ နှစ်ယောက်သား သက်ပြင်းကို ရှူးခနဲချမိလိုက်ကြသည်။ သတိုးက…

'ဟူး… တော်သေးတာပေါ့ကွာ၊ ကြွက်ကယ်ပေလို့ပဲ'

'အေးကွာ၊ ဘာပဲဖြစ်ဖြစ် ဗိုက်ဆာဆာနဲ့ ဒေါသထွက်ပြီး ဒေါ်သန်းကို ဟောက်လိုက်ရပေမယ့် လွန်တာကတော့ ငါတို့အရမ်းလွန်နေပြီကွ'

သတိုး သက်ပြင်းချ၍…

'ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ကိုယ့်မှာက အဆင်မပြေတာ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



တွေထားပါဦး၊ အခု ငါတို့ဗိုက်ထဲကို အစာဖြည့်ဖို့ကိစ္စကို ဘယ်လိုလုပ်မှာလဲ'

အဖြေက မရှိခြင်းကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ငြိမ်သွားကြသည်။ နောက်တော့ ဘုန်းကျော်က ဆာလောင်ခြင်းကို ဘယ်လိုမှ သည်းညည်းမခံနိုင်တော့သည့်ဟန်ဖြင့် အံကိုကြိတ်၍…

'သွားစားမယ်ကွာ'

'ဘယ်ဆိုင်မှာလဲ'

'ဝင်းကျော်ဆိုင်မှာ'

သတိုး… ဘုန်းကျော်မျက်နှာကို ကြည့်လိုက်သည်။ ဘုန်းကျော် အတည်ပြောနေခြင်းကို ရိပ်မိလိုက်သဖြင့် သူပါ အံကိုကြိတ်လိုက်ပြီး…

'အေး… သွားကြမယ်'

ဟု ပြောလိုက်ပြီးနောက် နှစ်ယောက်သား ဝင်းကျော်ဆိုင်သို့ ချီတက်လာခဲ့တော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

ထိုဆိုင်ကို ဝင်းကျော်ဆိုင်ဟု အဘယ့်ကြောင့် ခေါ်သနည်း။

အဖြေက ရှင်းပါသည်။ ဝင်းကျော်ဆိုသော ဝေတီ ဖွင့်ထားခြင်းကြောင့် ဝင်းကျော်ဆိုင်ဟု အလွယ်တကူခေါ်ဆိုရခြင်း ဖြစ်သည်။

ငှင်းဆိုင်တွင် မနက်ပိုင်း လက်ဖက်ရည်ရောင်းသည်။ နေ့ခင်းပိုင်းကျတော့ ထမင်း၊ ဟင်း၊ စားဖွယ်အကုန်ရသည်။ အဲ... ညနေပိုင်းကျတော့ ငှင်းအရာ နှစ်မျိုးစလုံးရောင်းသည်။ ပြောရလျှင် ရပ်ကွက်အတွင်း ဆိုင်ကြီး ဆိုင်ကောင်းစာရင်းဝင် ဆိုင်တစ်ဆိုင်ဖြစ်သည်။

ထိုဆိုင်ကို ဖွင့်ထားသော ဝင်းကျော်သည် ငယ်စဉ်ကတော့ သတိုးတို့နှင့် ခင်မင်သော သူငယ်ချင်းတစ်ဦးသာဖြစ်သည်။ နောက်မှ အလုပ်အကိုင်အပေါက်အလမ်း အဆင်ပြေသွားပြီး ဆိုင်ပိုင်နှင့်ဘာနှင့် ဖြစ်လာသောအခါ ဝေတီက မာန်တက်သွားပြီး သတိုးတို့ကို မခေါ်ချင်သလိုလို၊ မပြောချင်သလိုလို ဖြစ်သွားခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် သတိုးတို့လည်း ဝင်းကျော်ကို ချဉ်သွားခဲ့ပြီး မေးထူးခေါ်ပြောဝင် မလုပ်ဖြစ်ခဲ့တာ ကြာပြီဖြစ်၏။

ယခုတော့ ထိုချဉ်ဖတ်ဖြစ်နေသော ဝင်းကျော်ဆိုင်သို့ နှစ်ယောက်သား ခြင်းခံတစ်ပြားမှမပါဘဲ ခပ်တည်တည်ဖြင့် ရောက်လာခဲ့ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

ဆိုင်ထိုင်ပြီး ဘာမှမမှာရသေးခင်အချိန်တွင် သတိုးက…

'ဘုန်းကျော်… ငါတို့က ဟိုကောင်ဝင်းကျော်ကို ပိုက်ဆံမပါဘူးကွာ ဆိုပြီး အသနားခံပြောစားမလို့လား'

'အာ… မင်းကလည်း ဘာလို့အသနားခံရမှာလဲ၊ ခပ်တည်တည်နဲ့ စားပြီးမှ ပိုက်ဆံမပါဘူးကွာလို့ ပြောလိုက်ရင် ဒီကောင်ဘာလုပ်နိုင်မှာမို့လို့လဲ'

'ရှုံးတွေဘာတွေ ငါတို့ကို သွားတိုင်မယ်ဆိုရင်ကော ဘယ်လိုလုပ်ကြမလဲ'

'သွားတိုင်ပစေပေါ့၊ အေး… ဒီကောင်တကယ်လို့ ငါတို့ကို သွားတိုင်မယ်လို့ စကားဟတာနဲ့ ငါ ဒီကောင့်မျက်ခွက်ကို လက်သီးနဲ့ ပိတ်ထိုးမယ်'

ဘုန်းကျော်ဆိုကို သတိုးက အားရပါးရ ထောက်ခံဟန်ဖြင့် ခေါင်းညိတ်၍…

'ကောင်းတယ်၊ မင်းက ဒီကောင့်ကို ထိုး၊ ငါက မြီးညှောင့်ရိုးကို ပိတ်ကန်ပစ်မယ်'

ထိုသို့ အတိုင်အဖောက် လုပ်ပြီးသည့်နောက် သတိုးက စားပွဲထိုးလေးတွေကို ဟိန်းဟောက်နေသော ဝင်းကျော်အား လက်ခုပ်တီး၍…

'ဖြောင်း… ဖြောင်း… ဟေ့ကောင်ဝင်းကျော် ဒီကိုလာစမ်း'

ထိုသို့ ခပ်ရင့်ရင့်ခေါ်လိုက်သဖြင့် ဝင်းကျော်ခမျာကိုယ် ဆတ်ခနဲ တုန်သွားပြီး ယောင်၍…

'ဟုတ်ကဲ့… လာပါပြီဆရာ'

ပြန်ထူးပြီးမှ သူ့ကိုခေါ်သည့်လူမှာ သတိုးဖြစ်ကြောင်း သိရှိသွားသောအခါ မျက်နှာမှာ မည်းခနဲဖြစ်သွားတော့သည်။ သတိုးက ထပ်၍…



www.burmeseclassic.com

www.burmeseclassic.com



'အား… ဒီကောင် နားမပါဘူးလားမသိဘူး။ မင်းကိုခေါ်နေတာ… ဒီကို မြန်မြန်လာစမ်းပါ ဝက်မသားရ'

သတိုး… ဒီကောင့်ကို တမင်တကာနာမ်နှိမ်ပြီး ထိုသို့ခေါ်လိုက်ခြင်းတော့မဟုတ်ပါ။ ဒီကောင့်အမနာမည်ကိုက ဒေါ်ဝက်မဖြစ်ခြင်းကြောင့် ဝက်မသားဟု ခေါ်လိုက်တာပါ။

မှန်ကန်သည့် အကြောင်းအရာဖြစ်ပေမယ့် ဝင်းကျော်၏မျက်နှာမှာ ရဲခနဲပင် ဖြစ်သွားသည်။ ဒီထက် ဆက်ထိုင်နေပါက ရှိသမျှ ငယ်ကျိုးငယ်နာတွေ အကုန်ပေါ်တော့မည်ကို ရိပ်မိလိုက်ခြင်းကြောင့် ကောင်တာထက်တွင် ဖွဲ့ပွဲကြီး ထိုင်နေရာမှ အိပ္ပဲအိပ္ပဲဖြင့် သတိုးတို့ထံသို့ ဗိုက်ကြီးရှေ့ပစ်ကာ တလိမ့်လိမ့် လျှောက်လာသည်။

သတိုးတို့ အနားသို့ရောက်သောအခါ ဘုန်းကျော်က ဝင်းကျော်၏ သိသိသာသာ စူထွက်နေသောဗိုက်ကို စိုက်ကြည့်ပြီး အံ့အားသင့်သည့် လေသံဖြင့်…

'ဟေ့ကောင်… မင်းက ယောက်ျားကြီးတန်မဲ့ ကိုယ်ဝန်ဆောင်နေရတယ်ဟုတ်လား'

'ဘာ… ဘာပြောတယ်'

'ကိုယ်ဝန်လေ… ကိုယ်ဝန်၊ ဘာလဲ သားသားလေးလား… မီးမီးလေးလား'

'ဘာကွ… ဟေ့ကောင်ဘုန်းကျော် မင်း စကားပြောတာ ကြည့်ပြောနော်… ဟွန်း'

'အာ… မင်းဗိုက်ကို ဒီလောက်သေချာကြည့်ပြီး ပြောနေတာကို'

'အဲဒါကို ပြောတာမဟုတ်ဘူးကွ၊ ငါက ယောက်ျားကြီးတန်မဲ့ ဗိုက်ကြီးရတာလား… ဟွန်း'

www.burmeseclassic.com



'အေးလေ... ငါလည်း အဲဒါကိုပဲ အံ့ဩနေတာ'

'အာ... ဒီကောင်ကွာ၊ မင်း မသိလည်း မှတ်ထား၊ ဒီဗိုက်က အကောင်းစား အစားအသောက်တွေ စားလွန်းလို့ ဒီလိုဆူဖြိုးနေတာကွ... ဟွန်း'

ထိုစကားကို ဝင်းကျော်က သူ့ဗိုက်ပူကြီးကို ရှေ့ကော့ပြီး အားရပါးရ ပြောလိုက်တာပါ။ ဒါပေမဲ့ ဘုန်းကျော်က နားလည်သလိုလိုနှင့် ခေါင်း တဆတ်ဆတ်ညိတ်ပြီး...

'လက်စသတ်တော့ မင်းက ငါတို့ကို ရှက်နေတာကိုး'

ဟု ပြောလိုက်ရာ ဝင်းကျော်၏မျက်နှာကြီး မည်းခနဲဖြစ်သွားပြီး ဒီကောင်တွေ လာရင်းအကြောင်းကို မြန်မြန်မေးပြီး မြန်မြန်ပြန်လွှတ်မှဟု ခပ်မြန်မြန်တွေးပြီး...

'နေပါဦး... မင်းတို့က ငါ့ဆီကို ဘာကိစ္စနဲ့ လာတာလဲ'

ထိုသို့မေးလိုက်ရာ သတိုးက ခုံကိုလက်ဖြင့် ဝုန်းခနဲပုတ်လိုက်ပြီး...

'ဝင်းကျော်... မင်းဟာလေ... ခုချိန်ထိ တုံးတုန်းပါပဲလား၊ ငါတို့က မင်းဆီကို ဘာကိစ္စ လာရမှာလဲ၊ ငါတို့လာတာ ဒီဆိုင်မှာ စားဖို့သောက်ဖို့ လာတာ ရှင်းလား'

'ဟင်... မင်းတို့က...'

'သိပ်မှန်တာပေါ့ကွာ... ဟင်း... ဟင်း...'

ဝင်းကျော် ယုံကြည်ဟန်တစ်စက်ကလေးမှ မရှိပါ။ ဒီကောင်တွေ ဘယ်အခြေအနေထိ မွဲတေနေသလဲဆိုတာကို သူသိသည်ကိုး။

'ဟော့ကောင်တွေ... လာပြီးတော့ မနောက်နဲ့နော်'

'အောင်မာ... ငါတို့ရုပ်တွေက နောက်နေတဲ့ရုပ်တွေ ဖြစ်နေလို့လား'



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဖြစ်မနေပါ။ အစုန်တာကယ်စားမယ်ဝါးမယ်ဆိုသည့် ရုပ်တွေသာ ဗီဗီပြင်ပြင် ပေါက်နေပါသည်။ ထို့ကြောင့် ဝင်းကျော်သက်ပြင်းချ၍…

'ကောင်းပြီလေ၊ စားပေါ့။ ဒါပေမဲ့ စားပြီးသောက်ပြီးမှ ပိုက်ဆံမရှင်းနိုင်ဘူးဆိုလို့ကတော့ ငါ့အဆိုး မဆိုနဲ့နော်'

ထိုသို့ ဝင်းကျော် ယတိပြတ်ပြော၍ သတိုးတို့အနားမှ ထွက်လာပြီး စားပွဲထိုးလေးတစ်ယောက်ကို လွှတ်လိုက်သည်။

ထိုစားပွဲထိုးကလေးကို သတိုးတို့က ဆိုင်ရှိအကောင်းဆုံး အစားအသောက်များကို ပိုးစိုးပက်စက်ပင် မှာလိုက်သည်။ ထိုအစားအသောက်တွေရောက်လာသောအခါ နှစ်ယောက်သား စားလိုက်သည်မှာ ဝေသာလီကိုဘီလူးတွေ ဝင်စီးတုန်းကတောင် သူတို့ထက် ဣန္ဒြေရသေးသည်။

စား၍သောက်၍ ပြီးသွားသောအခါ အအေးတစ်ယောက်တစ်လုံးစီသောက်၍ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

သဘောကတော့ ငါတို့ အခုဘာဆက်လုပ်ကြမှာလဲဆိုသည့်သဘော။

မစားမသောက်ခင်အချိန်က ဗိုက်ဆာဆာနှင့် ဒေါပွကာ ဆုံးဖြတ်ချက်တွေ ချခဲ့ကြသော်လည်း ခုလို ဗိုက်ပြည့်သွားသောအခါ လူက သွေးအေးသွားပြီ၊ သွေးအေးသွားခြင်းကြောင့် ခေါင်းအေးအေးထားကာ စဉ်းစားတတ်လာပြီ၊ ရှက်တတ်လာပြီ ဖြစ်သည်။

ထို့ကြောင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ တွေတွေဆဆ ဖြစ်လာကြသည်။ သတိုးက အရင်သက်ပြင်းချ၍…

'ငါတို့ ဘယ်လိုဆက်လုပ်ကြမှာလဲ ဘုန်းကျော်'

ဘုန်းကျော် ခေါင်းခါပြသည်။ သတိုးက ဆက်၍…

'ငါတို့ ဝင်းကျော်ကို ပိုက်ဆံမပါတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပြောပြီး အကြွေးထားခဲ့ရင် ကောင်းမလား'



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းရကျော်က လက်မခံ ခေါင်းခါ၍...

'မဖြစ်ဘူးထင်တယ်၊ ဒီကောင်ပြောသွားတာကို မင်းလည်း ကြားသားပဲဟာ'

နှစ်ယောက်စလုံး ပြိုင်တူသက်ပြင်းချမိ၏။

ခုနက စားထားသမျှကို ပြန်အန်ထုတ်ပစ်လိုက်ချင်သည့် စိတ်ပင် ပေါက်လာမိသည်။ ဒီလိုအန်ထုတ်ပြီး ပြန်ပေးပါကလည်း ဝင်းကျော်မပြော နှင့် ခွေးပင်စားမည်မဟုတ်။ ထို့ကြောင့် နှစ်ယောက်သား စိတ်အိုက်လာမိပြီး အအေးကိုသာ ဖိ၍သောက်နေမိသည်။ ထိုအချိန်တွင်...

'ဝုန်း... အစ်... အစ်'

ဘေးဝိုင်းမှ လူတစ်ယောက် စားသောက်နေရင်းမှပင် လဲသွားပြီး ခြေလက်တွေ အကြောဆွဲနေတာပါ။ ထို့ကြောင့် အားလုံးသတိထားမိသွားပြီး ဝိုင်းအုံကြည့်၍ တစ်ယောက်တစ်ပေါက် ပြောကြတော့သည်။

'ဝက်ရူးပြန်တာ ထင်တယ်နော်'

'သူငယ်နာနဲ့ တူတယ်ကွ'

'မဟုတ်လောက်ဘူးနော်၊ အစားအသောက်တွေထဲမှာ သူနဲ့မတည့်တဲ့ အဆိပ်အတောက်တွေ ပါလို့ထင်တယ်'

'ဟင်... ဟုတ်လား၊ ဒါဆို ငါတို့ရော စားထားမိပြီ၊ ဒုက္ခပါပဲ'

ထိုသို့ ကိုယ့်ဘာသာကိုယ် ထင်မြင်ချက်ပေးပြီး ကိုယ့်ဘာသာကိုယ် အမှန်ဟု ထင်သွားသူများမှာ လက်ထိုးပြီး ပြန်အန်ကြသူကအန်၊ ဆိုင်ရှင် ဖြစ်သော ဝင်းကျော်ကို ပြဿနာရှာသူက ရှာဖြင့် ပွက်လောရိုက်ကုန် တော့၏။

ထို့ကြောင့် ဝင်းကျော်မှာလည်း အလန့်တကြားဖြင့် အတင်းဘူးခံငြင်း။ ဟိုဆန့်ငင်ဆန့်ငင် ဖြစ်နေသူကလည်း ခုချိန်ထိ ပေ၍ကောင်းတုန်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တစ်ဆိုင်လုံး ကမ္ဘာပျက်နေကြသည့်အချိန်တွင် ကျယ်လောင်၍ အမိန့်ပေးသံဆန်သော အသံတစ်သံ ထွက်ပေါ်လာ၏။

'အားလုံးတော်ကြစမ်း၊ ဘာလို့ဒီလောက် ယောက်ယက်ခတ်နေကြတာလဲ'

ထိုအသံကြောင့် လူများ တိခနဲတိတ်သွားပြီး ပြောသူကို မျက်လုံးပြူး၍ ကြည့်လိုက်ကြသည်။ ထိုသူကတော့ ဘုန်းကျော်ပါ။ ရုပ်တည်ကြီးဖြင့်...

'ဒီလူက လေဖြတ်နေတာဗျ။ ခင်ဗျားတို့ ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး'

ထိုသို့ပြောပြီး ထိုလူ့ထံသွား၍ လက်ကောက်ဝတ်ကို အသာကိုင်ရင်း ခေါင်းတစ်ချက်ညိတ်ကာ ဝင်းကျော်အား...

'ဟိုကောင် ဝက်မသား... အပ်တစ်ချောင်း မြန်မြန်သွားယူစမ်း'

'ဟင်... ဘာလို့လဲ'

'ဒီလူကို ပြန်ကောင်းလာအောင် ကုပေးမလို့ကွ၊ အရေးထဲမှာ ဝက်မသားကလည်း လျှာရှည်နေသေးတယ်... ဟင်း'

ဟု ပြောလိုက်သဖြင့် ဝင်းကျော်မှာ သူ့အား ဝက်မသားဟု အပြောခံနေသော်လည်း မနာနိုင်အားတော့ဘဲ အားတက်သရောဖြင့် ဘုန်းကျော်အား အပ်ကလေးတစ်ချောင်း အမြန်ယူလာပေးသည်။

ထိုအခါ သတိုးကပါ ဘုန်းကျော်အနားရောက်လာပြီး တီးတိုးလေသံဖြင့်...

'ဘုန်းကျော်... ခင်း ဘာတွေလျှောက်လုပ်မလို့လဲ'

'လျှောက်လုပ်မလို့ မဟုတ်ဘူးကွ၊ ခုမှလေဖြတ်တဲ့လူရဲ့ လက်ထိပ်ခြေထိပ်တွေကို အပ်နဲ့ဖောက်ပြီး သွေးတစ်စက်နှစ်စက်လောက် ညှစ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရင် ချက်ချင်းပြန်ကောင်းသွားနိုင်တယ်လို့ ငါ ကျမ်းမာရေးစာစောင်တွေ ထဲမှာ ဖတ်ဖူးတယ်ကွ၊ ဒါကြောင့် အခုစမ်းကြည့်မလို့ လုပ်နေတာ'

'ဪ… ဒီလိုလား'

သတိုး သဘောပေါက်သွားသည်။

ထို့နောက် နှစ်ယောက်သား အမှန်တကယ်ပင် ထိုသူကို တက်ညီ လက်ညီဖြင့် ဝိုင်းဖောက်ကြသည်။

ခဏကြာတော့ ထိုလူမှာ ဟင်းခနဲသက်ပြင်းချ၍ သူ့ကိုယ်သူ ဘာဖြစ် လို့ ဘာဖြစ်သွားမှန်းလည်း သိရှိပုံမရ။ ဝိုင်းကြည့်နေသော လူများအား ကြောင်တိကြောင်တောင်ပုံစံဖြင့်သာ လိုက်၍ကြည့်နေ၏။

ထိုအခါ လူများက သူ လေဖြတ်သွားသဖြင့် ဘုန်းကျော်တို့နှစ် ယောက်က ကုသပေးလိုက်သဖြင့် ပြန်၍ကောင်းသွားခြင်းဖြစ်ကြောင်းကို ဝိုင်းပြောလိုက်မှ သဘောပေါက်နားလည်သွားပြီး ကျေးဇူးတွေအထပ်ထပ် တင်ကာ ဆရာတွေဘာတွေ ထခေါ်ပါတော့သည်။

'ကျေးဇူးတင်ပါတယ် ဆရာတို့ရယ်၊ ကျေးဇူးတင်ပါတယ်'

တစ်သက်လုံး ဆရာတစ်ခါမှ အခေါ်မခံရဖူးသဖြင့် နှစ်ယောက်သား ရှိုးတို့ရှန့်တန့် ဖြစ်သွားကြပြီး သတိုးက ဘုန်းကျော်အား လက်ညှိုးထိုး၍…

'အဲလိုကြီး မခေါ်ပါနဲ့ဗျ၊ ကျုပ်က ဘာမှသိတာမဟုတ်ဘူး။ သူက သာသိလို့ ခင်ဗျားကို ကုပေးလိုက်တာ'

ထိုအခါ ထိုလူက ဘုန်းကျော်အား ဦးတည်၍…

'ကျေးဇူးတင်ပါတယ် ဆရာ၊ ကျေးဇူးတင်ပါတယ်'

ဘုန်းကျော် မနေတတ်မထိုင်တတ်ဟန်ဖြင့်…

'အဟား… ရပါတယ်၊ ရပါတယ်'

ထိုလူက ဘုန်းကျော်တို့ဝိုင်းမှာပင် ဝင်ထိုင်၍ ခရေ ယလေသံ ဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်... ဆရာတို့စားထားသမျှတွေကို ရှင်းပါရစေနော်'

ထိုသို့ပြောလိုက်ခြင်းကြောင့် နှစ်ယောက်သားမျက်လုံးတို့ ဝမ်းသာမှုကြောင့် အရောင်တောက်ခနဲပင် ဖြစ်သွားသည်။ မူပင် မမူနိုင်တော့ဘဲ...

'ဟာ... အားနာစရာကြီးဗျာ'

'အားနာစရာမဟုတ်တာ ဆရာရယ်၊ ကျွန်တော်က ဒီထက်မက ကျေးဇူးဆပ်ရဦးမှာပါ'

'အဟင်း... ထားလိုက်ပါတော့... ထားလိုက်ပါတော့'

ထို့ကြောင့် ခုနကစားပြီးသောက်ပြီး မရှုနိုင်မကယ်နိုင်ဖြစ်နေသော နှစ်ယောက်သားမှာ ခုမှ ဟင်းချ၍ နေထိပန်းလို ရှင်လန်း၍ လာလေတော့သည်။

ထိုအခါ နဂိုကပင် ပွဲစားဖြစ်သော သတိုးမှာ ပွဲစားတို့၏ထုံးစံအတိုင်း ဟုတ်ဟုတ် မဟုတ်ဟုတ် ကိုယ့်ကောင်ကို လူအထင်ကြီးအောင် ထိုလူအား ဘုန်းကျော် တော်ကြောင်းတတ်ကြောင်းတွေ အပီအပြင်ကို တော်ကီလွှတ်တော့သည်။

'အဟမ်း... အဟမ်း ဒီကနောင်ကြီးနာမည်က ဘယ်သူ...'

'အောင်မြင့်ပါခင်ဗျ'

'သြော်... ဟုတ်ပြီကိုအောင်မြင့်ရေ... ခင်ဗျားတော့ ကျုပ်သူငယ်ချင်းနဲ့တွေ့တာ တကယ့်ကို ကံကောင်းသွားတာဗျ... ဟင်း ဟင်း'

'ဟုတ်ကဲ့ခင်ဗျ... ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်'

'ထင်ရမယ်လေ... ထင်ရမှာပေါ့၊ ကျုပ်သူငယ်ချင်းက ခင်ဗျားလို အွားလေဖြတ်တာလောက်ကိုမပြောနဲ့ မွေးရာပါလေဖြတ်နေတဲ့လူကိုတောင် ဆေါက်ခနဲလမ်းထလျှောက်နိုင်အောင် ပြန်ကုပေးနိုင်တဲ့လူဗျ'

ထိုအခါ ကိုအောင်မြင့်မှာ အူတူတူပုံစံဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ ဆရာ... မွေးရာပါလေဖြတ်တဲ့လူဆိုတာ ရှိလို့လား ဟင်'

သတိုးမှာ မိမိစကား over ဖြစ်သွားပြီကို သတိထားမိသွားသော်လည်း...

'အင်း... ခင်ဗျားမကြားဖူးတာပဲ ဖြစ်မှာပါ။ ရှိတော့ရှိတယ်၊ ဒါပေမဲ့ ရှားတယ်ပေါ့ဗျာ'

'ဩော်... ဟုတ်ကဲ့'

'ဟင်း... ဟင်း ကျုပ်သူငယ်ချင်းက လေနဲ့ပတ်သက်လာရင် အတွင်းလေ၊ အပြင်လေ၊ အတွင်းမရောက်အပြင်မရောက်လေတွေ အကုန်လုံးကို ပိုးစိုးပက်စက်ကို နိုင်တာဗျ'

ထိုအခါ ကိုအောင်မြင့်၏မျက်နှာမှာ ဝင်းခနဲဖြစ်သွားပြီ...

'ဟိုလေဆရာ... ဒါဆို အောက်ပိုင်းလေဖြတ်နေတာကိုရော ကုနိုင်လားဟင်'

'ဘာ... အောက်ပိုင်းတင်မဟုတ်ဘူး၊ တစ်ကိုယ်လုံးပါ ဖြတ်နေဦး ကျုပ်သူငယ်ချင်းက အေးဆေးပဲ... ဟင်း... ဟင်း'

ကိုအောင်မြင့်မှာ ဝမ်းသာအားရပုံစံဖြင့် ဘုန်းကျော်အား လှမ်းကြည့်ပြီး...

'သူပြောတာ ဟုတ်လားဟင် ဆရာ'

ကိုယ့်ကောင်က ဒီလောက်ထိစွတ်ပြီး 'တင်ထားတော့ ဘုန်းကျော်လည်း မနေသာတော့ဘဲ ခေါင်းညိတ်၍...

'အင်း... ဟုတ်တယ်'

'ဟာ... ဒါ... ဒါဆို ကျွန်တော့်ကို ကူညီပါဦးဆရာ'

'ဘာကိုလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်အဖေက အောက်ပိုင်းလေဖြတ်နေတာ ကြာပါပြီ၊ အဲဒါကို လိုက်ကုပေးပါ ဆရာရယ်… နော်… နော်'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဘုန်းကျော် ခေါင်းကြီးသွားသည်။

'ဘယ်… ဘယ်လို'

'ဒီလိုပါဆရာ၊ ကျွန်တော့်အဖေက လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ကားအက်စီးဒင့်ဖြစ်ပြီး အောက်ပိုင်းသေသွားပါတယ်ဆရာ။ အဲဒါ ဆရာ အိမ်ကိုလိုက်ပြီး ကုပေးပါနော်'

ဘုန်းကျော် ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်မိသည်။ နေရင်းထိုင်ရင်း ကိုယ့်စကားနဲ့ကိုယ် အပေါက်ကျဉ်းနဲ့မိပြီလေ။ ပါးစပ်အားအားယားယား တော်ကီတွေလျှောက်ပစ်လိုက်သော ဟိုကောင်သတိုးကို ဘုကြည့်ကြည့်တော့ ငတိက မျက်နှာငယ်လေးနှင့် ပေကာလပ်ပေကာလပ်လုပ်နေသည်။

ကိုယ်သိတဲ့ အပ်စိုက်တဲ့ကိစ္စကလည်း ခုချက်ချင်းဖြစ်တဲ့လူမှ ထပြီးသုပ်လို့ရတာ။ ခု သူ့အဖေက အောက်ပိုင်းသေတာ သုံးနှစ်တောင်ရှိပြီဆိုတော့ ဘယ်လိုလုပ် ဒီလိုကုလို့ရတော့မှာလဲ။

ထိုသို့ တောင်တောင်အီအီ လျှောက်တွေးရင်း ဘုန်းကျော် တစ်စုံတစ်ခုကို သွားစဉ်းစားမိလိုက်ပြီး ပျော်သွားသည်။ ဒါပေမဲ့ ထိုအပျော်ကို ခုံးဖိဖိလုပ်၍ ကိုအောင်မြင့်ကို စိတ်မကောင်းပါဘူးဆိုသည့်ရုပ်ဖြင့်…

'အင်း… စိတ်တော့မကောင်းပါဘူး ကိုအောင်မြင့်ရာ'

'ဘာ… ဘာဖြစ်လို့လဲဟင် ဆရာ'

'ဒီလိုဗျ၊ ကျွန်တော်က လေဖြတ်တဲ့လူကိုပဲ ပြန်ကောင်းအောင် လုပ်ပေးတတ်တာ၊ ခုဟာ ကိုအောင်မြင့်အဖေက လေဖြတ်တာမှ မဟုတ်ဘဲ အက်စီးဒင့်ဖြစ်ပြီး အောက်ပိုင်းသေသွားတာဆိုတော့ ကျွန်တော်ကုရင် ဘယ်အဆင်ပြေနိုင်ပါတော့မလဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဘုန်းကျော်က သက်ပြင်းတချချဖြင့် ပြောလိုက်သော်လည်း ကိုအောင်မြင့်က ခေါင်းတခါခါဖြင့်...

'မဟုတ်ဘူး၊ ဆရာထင်သလိုမဟုတ်ပါဘူး၊ ကျွန်တော့်အဖေက ဘာယာဉ်တိုက်မှုကြောင့်မှ ဖြစ်တာမဟုတ်ပါဘူး။ သူ့မျက်စိရှေ့မှာ လမ်းဘေးက ခွေးဝဲစားတစ်ကောင် ကားနဲ့အတိုက်ခံရပြီး အောက်ပိုင်းတရွတ်တိုက် ဆွဲသွားတာကို ရုတ်တရက်မြင်လိုက်ရလို့ လန့်ပြီး သူပါအောက်ပိုင်းသေသွားတာပါဆရာ။ ဒါကြောင့် ဆရာကုရင် ပြန်အဆင်ပြေနိုင်မှာပါ'

ဘုန်းကျော်နှင့် သတိုးတို့ မျက်စိတွေ လည်ကုန်ကြသည်။ ဘယ့်နှယ် ခွေးက သူ့ဘာသူသူ ကားတိုက်ခံရပြီး ဖင်တရွတ်ဆွဲသွားတာကို သူက မဆီမဆိုင် အောက်ပိုင်းထသေရတယ်လို့... ကြံကြီးစည်ရာ။ ထို့ကြောင့် သတိုးက...

'ခင်ဗျားဟာက ဟုတ်ရောဟုတ်ရဲ့လားဗျာ'

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်အဖေက အသည်းအရမ်းငယ်တတ်လို့ပါ'

နှစ်ယောက်သား ပြိုင်တူလိုလို သက်ပြင်းချမိသည်။ ဘယ့်နှယ်ဟာကြီးလဲပေါ့။ ထို့ကြောင့် ဘုန်းကျော်လည်း စိတ်ရှုပ်ရှုပ်ဖြင့် အမှန်အတိုင်းပြောရန် ပါးစပ်ပြင်လိုက်စဉ်အချိန်တွင် သတိုးက ကပျာကယာဝင်၍...

'ဒါဆိုလည်း ကျွန်တော်တို့ ကိုအောင်မြင့်အဖေကို လိုက်ကြည့်ပေးပါ့မယ်'

'ဟာ... ဝမ်းသာလိုက်တာ ဆရာတို့ရယ်'

'ဒါပေမဲ့ ဟိုလေ... ကျွန်တော်တို့ အိမ်ပြန်ပြီး ဆေး...ဆေးအိတ် ဝင်ယူရဦးမယ်၊ အဲဒါ...'

'ယူပါဆရာ... ယူပါ၊ ကျွန်တော့်မှာ ကားပါ ပါတယ်၊ ကျွန်တော့် ကားနဲ့ ဆရာတို့အိမ်ကို သွားကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် နှစ်ယောက်သား ကိုအောင်မြင့်ကားဖြင့်ပင် အခန့်သား ထိုက်ပါလာခဲ့သည်။ အိမ်ရှေ့သို့ရောက်သောအခါ ကိုအောင်မြင့်ကို ထားခဲ့၍ အထဲသို့ ရောက်သောအခါ ဘုန်းကျော်က ပေါက်ကွဲသည့်လေသံဖြင့်…

'ဟေ့ကောင်သတိုး… ဒါ မင်း ငါ့ကို တမင်သက်သက်ကြပ်တာ ဆပါလေ'

'မဟုတ်တာပဲ သူငယ်ချင်းရာ၊ ငါက မင်းကို ဓိကုတ်ပြီး နတ်ပြည် ထို တင်ပေးလိုက်တာပါကွ… ဟင်း… ဟင်း'

'ဟေ့ကောင် ငါ့ကို ပေါက်ကရတွေ လာပြောမနေနဲ့၊ ဘာနတ်ပြည် လဲ၊ အဲဒါ ငရဲပြည်ကွ… ငရဲပြည်… ဟွန်း'

'ဘုန်းကျော်… မင်းက တကယ်ပိန်းတဲ့ကောင်ပဲ၊ ခု ကိုအောင်မြင့်က မင်းကို တကယ့်ဆေးဆရာလို့ ထင်နေတာမဟုတ်လား'

'ထင်မှာပေါ့၊ မင်းက ပေါက်ကရတွေ လျှောက်ပြောထားတာကိုး'

'ဒါတော့ ပွဲစားပါးစပ်ကိုးကွ၊ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောနေကျ ဆိုတော့ အကျင့်ပါနေတာ။ အဟီး… အဲဒါက ငါတို့နှစ်ယောက်အတွက် ရှင်းထိုင်ရင်း ခွင်ဖြစ်သွားပြီကွ… ဟင်း… ဟင်း…'

'သတိုး… မင်း ငါ့ကို ဘာတွေလာပြောနေတာလဲ၊ ဘာခွင်လဲ'

'ဒီလိုလေကွာ၊ ငါတို့ ဖောရှောနဲ့ ဟိုကိုလိုက်သွားပြီး ဟိုကိုရောက် ရင် မင်းက အဘိုးကြီးကို ဆေးကုမယ်ဆိုပြီးတော့ အခန်းထဲမှာနေခဲ့။ ငါက ကျန်တဲ့လူတွေကို အပြင်ပထုတ်သွားမယ်။ မင်းက ခဏနေမှ အပြင် ကို ပြန်ထွက်လာပြီး ရောဂါက ကျွမ်းနေပြီမို့ ကုလို့မရတော့ဘူး ဘာညာနဲ့ ပြောလိုက်။ ဒါဆိုရင် ပွဲကပြီးပြီ၊ ဟင်း… ဟင်း'

ဘုန်းကျော် ခေါင်းကုတ်၍…

'မင်းဟာကလည်း ရှုပ်လိုက်တာကွာ၊ ခုကတည်းက မကုနိုင်ဘူးလို့ ပြောလိုက်ရင် ပြီးရောဟာကို'



www.burmeseclassic.com

www.burmeseclassic.com



'အာ... အဲဒီလိုပြောလိုက်ရင် ပိုက်ဆံဘယ်ရတော့မှာလဲကွ'

'ဘယ်လို... ဘယ်လို... ဘယ်ကပိုက်ဆံလဲ'

'ဒီလိုလေကွာ၊ လူတစ်ယောက်က ရောဂါဖြစ်လာလို့ ဆရာဝန်ကို ပင့်ရင် သူ့ရောဂါပျောက်သည်ဖြစ်စေ၊ မပျောက်သည်ဖြစ်စေ ဆရာဝန်ကို ခြေကြွခတော့ ပေးရမှာပဲလေ၊ ဒီတော့ မင်းလည်း နေရင်းထိုင်ရင်း ခြေကြွခ ပိုက်ဆံ ရမှာပေါ့ကွ... ဟီး... ဟီး'

ဘုန်းကျော် သဘောပေါက်သွားသည်။ ပြီးတော့ သဘောလည်း ကျသွားသည်။ ဟုတ်တယ်လေ၊ တစ်သက်လုံး ကိုယ်တွေ ခြေတိုအောင် ဘယ်လောက်လျှောက်လျှောက် ပိုက်ဆံတစ်ပြားမှ မရခဲ့တဲ့ဟာ၊ ခုမှ ခြေကြွခ တွေ ဘာတွေ ရမယ်ဆိုတော့ ကြိုက်သည်ပေါ့။

'အေးကွာ... ဒါဆိုလည်း ချမယ်'

'ဒီလိုမှပေါ့ကွ... ဟား... ဟား'

'ဒါနဲ့ မင်းက ဆေးအိတ်လာယူတာဆိုပြီးတော့ အကြောင်းပြထား တော့ ငါတို့ အိတ်တစ်အိတ်တော့ ယူမှဖြစ်မယ်။ အဲဒါဘယ်အိတ်ယူရမှာလဲ'

'ဟ... တစ်ခန်းလုံးမှာ တစ်အိတ်ပဲရှိတဲ့ မင်းရဲ့လက်သမားအိတ်ကြီး ယူခဲ့ရုံပေါ့ကွ'

ထိုသို့ပြောပြီး သတိုး တွေးတွေးဆဆဟန်ဖြင့်...

'ဟာ... နေဦးကွ၊ ငါတို့က ခု သူများအိမ်ကြီးအိမ်ကောင်းကို လူကြီးလူကောင်းအဖြစ်နဲ့ သွားမှာဆိုတော့ အဝတ်အစားလေးဘာလေး လဲ သွားဖို့တော့ လိုမယ်နော်'

'အေးကွ... ဒါတော့ ဟုတ်တယ်'

ရွှေဉာဏ်ရှင်သတိုး မေးစိကို ပွတ်၍...

'အင်း... အဝတ်အစားကလည်း ငါတို့ကိုယ်ပေါ်မှာ ဝတ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ရှိတာယ်ဆိုတော့… ဒီလိုလုပ်ကွာ ငါ့အဝတ်အစားကို မင်းဝတ်လိုက်၊ မင်းအဝတ်အစားကို ငါဝတ်လိုက်မယ်။ ဒါဆိုရင် ငါတို့ အဝတ်အစားလဲပြီးသလို ဖြစ်သွားတာပေါ့ ဟုတ်ဘူးလား'

ထိုအဆိုကို ဘုန်းကျော် အပြည့်အဝ ထောက်ခံပစ်လိုက်သည်။

'အေး… ကောင်းတယ်'

ထို့နောက်တော့ နှစ်ယောက်သား စောင်ပတ်ပြီး အဝတ်အစားလဲလိုက်ကြသည်။ ထိုသို့အဝတ်အစားလဲပြီးနောက်…

လက်သမားအိတ်ကြီးဆွဲကာ ကော့ကော့ ကော့ကော့ဖြင့် ထွက်လာခဲ့တော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ကိုအောင်မြင့်အိမ်သို့ ရောက်သောအခါ အိမ်၏အခြေအနေကိုကြည့်ပြီး ကိုယ်တွေထင်ထားတာထက် ပို၍ပြည့်စုံသော လူတန်းစားမှန်း ရိပ်မိလိုက်ကြသည်။

'ကြွပါဆရာတို့… ကြွပါ'

'အင်း… အင်း… ကြွတာပေါ့'

ဒီလိုတိုက်ကြီးတာကြီးနှင့် အိမ်ကြီးအိမ်ကောင်းမျိုးသို့ ဘုန်းကျော်နှင့်သတိုးတို့ တစ်ကြိမ်တစ်ခါမှ ခြေမချဖူးပါ။ ပုံမှန်အားဖြင့် လူတို့သည် ကိုယ်နှင့် အခြေအနေချင်း ကွာခြားပြီး မအပ်စပ်လေ့ရှိသော နေရာဒေသသို့ ရောက်ပြီဆိုလျှင် ကျီးကြည့်ကြောင်ကြည့်ဖြင့် မျက်လုံးလေး ပေကလပ်ပေကလပ်ဖြစ်ကာ မနေတတ်မထိုင်တတ်ဖြစ်ရမည်မှာ ဓမ္မတာပင်။ သို့သော် ဒီနှစ်ကောင်ကတော့ ထိုသို့သော လူစားမျိုးများ မဟုတ်ကြသဖြင့် ကိုယ်ပိုင်သော ကုမ္ပဏီကို လာရောက်စစ်ဆေးသော ကုမ္ပဏီပိုင်ရှင်တွေအသွင်မျိုး မာန်တက်နေသောရုပ်နှင့် အဆင်ပြေပြေ ရှိနေကြသည်။

ကိုအောင်မြင့်က သူ့အိမ်သားတွေနှင့် မိတ်ဆက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါက ကျွန်တော့်မိန်းမ မခင်သစ်ပါ'

သတိုး ခေါင်းတဆတ်ဆတ်ညိတ်၍ မခင်သစ်အားကြည့်ပြီး…

'အင်း… ဒီထက်နည်းနည်းလေး အသီချလိုက်ရင် အိန္ဒြာကျော့ခင်ကို တောင် သနားတယ်လို့ ပြောလို့ရတဲ့ အနေအထားကို ရောက်သွားမှာပဲဗျ'

မခင်သစ် သဘောခွေ့သွားပြီး ခစ်… ခစ် ဟု အရင်ရယ်သည်။ ပြီးတော့ ချက်ချင်းပင် သတိုးကို ကြည့်ညိုမိသွား၏။ အမှန်တော့ သူမခန္ဓာ ကိုယ်က စည်ပိုင်းလိုလို၊ ရာဝင်အိုးလိုလို ခန္ဓာကိုယ်မျိုးပါ။ ကိုအောင်မြင့်က ထပ်၍…

'ဒါက ကျွန်တော့်ညီမလေး ချိုသွေးပါ'

'ဘယ်လို… ဂျိုသွေး ဟုတ်လား၊ နာမည်ကြီးကလည်း မနိပ်လိုက် တာ'

'ချိုသွေးရှင့် ချိုသွေး… ဂျိုသွေးမဟုတ်ဘူး'

'ဪ… ဒီလိုဆိုတော့လည်း လှသားပဲ'

'ဘာပြောတယ်'

'နာမည်ကိုပြောတာပါ… ဟင်း ဟင်း'

အမှန်တော့ လူက နာမည်ထက် အဆပေါင်းများစွာ လှပါသည်။ ကိုအောင်မြင့်က…

'ဒီကဆရာတွေက အဖေ့ရောဂါကို ကုပေးဖို့ ငါပင့်လာတာဟ'

ထိုအခါ မခင်သစ်နှင့် ချိုသွေးတို့ အံ့အားသင့်သွားပြီး မခင်သစ် က…

'ဟင်… ဟုတ်လား၊ ဆရာတွေက ငယ်ငယ်လေးတွေနော်'

သတိုးက ရင်ကိုကော့၍…

'လူက ငယ်ပေမယ့် ဟိုဟာက မငယ်ပါဘူးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ဘာလဲဟင်'

'ဪ… ပညာကို ပြောတာပါ'

ထိုသို့ပြောလိုက်မှ မခင်သစ် အလုံးကြီးကျသွားဟန်ဖြင့် ဟင်းခနဲ သက်ပြင်းချပြီး…

'ကုမ္ဘာက ဆရာလားဟင်'

သတုး ခေါင်းကိုအရင်ခါပြီး ခုထိစကားတစ်လုံးမှ ဝင်၍ မပြောသေးဘဲ ဟိတ်ဟန်ဖြင့် တောင်ကြည့်မြောက်ကြည့်လုပ်နေသော ဘုန်းကျော်ဘက်သို့ မေးငေါ့ပြပြီး…

'မဟုတ်ဘူး… သူ'

'ဪ…'

ချိုသွေးက ဘုန်းကျော်၏ အိတ်စုတ်ကြီးကို စိုက်ကြည့်ပြီး စူးစမ်းဟန်ဖြင့်…

'အဲဒီအိတ်ထဲက ဘာတွေလဲဟင်'

'မင်းက ဘာလုပ်ဖို့မေးတာလဲ'

ချိုသွေး အိုးတို့အမ်းတန်း ဖြစ်သွားပြီး ပါးစပ်ပိတ်သွား၏။ ကိုအောင်မြင့်က ဝင်၍…

'ဆရာ… ဘျွန်တော့်အဖေက အပေါ်ထပ်မှာပါ'

'ဪ… ဒါဆိုလည်း သွားကြတာပေါ့'

ထိုသို့ဖြင့် အားလုံးအပေါ်ထပ်ရှိ အခန်းတစ်ခန်းသို့ ရောက်လာခဲ့ကြသည်။ ထိုအခန်းထဲရှိ ခုတင်ပေါ်တွင် ဆန့်ဆန့်ကြီးလဲနေသော အဘိုးကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုအဘိုးကြီး၏ပုံစံမှာ တစ်လောကလုံးကို လက်မြှောက်အရှုံးပေးထားသည့်ရုပ် ပေါက်နေ၏။ ကိုအောင်မြင့်က ထိုအဘိုးကြီးနားကပ်၍…



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ… ဒီမှာ ဖေဖေ့ခြေထောက်တွေကို ပြန်ကောင်းအောင် ကုပေးမို့ သား ဆရာတစ်ယောက်ကို ခေါ်လာတယ်'

အဘိုးကြီး မျက်ဝန်းကျကျတွေဖြင့် ကိုအောင်မြင့်ကိုကြည့်ပြီး…

'မင်း ငါ့ဆီကို ဒီလိုဆရာတွေခေါ်လာတာ ဘယ်နှစ်ယောက်တောင်ရှိနေပြီလဲ'

'ဟိုလေ… များတော့ အများကြီးပဲ အဖေ'

'အေး… အဲဒီအများကြီးထဲကမှ ငါ့ကို ပျောက်အောင် ဘယ်နှစ်ယောက်က ကုပေးနိုင်ခဲ့လို့လဲ'

'ဘယ်… ဘယ်သူမှ မကုနိုင်ခဲ့ပါဘူး'

'ဒါဆိုရင် သူလည်း ကုနိုင်မယ်မထင်ပါဘူးကွာ၊ ပြန်လွှတ်လိုက်ပါ'

အဘိုးကြီး ကြည့်ရတာ တော်တော်ကြီးကို စိတ်ဓာတ်ကျဆင်းနေပုံရ ... ကိုအောင်မြင့်က စိတ်မကောင်းဟန်ဖြင့်…

'ဒီလိုလည်း မဟုတ်သေးဘူးလေအဖေ၊ ဒီဆရာက တကယ့်ကို ...တ်ပါတယ်။ အဲဒါ ကျွန်တော့်ကိုယ်တွေ့ပါ။ ဒါကြောင့် အဖေကုသခံ ...ကြည့်ပါနော်'

အဘိုးကြီး သက်ပြင်းတွေကို ဟင်းခနဲချပြီး မျက်လုံးတွေ ပိတ်သွား... မင်းတို့ လုပ်ချင်တာလုပ်တော့၊ ငါ ဘာမှမပြောချင်တော့ဘူးဆိုသည့် ...သော။ ကိုအောင်မြင့်က လေသံတိုးတိုးဖြင့် ဘုန်းကျော်အား…

'ဖြစ်ပါ့မလား ဆရာ'

သူ့ဘာသာသူ ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်နေ ကိုယ်က ဖောရှောပဲဟာ။ ...ကြောင့် ဘုန်းကျော် မယုတ်မလွန်လေသံဖြင့်…

'အင်း… ဒါတော့ ကျွန်တော် စမ်းကြည့်လိုက်ဦးမယ်လေ'

သတိုးက အထာနပ်စွာဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကဲ… ကျွန်တော့်သူငယ်ချင်းက လူနာကိုကုရင် ဘေးနားမှာ ဘယ်သူရှိတာကိုမှ ကြိုက်တာမဟုတ်ဘူး။ ဒီတော့ အားလုံးအခန်းအပြင်ကို ထွက်ပေးကြပါလား'

ထိုသို့ ပြောလိုက်သဖြင့် အားလုံးအခန်းအပြင်သို့ ထွက်လိုက်ကြသည်။ အပြင်သို့ မထွက်ခင် သံတိုးက ဘုန်းကျော်ကို မသိမသာ မျက်စိမှိတ်ပြခဲ့သည်။

ထို့နောက်တော့ ဘုန်းကျော်နှင့် အောက်ပိုင်းသေနေသော အဘိုးကြီးတို့နှစ်ဦးသာ အခန်းတွင်း၌ ကျန်ရစ်ခဲ့သည်။

အဘိုးကြီးကတော့ မျက်ဝန်းတွေကို ပိတ်လျက်သား။

××××××××××

ဘုန်းကျော် လက်တွင်းမှ လေးလံစွာ ဆွဲထားသော လက်သမားအိတ်ကြီးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

'ဗုန်း'

'ဟဲ့… ပလုတ်တုတ်… ဘာဖြစ်တာလဲ၊ ကလူ… ကလူ'

အဘိုးကြီး လန့်ဖျပ်ပြီး မျက်လုံးပြူးကာ ဘုန်းကျော်ကို ကြည့်သည်။ ဘုန်းကျော်ကလည်း မျက်လုံးပြန်ပြူးပြလိုက်ပြီး…

'အိတ်ချလိုက်တာ… အိတ်ချလိုက်တာ'

'ဘာဖြစ်တယ်… အိပ်ပြီးချတယ် ဟုတ်လား'

'ဘာ… ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီအိတ်ကို အောက်ပစ်ချလိုက်တာကို ပြောနေတာ'

ဘာဆိုတာတော့ အဘိုးကြီး သဘောပေါက်သွားသည်။ ဒါပေမဲ့ ဘာကြောင့်ဆိုတာကိုတော့ သဘောပေါက်သေးဟန် မတူခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



'အဲ... အဲဒါ ဘာလို့ပစ်ချရတာလဲဟင်'

'စိတ်တိုလို့'

'ဟင်'

ဟုတ်တယ်လေ... ပိုက်ဆံရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လူမမာကြီးတစ်ယောက်နဲ့ အခန်းထဲမှာ ကြောင်တောင်တောင် လာထိုင်နေရတယ်ဆိုတော့ စိတ်ကတိုနေပြီပေါ့။ ထို့ကြောင့် မျက်စိရှေ့ တွေ့နေတဲ့အဘိုးကြီးကို 'ဘု'ပြောနေတာပါ။

ဒါကို နဝိုက အသည်းငယ်တတ်သော အဘိုးကြီးလန့်သွားပြီး...

'မင်း... မင်း... ငါ့ကို ဘာလုပ်မှာလဲဟင်'

'ဘာမှမလုပ်ပါဘူး'

'ဟင်... ခုနကပြောတော့ ဆေးလာကုတာဆို'

'ကျွန်တော့်ပါးစပ်က အဲ့လိုပြောလိုက်မိလို့လား'

'ငါ့... ငါ့သားပြောတာ'

'အဲဒါ သူ့ဘာသာသူ ပါးစပ်အားလို့ လျှောက်ပြောနေတာ'

'ဒါ... ဒါဆို မင်း... မင်းက ငါ့ကို ဆေးလာကုတာ မဟုတ်ဘူးပေါ့'

'မှန်တာပေါ့'

အဘိုးကြီး အူကြောင်ကြောင်ဖြင့် ဘုန်းကျော်ကို ကြည့်သည်။ သူ့အတွေးထဲတွင် ဘုန်းကျော်ကို ဘာဘာညာညာ ထင်သွားပုံရသည်။ ထို့ကြောင့် မျက်လုံးကြီးပြူးကာ အသေအချာကြည့်နေသည်။

ဘုန်းကျော်ကတော့ ခုံတစ်လုံးထက်တွင် ဝင်ထိုင်၍ အပြင်ကို ငေးဆောက်လျှင် ကိုအောင်မြင့်တို့ကို မည်သို့မည်ပုံ ပြောရမည်ကို စဉ်းစားလုံးကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



*

'ခင်ဗျားအဖေ ခြေထောက်က လုံးဝကုလို့မရတော့ဘူး' လို့ ပြော မည်လား။

ဒါမှမဟုတ် ဆေးလိမ်း၊ ဆေးသောက်ရင် ပြန်ကောင်းနိုင်ခြေရှိပါတယ် ဆိုပြီးတော့ တွေ့ကရာဆေးမြစ်တွေ ဘာတွေ ဝယ်ပေးလိုက်ရင် ကောင်းမည်လား။ ဇဝေဇဝါနည်းနည်း ဖြစ်ချင်သွားသည်။ ဘယ်လိုပြောရမည်ဆိုတာ အဘိုးကြီး၏ ခြေထောက်တွေကို နည်းနည်းပါးပါးကြည့်ပြီးမှပြောရင် ပို၍ ယုတ္တိတန်နိုင်သည်။

ထိုအတွေးကြောင့် ထိုင်ရာမှထ၍ ကိုယ့်အား မျက်လုံးပြူးကြီးနှင့် ကြည့်နေသော အဘိုးကြီးထံသွား၍ ခြေထောက်ကို လှန်ကြည့်လိုက်သည်။

ထို့ကြောင့် အဘိုးကြီး တွန့်ခနဲဖြစ်သွားပြီး…

'ဘာ… ဘာလုပ်မလို့လဲ'

'ဘာမှလုပ်ဘူး၊ ခြေထောက်ကြည့်မလို့'

'ခြေ… ခြေထောက်ကိုကြည့်ပြီး ဘာ… ဘာဆက်လုပ်မှာလဲ'

'ဘာမှမလုပ်ပါဘူးဆိုဗျာ၊ ဘယ်လိုဖြစ်နေတာလဲ'

'အဟင်း… အရမ်း ဟောက်… ဟောက်တာပဲနော်၊ ဟောက်ဆ ဂျင်ဆိုတာလားဟင်'

'ကျွတ်… မေးပြန်ပြီ'

ဘုန်းကျော် ထပ်ဟောက်လိုက်ခြင်းကြောင့် အဘိုးကြီး လန့်ဖျပ်သွား ပြီး ပါးစပ်ပိတ်သွားသည်။ ထိုအခါမှ ဘုန်းကျော်က အဘိုးကြီး၏ခြေထော ကို ကိုင်ကြည့်တို့ကြည့်မိရတော့သည်။

ကိုယ်မြင်ရသလောက်ကတော့ ခြေထောက်က အကောင်းကြီးပါ ပိန်ခြင်း၊ လိမ်ခြင်း၊ သိမ်ခြင်း ဘာတစ်ခုမှမရှိ။ ထို့ကြောင့် ဘုန်းကျော် မျက်မှောင်ကုတ်၍…



www.burmeseclassic.com

www.burmeseclassic.com



'ပြောတော့ ခြေထောက်က အောက်ပိုင်းသေနေတာဆို'

'ဟုတ်ပါတယ်ကွယ်၊ ခွေးလေးတစ်ကောင် ကားတိုက်ခံရတာမြင်ပြီး ကတည်းက ဒီလိုဖြစ်သွားတာပါ'

ဘုန်းကျော် အသည်းယားသွားပြီး ခြေထောက်ကို အပ်ဖြင့် ထိုးကြည့် ချင်စိတ် ပေါက်သွား၏။ ထို့ကြောင့် သူ့သားကိုအောင်မြင့်ကို ထိုးထားသော အပ်ကိုထုတ်၍ အဘိုးကြီးခြေထောက်အား ထိုးကြည့်လိုက်၏။

'အမယ်လေး··· စူးတယ်··· စူးတယ်··· အစ်··· အစ်'

အဘိုးကြီး ငယ်သံပါအောင် ထအော်တာပါ။ ထို့ကြောင့် ဘုန်းကျော် ကြောင်သွားပြီး···

'ဟင်··· အပ်နဲ့ထိုးတာ စူးတယ်ဟုတ်လား'

အဘိုးကြီး မျက်နှာကို ရှုံ့မဲ့၍···

'အပ်နဲ့ထိုးမှတော့ စူးပြီပေါ့ကွယ်၊ ကျွတ်··· ကျွတ်'

'ဘာ··· မဟုတ်တာ ကျွန်တော် ကြားဖူးတာ အဲ··· ကျွန်တော်သိ တာက အောက်ပိုင်းသေနေတဲ့လူတွေက အပ်နဲ့ပဲထိုးထိုး၊ ဓားနဲ့ပဲထိုးထိုး ဘာမှမခံစားရဘူးတဲ့'

'ဒါပေမဲ့ အဘကတော့ ခံစားရတယ်လေကွယ်၊ အား··· ကျွတ် ကျွတ်'

ဘုန်းကျော် ခေါင်းကုတ်၍ စိတ်ရှုပ်ရှုပ်ဖြင့် ခုံတွင် ပြန်ထိုင်သည်။ ဘယ့်နှယ် အောက်ပိုင်းသေတဲ့လူက အပ်နဲ့အထိုးခံရတော့ နာတယ်တဲ့။ ကြား ကြားဖူးပေါင်။

ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း မသိ။ ကိုယ်နှင့် ဘာမှမဆိုင်တဲ့ ရောကြီးမှာ ငုတ်တုတ်။ ဒါ··· ဟိုကောင်သတိုးကြောင့် ဖြစ်ရ လကား ပါးစပ်က ဆိတ်ခ်ီးပါးသလို ပေါက်ကရစကားတွေ တက်ဖွတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး လျှောက်ပြောလို့ ဖြစ်တာ။ ကိုယ့်မှာတော့ ဒီအကြောင်းကြား အဘိုးကြီးနဲ့ နှစ်ပါးသွားကလို့။ ဒင်းကတော့ ခုချိန်လောက်ဆိုရင် အပြင်မှာ အအေးတွေ ဘာတွေသောက်ပြီး ကိုအောင်မြင့်ညီမနဲ့ ဆိတ်ချီးတွေ တဖွတ်ဖွတ် ပါနေလောက်ပြီ… ဟွန်း။ တွေးရင်းနှင့် ဘုန်းကျော် ဒေါသထွက်လာမိသည်။

'တောက်… ငါကွာ'

ရင်ထဲက ဒေါသက လျှာပေါ်ရောက်လာပြီး အသံပြင်းပြင်းထွက်သွားတာပါ။ ဒါကို မဆီမဆိုင် အဘိုးကြီးက ဟဲ့… ပလုတ်တုတ်… ဟု ထ၍အော်ပြီး…

'ဘာ… ဘာဖြစ်တာလဲဟင်၊ ဘယ်သူ့ကို ဒေါသထွက်နေတာ လဲ'

ဘုန်းကျော် ပို၍ စိတ်ရှုပ်သွားပြီး…

'ဟာဗျာ… ဦးလေးကို ဒေါသထွက်တာ မဟုတ်ပါဘူး'

'မလိမ်ပါနဲ့ကွယ်၊ ဒီအခန်းထဲမှာ ဦးနဲ့မင်း နှစ်ယောက်တည်းပဲ ရှိနေတဲ့ဟာကို'

'ကျွတ်… မဟုတ်ပါဘူးဆိုဗျာ။ ကျွန်တော့်ဘာသာ တခြားအကြောင်းနဲ့ ဒေါသထွက်နေတာပါ။ ကဲ… ဦးလေးဘာသာ အိပ်တော့'

'ဟင့်အင်း… အိပ်ရဲပါဘူး'

'ဘာဖြစ်လို့လဲ'

'အိပ်နေတုန်း လာထိုးမှာစိုးလို့'

'အာ… ဘာနဲ့လာထိုးရမှာလဲ… ကျွတ်'

'အပ်နဲ့လေ… အပ်နဲ့၊ ခုနကတောင် တစ်ခါထိုးပြီးပြီ'

စိတ်ကြီးရယ် ညစ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲပါဗျာ၊ အပ်နဲ့မှ မဟုတ်ပါဘူး၊ ဘာနဲ့မှကို ထပ်ပြီးတော့ မထိုးတော့ပါဘူး၊ စိတ်ချ'

အဘိုးကြီး ယုံပုံမရပါ။ ထို့ကြောင့် မျက်လုံးကြီးပြူးပြီး ခေါက်ဆောက်ကာ ထပ်ကြည့်သည်။

ဘုန်းကျော်လည်း စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ခုံတွင် ဆက်ထိုင်သည်။

ချက်ချင်းပြန်ချင်နေပြီဖြစ်သော်လည်း ယုတ္တိရှိအောင် အချိန်အနည်းငယ်ကြာကြာ ဆက်ထိုင်နေရသည်။ ထိုင်နေရင်းဖြင့် စိတ်အပြောင်းအလဲဖြစ်အောင် ဟိုကြည့်ဒီကြည့် လိုက်ကြည့်မိသောအခါ အမှန်တကယ်ပင် စိတ်ကို ပြောင်းလဲစေနိုင်လောက်သည့်အရာတစ်ခုကို သွားတွေ့သည်။

ဒါကတော့ အဘိုးကြီးလဲလျောင်းနေသော ခုတင်၏ ခြေရင်းဘက်တွင်ရှိသော သစ်သားတန်းတစ်တန်းက ခြစားနေသော မြင်ကွင်း။

ထိုမြင်ကွင်းသည် လူတော်တော်များများအဖို့တော့ ဘာမှဂရုစိုက်လောက်စရာ မြင်ကွင်းမျိုးမဟုတ်ပါ။

ဒါပေမဲ့ ဘုန်းကျော်လို ကိုယ့်ကိုယ်ကို မျိုးရိုးစဉ်ဆက် လက်သမားစစ်စစ်ဟု ခံယူထားသော လူတစ်ယောက် အတွက်ကတော့ စိတ်လှုပ်ရှားစရာ မြင်ကွင်းမျိုး။

'ခြ'ဆိုသည်သတ္တဝါက လွယ်တဲ့သတ္တဝါမျိုးမဟုတ်။ တစ်ခုခုကို ကိုက်ဖြတ်စားသောက်ပြီဆိုပါက အချိန်ကြာလာသည်နှင့်အမျှ တတိတိနှင့် အားလုံးကုန်အောင် ဝါးမြိုပစ်တတ်သည့် ကောင်စားမျိုးတွေ။

ယခု... ခုတင်က တန်းလေးတစ်တန်းကို စတင်ဝါးမြိုစားသောက်နေပြီ။ နောင်ဆိုလျှင် ခုတင်တစ်ခုလုံးပါ ကုန်ပေတော့မည်။

မဖြစ်။ ကိုယ်လို လက်သမားစစ်စစ်ရှေ့မှာ ဒါမျိုးမြင်တွေ့ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး ဘုံပျောက်သွားမယ်ဆိုရင် ကိုယ်တွေ သိက္ခာကျသွားမှာပေါ့။ ဒါကြောင့် ဒီအရေးမှ အဘိုးကြီးကို ကယ်တင်ရမည်။

ကယ်တင်ရမယ့်ကိစ္စက လွယ်လွယ်လေး။ ကိုယ့်လက်သမားအိတ်ထဲမှာပါတဲ့ လွှကို ထုတ်၊ ပြီးတော့ ထိုနေရာလေးကို လှီးဖြတ်လိုက်ရုံပဲဟာ။ ဒါဆိုရင် အဘိုးကြီး ဘုံပျောက်တော့မည့်အရေးက အန္တရာယ်ကင်းသွားမည်။

ထိုသို့ ယတိပြတ်တွေးပြီး ဘုန်းကျော် ထိုင်ရာမှ တက်ကြွစွာ ထရပ်လိုက်ပြီး ကိုယ့်လက်သမားအိတ်ရှိရာသို့ လျှောက်လိုက်၏။

ဒါကို အဘိုးကြီးက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကြည့်ပြီး…

'ဘာ… ဘာလုပ်မလို့လဲ… မောင်ရင်'

ဘုန်းကျော် ချက်ချင်းပြန်အဖြေမပေးသေးဘဲ အိတ်ထဲမှ လွှကိုအရင်ထုတ်ပြီးမှ…

'ဖြတ်မလို့'

'ဟင်'

အဘိုးကြီးရဲ့မျက်လုံးများသည် ဆန်ကောလောက်ကြီးသွားပြီး…

'မ… မလုပ်ပါနဲ့ မောင်ရင်ရယ်'

'ကျွတ်… ဘာဖြစ်လို့လဲဗျ၊ ကျွန်တော်က ဦးလေးအဆင်ပြေသွားအောင်လို့ပါ'

အဘိုးကြီးက ကတုန်ကယင်လေသံဖြင့်…

'နေ… နေပါစေကွယ်၊ အခုလည်း ဦးဟာရလေးနဲ့ဦး အဆင်ပြေပါတယ်'

'အခုအဆင်ပြေပေမယ့် နောင်ကျရင် ပိုဆိုးလာမှာဗျ၊'

'အဲဒီအခါကျမှ အဲဒီလိုဖြစ်ချင် ဖြစ်ပါစေ ငါ့မြေးရယ်'



www.burmeseclassic.com

www.burmeseclassic.com



'အခုကတည်းက ဖြတ်ထုတ်လိုက်ပါဗျာ၊ ကောင်းမှမကောင်းတဲ့ဟာကို'

'ဟင့်အင်း… မလုပ်ပါနဲ့ ငါ့တူရယ်၊ ဖြတ်ထုတ်လိုက်တော့ ဟာတိဟာတာကြီးဖြစ်သွားရင် ဦး မနေတတ်မှာစိုးလို့ပါ'

ဖြစ်ရလေခြင်း။ ဒီအဘိုးကြီးကြည့်ရတာ အစွဲအလမ်း တော်တော်ကြီးပုံရသည်။ ကြည့်လေ… ဒီ ဘာမဟုတ်တဲ့ ခုတင်တန်းလေးကိုဖြတ်မှာ သူ့ခြေထောက်ကိုဖြတ်မှာ ကျနေတာပဲ။ (အမှန်တော့ အဘိုးကြီးက ထိုသို့ အတိအကျထင်နေတာပါ။)

ဘုန်းကျော်ကလည်း လောလောဆယ် လုပ်စရာက ဒါပဲရှိသဖြင့် နွတ်ကြီးပင်။

'မသိဘူးဗျာ၊ ကျွန်တော်ကတော့ ဦးလေးဘာပဲပြောပြော ဒါကို ဖြတ်ကိုဖြတ်တော့မယ်'

ဟု ဆိုကာ လွှကြီးကိုင်၍ ခုတင်ခြေရင်းဘက်သို့ တိုးသွား၏။ ထိုအခါ အဘိုးကြီးမှာ ဖီးကင်းလောက်ရှိသော ချွေးသီးချွေးပေါက်တို့ ပလောက်ပလောက်နှင့် ကျလာပြီး ခဲယယလေသံဖြင့်…

'မလုပ်… မလုပ်ပါနဲ့ ငါ့တူရယ်'

'ဟင့်အင်း… လုပ်မှာပဲ'

'ဦး…ဦးလေး အော်ငိုလိုက်မှာနော်'

'ဟာ ဟ… ငိုပေါ့'

ဘုန်းကျော် ရယ်ပင်ရယ်ချင်လာမိသည်။ ဘယ့်နှယ် ဒီ ခြစားနေတဲ့ တန်းလေး ဖြတ်မှာကို ဒီလောက်ထိ ကြောက်စရာလားပေါ့။

အဘိုးကြီးက အမှန်တကယ်ပင် ငိုချတော့မည့်ရုပ်ဖြင့်…

'မ… မလုပ်ပါနဲ့ ငါ့တူရယ်၊ ဦးလေး တောင်းပန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျော် ခေါင်းခါ၍…

'မရတော့ဘူး၊ ကျွန်တော် ဆုံးဖြတ်ပြီးသွားပြီ'

ထို့နောက်တော့ ဘုန်းကျော်က လွှကို ဖြည်းဖြည်းချင်း အမြှောက် အတိုင်းကြီးက ချွေးအိုင်ထဲမှနေ၍ ဆံပင်မွေးတွေဘာတွေထောင်ပြီး အကြည့်…

ဒီလိုအချိန်…

အပြင်ဘက်မှာတော့…

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

'အဟက်… ဟက်… အဲဒါကို ပြောတာပေါ့ အစ်မရဲ့၊ ဝိတ်ချချင် ...သာများ အစာငတ်ခံဖို့ မလိုပါဘူးဆို။ ကျွန်တော် ခုနကပြောသလိုလေး ...လေ့ကျင့်ခန်းကိုသာ မှန်မှန်လေးလုပ်၊ တစ်လအတွင်း ဝိတ်တွေကျသွားပြီး ...ချိုသွေးတောင်မှ အစ်မခန္ဓာကိုယ်ကို မနာလိုဖြစ်သွားဦးမယ်'

ထိုသို့ သတိုး အာပေါင်အာရင်းသန်သန်ဖြင့် ပြောလိုက်သောအခါ ...ချိုသွေးက မျက်စောင်းထိုး၍…

'အံမယ်… ကျွန်မက ဘာလို့မနာလိုဖြစ်ရမှာလဲ၊ မဖြစ်ပါဘူးနော်'

'အဟက်…ဟက်… ယုံပါတယ်ချိုသွေးရဲ့၊ စကားအဖြစ်ပြောတာ ...ပါ'

မခင်သစ်ကတော့ ပျော်၍မဆုံး တပြုံးပြုံး ဖြစ်နေသည်။ သူ့ခများ ...သီတွေ တနင့်တပိုးရှိနေသော ဒီခန္ဓာကိုယ်ကြီးကို ဝိတ်ချနေမိတာ ကြာပါ ...ပြီ။ ပိန်ဆေးတွေ သောက်၊ အစားတွေရှောင်၊ ဟိုလူဒီလူပြောသည့် လေ့ ...ကျင့်ခန်းတွေ အပြင်းအထန်လုပ်။ ထိုသို့မျိုးစုံအောင်လုပ်သော်လည်း ဝိတ်က ...ကျမလာသည့်အပြင် ပေါင်တစ်ခါချိန်လိုက်တိုင်း နှစ်ပေါင်၊ နှစ်ပေါင်ခ ...ွဲ့နှုန်းကြီး တိုးလျက်သာရှိခဲ့၏။ အခု သတိုးပေးသည့် နည်းလမ်းလေးက ...ည်း အစားမဆင်ခြင်ရသလို လေ့ကျင့်ခန်းလည်း တပင်တပန်း လုပ်စရာ

www.burmeseclassic.com



မလို။ သက်တောင့်သက်သာလေးပင်။ နည်းလမ်းကတော့ အစာစားပြီးတိုင်း ဒူးကောက်ကွေးခွက်ကာ ထိုင်၍ ခါးကို ဆန့်ထားရမည်။ ထိုင်ချိန်က ဆယ့်ငါးမိနစ်ခန့်သာ။ ထိုသို့ တစ်လခန့်လောက် ပုံမှန်လုပ်ပေးလျှင် ဝိတ်က သိသိသာသာကို ကျသွားမည်တဲ့။ ကောင်းလိုက်တဲ့နည်းလမ်း။ (မှတ်ချက်- ထိုသို့သောထိုင်နည်းကို ဂျပန်ထိုင်နည်းဟု ခေါ်ပါသည်။ အမှန်တကယ်ပင် ဝိတ်ကျသွားစေနိုင်သည့်နည်းလမ်း ဖြစ်ပါသည်။)

ကိုအောင်မြင့်ကလည်း သူ့မိန်းမ လုတပတဖြစ်သွားမည်ဆိုတော့ သတိုးပြောသမျှကို စိတ်ဝင်စားစွာ နားထောင်သည်။ ချိုသွေးဆိုတာကလည်း မိန်းကလေးတစ်ယောက်ဖြစ်တော့ ဒါမျိုးတွေ စိတ်ဝင်စားသည်ပေါ့။

ထိုသို့သော ကိစ္စမျိုးတွေကို ရွှန်းရွှန်းဝေအောင် ပြောတတ်သည့် သတိုးက စကားပြောလျှင် လူစိတ်ဝင်စားအောင် ပြောတတ်သည့်အပြင် ရယ်စရာလေးတွေပါ ညှပ်ပြောတတ်ခြင်းကြောင့် အကုန်လုံး ရယ်ရယ်မောမော ဖြင့် ပွဲကျကုန်ပြီး သတိုးကို ခင်ခင်မင်မင် ဖြစ်သွားခဲ့ကြသည်။

ဤသို့ စကားကောင်းနေစဉ်အချိန်တွင် ချိုသွေးက သတိရသွားဟန် ဖြင့်...

'အထဲမှာ ဖေဖေရော ဘယ်လိုနေသလဲ မသိဘူးနော်'

ထိုအခါမှ အားလုံးသတိဝင်လာကြပြီး ပိတ်ထားသော တံခါးပေါက် ကို ပြိုင်တူလိုလိုပင် လှမ်းကြည့်လိုက်ကြသည်။ သတိုးက ပိုင်နိုင်သောအသံ ဖြင့်...

'စိတ်မပူပါနဲ့ ချိုသွေးရာ၊ ကျွန်တော့်သူငယ်ချင်းအကြောင်း ကျွန်တော် သိပါတယ်။ ဦးလေး အဆင်ပြေသွားမှာပါ'

ခုတော့ စိတ်ချမ်းသာအောင် ဒီလိုပဲ ကြည့်ပြောထားရတာပေါ့။ နောက်မှ ဘုန်းကျော်ထွက်လာရင် ဦးလေးရောဂါက ရင့်နေပြီ ဘာဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖောရွှေလုပ်ရတော့မှာပဲ။ ကိုအောင်မြင့်က ခေါင်းကို ဆတ်ခနဲညိတ်ပြီး…

'အင်း… ဘုန်းကျော်ဆိုတဲ့ ဆရာလေးက လူတော်တစ်ယောက်ပါ။ အဖေ့ခြေထောက်တွေကို သူ ပြန်ကောင်းအောင် ကုသပေးနိုင်မှာပါ'

ထိုသို့ ယုံကြည်စွာပြောလိုက်ခြင်းကို သတိုးက အပြည့်အ၀ထောက်ခံဟန်ဖြင့်…

'ဟုတ်တယ် ကိုအောင်မြင့်၊ ကျွန်တော့်သူငယ်ချင်းက ဦးလေးခြေထောက်တွေ ပြန်ကောင်းအောင်လို့ သေချာပေါက်ကုပေးနိုင်မှာပါ'

သတိုး၏စကားလည်းဆုံးရော အခန်းတံခါး ဂုန်းခနဲပွင့်လာပြီး အတိုးကြီး ဖျတ်ခနဲ အပြင်သို့ပြေးထွက်လာ၍ အော်ကြီးဟစ်ကျယ်အော်သံဖြင့်ငိုပြီး…

'အမယ်လေး လုပ်ကြပါဦး၊ ငါ့ကို ဟိုကောင် ခြေထောက်လိုက်ဖြတ်နေတယ်… ဟီး ဟီး ဟီး'

ထိုသို့အော်ဟစ်ပြီး ငိုကြီးချက်မ ပြေးလာခြင်းကြောင့် အကုန်လုံး ကြောင်အမ်းအမ်း ဖြစ်ကုန်ကြတော့သည်။ ကိုအောင်မြင့်တို့က စိုးရိမ်ပူပန်စွာဖြင့်…

'ဟင်… အဖေ ဘာဖြစ်တာလဲ… ဘာဖြစ်တာလဲ'

'မင်းတို့ ငါ့အခန်းထဲမှာ ထားခဲ့တဲ့ ဟိုကောင်က ငါ့ခြေထောက်ကို သွလွှကြီးနဲ့ ဖြတ်မယ်တဲ့ ဟီး… ဟီး'

'ဟာ… ဟင်… အို'

အကုန်လုံး အံ့အားသင့်ကုန်ကြပြီး သတိုးမှလွဲ၍ ကျန်သူများ ခေါင်းတွေ ထွက်ကုန်ကြ၏။ သူတို့မွေးသဖခင်ကျေးဇူးရှင်ကို ခြေထောက်ဖြတ်မည်ဆိုတာကို။

'တောက်… ဘာလဲကွ ငါ့အဖေကို ခြေထောက်ဖြတ်စရာလား'

www.burmeseclassic.com



'ဟုတ်ပ… အစ်ကိုကြီးခေါ်လာတဲ့လူက ဘယ်လိုလူတုံး'

'ကိုအောင်မြင့်… ရှင်ဟာလေ မစူးစမ်းမဆင်ခြင်ဘဲနဲ့ ဘယ်ကမှန်း မသိတဲ့လူကို ခေါ်လာတာလဲ။ ခုကြည့်စမ်း ကံကြီးလို့ ခြေထောက်မပြတ် တယ်'

အဘိုးကြီးကလည်း ဝင်၍…

'ဟုတ်တယ်… ငါ အပြေးမြန်လို့၊ နို့မို့ဆိုရင် တိခနဲပဲ… အဟီး ဟီး'

သတိုးလည်း မျက်မှောင်ကျုံ့၍ ကိုယ့်ကောင်ဘုန်းကျော် ဘယ်လို ကြောင့် ဒီလိုလုပ်ရသလဲဆိုတာကို အပြင်းအထန်စဉ်းစားနေမိ၏။ စိတ်ထင် ဘုန်းကျော် တစ်လွဲတွေတော့ လုပ်လိုက်ပြီ။ ဒါဆို ဒီပြဿနာကို ဘယ်လိုရှင်း မည်နည်း။ စဉ်းစားစမ်း… စဉ်းစားစမ်း။

ထိုအချိန်တွင် ဘုန်းကျော်က ယွှကြီးကိုင်၍ နဝေတိမ်တောင်မှုံ့စံဖြင့် ထွက်လာသည်။ သူ့ခမျာလည်း အဘိုးကြီး ဘာဖြစ်လို့ ဘာဖြစ်မှန်းမသိ ထွက်ပြေးသွားတော့ အူတူတူနဲ့ပါ။

အဘိုးကြီးက ဘုန်းကျော်နှင့်တကွ လွှကြီးကိုပါ ပူးတွဲ၍မြင်လိုက်ရ သောအခါ တစ်ကိုယ်လုံး တုန်တက်သွားပြီး…

'ဟိုမှာ… ဟိုမှာ ငါ့ခြေထောက်ကို လွှနဲ့ဖြတ်မယ့်ကောင် လာနေပြီ အီး…'

ဟု ပြောလိုက်ရာ ကိုအောင်မြင့်က…

'အဖေ မကြောက်နဲ့… မကြောက်နဲ့ ဒီကိစ္စကို ကျွန်တော် ရှင်းမယ်၊ ကျွန်တော့်နောက်မှာနေ'

ဟု ဆိုကာ ဖအေဖြစ်သူကို နောက်သို့ပို့ပြီး ဘုန်းကျော်ကို မျက်နှာ ထားတင်းတင်းဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ငါ့အဖေကို ဒီလိုလုပ်မှာ ငါတို့လုံးဝ သဘောမတူနိုင်ဘူး'

ချိုသွေးကပါဝင်၍ ရင်ကိုကော့ပြီး…'

'ဟုတ်တယ်၊ အဖေ့ရဲ့ခြေထောက်ကို ဖြတ်မှာ ကျွန်မတို့ လုံးဝသဘောမတူဘူး'

ထိုသို့ အသီးသီးပြောလိုက်ခြင်းကြောင့် ဘုန်းကျော် အူတူတူဖြင့်…

'ဟင်… ကျွန်တော်က ဘာလို့ဦးလေးခြေထောက်ကို ဖြတ်ရမှာလဲ၊ မဖြတ်ပါဘူး'

ထိုအခါ အဘိုးကြီးက သူ့သားနောက်မှ ခေါင်းပြူ၍…

'တွေ့လား… တွေ့လား လက်ထဲမှာ သက်သေဖြစ်တဲ့ လွှကြီးပါနေတာတောင်' သူလိမ်နေတယ်'

'ဘာဗျ… ပေါက်တီးပေါက်ရှာ၊ ဒီလွှနဲ့ဖြတ်မှာ ဦးလေးခြေထောက်ကို မဟုတ်ပါဘူး၊ တခြားဟာပါ'

အဘိုးကြီးက နှုတ်ခမ်းကိုထော်၍…

'ဘာ တခြားဟာလဲ၊ မယုံပါဘူး'

ကိုအောင်မြင့်တို့ကပါ ဝင်၍…

'ဟုတ်တယ် ကျုပ်တို့လည်း မယုံဘူး၊ ခင်ဗျား မလိမ်နဲ့'

ဘုန်းကျော် စိတ်ရှုပ်သွားဟန်ဖြင့် သတိုးကို လှမ်းကြည့်သည်။

ထိုအချိန်တွင် သတိုးမှာ ဘုန်းကျော်တို့၏ စကားအသွားအလာကို ကြည့်၍ သဘောပေါက်သွား၏။ သဘောပေါက်သွားသည်နှင့်တစ်ပြိုင်နက်တည်း အများတကာ မတွေ့မြင်ကြသေးသော ကိစ္စကိုလည်း သတိထားမိလိုက်၏။ ထိုအခြင်းအရာကို အခြေခံ၍ ခေါင်းထဲမှ ဉာဏ်နီဉာဏ်နက်တို့ တန်းစီထွက်လာပြီး ဘုန်းကျော်ကို မျက်ရိပ်လှမ်းပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုန်းကျော်ကလည်း သတိုးနှင့် တစ်သက်လုံးပေါင်းလာသော သူငယ်ချင်းဖြစ်ခြင်းကြောင့် သတိုးဘာလုပ်မည်မှန်း မသိရှိသော်လည်း ဥာဏ်ပြေသနှာနှင့် ပတ်သက်၍ တစ်ခုခုလုပ်တော့မည်မှန်း ရိပ်မိလိုက်ခြင်းကြောင့် လိုက်လျောညီထွေပြောရန် အသင့်ပြင်ထားသည်။ ထိုအခါမှ သတိုးက ရှပ်ကို တည့်လိုက်ပြီး…

'အဟမ်း… အဟမ်း… အဟမ်း'

မိုးကြိုးသံနှင့်မခြား ကျယ်လောင်လှသော သတိုး၏ အဟမ်းသုံးချက်ကြောင့် တစ်ယောက်တစ်ပေါက် ပြောနေသူတွေအကုန်လုံး သတိုးကို ပိုင်း၍ကြည့်ကြသည်။ ထိုအခါမှ သတိုးက…

'အဟမ်း… ကျွန်တော့်သူငယ်ချင်းဘုန်းကျော်က တကယ်တော့ ဦးလေးရဲ့ခြေထောက်ကို ဖြတ်မှာမဟုတ်ပါဘူး'

ကိုအောင်မြင့်က လက်မခံနိုင်ဟန်ဖြင့် လွှကြီးကို လက်ညှိုးထိုးပြီး…

'ဒါဆို ဒီလွှကြီးက ဘာလုပ်ဖို့လဲ… ဟွန်း'

သတိုး ခေါင်းကို ဆတ်ခနဲညိတ်၍ ပိုင်နိုင်သောလေသံဖြင့်…

'ဟုတ်ပါတယ်၊ ဒီလွှကြီးအကူအညီနဲ့ပဲ ဦးလေးရဲ့ခြေထောက်တွေ ပြန်ကောင်းသွားအောင် သူက ကုသပေးလိုက်တာပါ'

'ဟင်'

'ဟယ်'

'ဟောတော့'

ကိုအောင်မြင့်က မျက်လုံးပြူး၍ သူ့အဖေကို လှည့်ကြည့်ပြီး…

'ဟင်… ကြည့်စမ်း ခုမှ သတိထားမိတယ်၊ အဖေ လမ်းပြန်လျှောက်နေနိုင်ပြီပဲ'



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက နဝေတိမ်တောင်ဖြင့် သူ့ခြေထောက်သူ ပြန်ငုံ့ကြည့်ပြီး…

'ဟင်… ဟုတ်လို့လား'

ချိုသွေးကလည်း ဝမ်းသာတုန်ယင်သောလေသံဖြင့်…

'ဟုတ်တယ်အဖေရဲ့ ဟုတ်တယ်။ အဖေ့ခြေထောက်တွေ ပြန်ကောင်းသွားပြီ'

အဘိုးကြီး အူတူတူဖြစ်နေပါသေးသည်။ မခင်သစ်ကဝင်၍…

'ဝမ်းသာလိုက်တာ အဖေရယ်… ဝမ်းသာလိုက်တာ'

အဘိုးကြီး မယုံမရဲဖြင့် ခါးကိုင်းပြီး သူ့ခြေထောက်တွေကို သူပြန်ခမ်းကြည့်သည်။ ပြီးတော့ တစ်လှမ်းနှစ်လှမ်း လျှောက်ကြည့်၏၊ ခြေထောက်တွေကို ခါသည်၊ ကွေးသည်၊ ဆန့်သည်။ သူ့ခြေထောက်တွေ ပြန် ကောင်းသွားပြီဆိုတာကို စိတ်ထဲ၌ ထဲထဲဝင်ဝင် လက်ခံလိုက်တော့ ၏…

ကလေးတစ်ယောက်လို ထ၍ခုန်လိုက်ပြီး…

'ရဟူး… ငါ့ခြေထောက်တွေ ပြန်ကောင်းသွားပြီကွ… ဟား ဟား ဟား'

အားလုံး၏ မျက်နှာပေါ်တွင် အပြုံးတွေ လွှမ်းကုန်ပါပြီ။

သတိုးက ဘုန်းကျော်ကို ကြည့်၍ မျက်လုံးမှိတ်ပြလိုက်၏။ ထိုအခါ ဘုန်းကျော်က အီလည်လည်ကြီးဖြင့် ပြုံး၍ ခေါင်းကုတ်သည်။ ကြက်ကန်း ဆန်အိုးတည့်တည့် တိုးသွားတာကိုး။

ကိုယ်ဖြတ်တာက 'ခြေ'

သူထင်တာက 'ခြေထောက်'

နောက်တော့ 'လုံးဝပျောက်'။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို စိုင်ကော်လို့ ခြုံပေါ်ရောက်သွားပြီဆိုပေမဲ့ ဟန်မပျက်အောင် နှစ်ယောက်သား ရုပ်တည်ကြီးဖြင့် ကိုအောင်မြင့်တို့ သားအဖတွေ ပျော်မြူးခန်းကို အသာစောင့်ကြည့်နေကြသည်။

အတန်ကြာပျော်မြူးနေပြီးမှ ကိုအောင်မြင့်က အရင်သတိဝင်လာပြီး…

'ဟာ… ကြည့်စမ်း ဝမ်းသာလုံးဆို့ပြီး ဆရာလေးတို့ကို မေ့တောင်နေတာ၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျေးဇူးတင်ပါတယ်'

နှစ်ယောက်သား ရုပ်တည်ကြီးဖြင့်…

'ရပါတယ်'

'ရပါတယ်'

လုပ်လိုက်ကြသည်။ ချီသွေးက မျက်လုံးတောက်တောက်ကလေးဖြင့် ကျေးဇူးတင်ပါတယ်နော်ဟု ခပ်တိုးတိုးပြောသည်။

ဘုန်းကျော်က ရပါတယ်ဟု လေသံမှန်ဖြင့် ပြောသော်လည်း သတိုးကမူ မျက်နှာကြီး ဖြီးခနဲဖြစ်သွားပြီး…

'အဟဲ… မလိုပါဘူး ချီသွေးရဲ့၊ ဒီလောက်ကတော့ မိုင်နာပါ'

အမှန်တော့ သူလည်း ဘာမှလုပ်ခဲ့တာမဟုတ်။ အပြင်မှာ တော်ကီကြီးပဲ ထိုင်ပစ်ခဲ့တာကို ဝင်ပြီး အသားယူနေတာပါ။ ဒါပေမဲ့ ပြဿနာတော့ မရှိ။ ဘုန်းကျော်ဆိုတဲ့ကောင်ကလည်း ဘာမှလုပ်ခဲ့တာမှ မဟုတ်တာ။

အဘိုးကြီးက ဘုန်းကျော်နှင့် သူ၏လွှကြီးကို မရဲတရဲဖြင့်ကြည့်ပြီး

'ဟိုလေ… အဲဒီလွှကြီးနဲ့ ဦးကို ဘယ်လိုပျောက်အောင် ကုပေးခဲ့တယ်ဆိုတာကို ပြောလို့ရမလားဟင်။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါသာပျောက်သွားတယ်၊ ခုချိန်ထိ ဘယ်လိုကုလိုက်သလဲဆိုတာ သဘောမပေါက်သေးဘူးဖြစ်နေလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်း၏အဖြေကို ကျန်သည့်လူများကလည်း သိချင်နေကြဟန် တူသည်။ ဘုန်းကျော်က ဘယ်လိုဖြေရမှန်းမသိသဖြင့် သတိုးကို မသိမသာ ကြည့်လိုက်သည်။ ထိုအခါ သတိုးက သဘောပေါက်သွား ဟန်ဖြင့် ချောင်းတစ်ချက်အရင် ဟန့်၍...

'အဟမ်း... ဒီကိစ္စကို ကျွန်တော်ပဲ ရှင်းပြပါ့မယ်။ ကျွန်တော့်သူငယ် ချင်းက အရင်ဦးဆုံး ဦးလေးကို ဘာလုပ်သလဲ'

'အင်း... ခြေထောက်ကို အပ်နဲ့ထိုးတယ်'

'ဟုတ်ပြီ၊ ဒါ ဦးလေးခြေထောက် ပြန်ကုလို့ ရမရ စမ်းကြည့်တာ ပေါ့။ နောက်ပြီးတော့ရော ဘာဆက်လုပ်သေးလဲ'

'အင်း... တောက် အကျယ်ကြီးခေါက်တယ်'

'ဒီလို သူက တောက်ခေါက်တော့ ဦးလေးစိတ်ထဲမှာ ဘာဖြစ်သွား လဲ'

'လန့်သွားတာပေါ့ကွဲ'

'ဖြစ်ရမယ်လေ၊ သူလိုချင်တာကလည်း အဲဒါပဲဟာကို။ နောက်တော့ ပြောပါဦး'

အဘိုးကြီးက စကားဆက်ပြောရန် တွန့်ဆုတ်တွန့်ဆုတ် လုပ်နေသေး သည်။ နောက်မှ မရဲတရဲဖြင့် ဘုန်းကျော်အား လက်ညှိုးထိုးပြီး...

'သူ... သူ အဲဒီလွှကြီးထုတ်ပြီး ငါ့ခြေထောက်ကို အတင်းဖြတ်ပစ် မယ်လုပ်တာ၊ ငါတောင်းပန်တာတောင်မှ မရဘူး'

'ဒီတော့'

'ငါလည်း တောင်းပန်လို့မရတော့ ထွက်ပြေးလာခဲ့တာပေါ့...အဟင့်' သတိုး ခေါင်းတဆတ်ဆတ်ညိတ်သည်။

ထိုအချိန်ထိ ဘယ်သူမှ ဘာမှနားမလည်သေးပါ။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်ဖြစ်သော ဘုန်းကျော်ပင် နားမလည်သေးပါ။ သတိုးက ရင်ကို ကော့၍···

"အင်း··· အားလုံးနားလည်အောင် ပြောရမယ်ဆိုရင် အဖြစ်အပျက်က ဒီလိုပါ။ တကယ်တော့ ဦးလေးက အမှန်တကယ် အောက်ပိုင်းသေနေခဲ့တာ မဟုတ်ပါဘူး။ မျက်စိရှေ့မှာ ထိတ်လန့်စရာကောင်းတဲ့ မြင်ကွင်းကို ရုတ်တရက်တွေ့လိုက်ရတော့ လန့်ဖျပ်သွားပြီး နဂိုကတည်းက စိတ်ဓာတ်ကလည်း ပျော့ညံ့တဲ့အခံရှိတော့ ဆိုက်ကိုဝင်ပြီး ကိုယ်တွေ့မြင်ခဲ့ရတဲ့မြင်ကွင်း အတိုင်း ခုလို အောက်ပိုင်းသေသွားခဲ့ရတာပါ။ ပြောရရင် စိတ်ကြောင့် ဖြစ်သွားရတယ်ပေါ့။ ဒါကို ကျွန်တော့်သူငယ်ချင်းက သိမြင်တော့ စိတ်ကြောင့်ဖြစ်ခဲ့တဲ့ ဝေဒနာကို စိတ်နဲ့ပဲ ပြန်ကုခဲ့တာပါ"

ထိုသို့ပြောပြီး ဘုန်းကျော်ဘက်သို့ လှည့်၍···

"ဟုတ်တယ်နော် ဘုန်းကျော်"

ဘုန်းကျော်က ရုပ်တည်ကြီးဖြင့် တစ်ခွန်းတည်းသောစကား ဆိုပါသည်။

"အေး"

ဒီမှာတင် အကုန်လုံး နားလည်သွားကြသည်၊ ယုံကြည်သွားကြပြီး လေးစားအထင်ကြီးခဲ့ရတော့သည်။

ထို့နောက်တော့ ကိုအောင်မြင့်တို့က ဘုန်းကျော်တို့နှစ်ယောက်အား ပျာတိပျာယာဖြင့် ပြန်လည်တောင်းပန်ခဲ့ကြပြီး ငါးထောင်တန်နှစ်အုပ်ကို လက်ထဲသို့ ထည့်ပေးသည်။

နှစ်ယောက်သား ရုပ်တည်ကြီးဖြင့် ယူပါသည်။ ပြီးတော့ ရုပ်တည်ကြီးတွေဖြင့် ဆုံးမစကားလိုလို ဩဝါဒလိုလို စကားတွေ ပြောသည်။

ဒါကို ကိုအောင်မြင့်တို့ မိသားစုကလည်း ရိုရိုသေသေ လေးလေး



www.burmeseclassic.com

www.burmeseclassic.com



အစားစားဟန်ဖြင့် နားထောင်ကြသည်။ သတိုးတို့နှစ်ယောက် ပြောသည့်စကားတွေကတော့ သတိုးက…

'အင်း… လူတွေဆိုတာကလည်း လက်ပူတိုက်ထားတဲ့ ကားတွေလိုပဲပေါ့။ အပြင်ပန်းကြည့်တော့ ဆေးနဲ့ဘော်ဒီက ကြွကြွလေး။ အဲ အတွင်းအင်ဂျင်ပိုင်းကျတော့ ဖြုတ်ပြီး ပိသသချိန်နဲ့ သွားရောင်းဖို့ပဲ ရှိတော့တဲ့အခြေအနေတွေလေ။ ဒါကြောင့် ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ကြ၊ ကြားလား'

'ဟုတ်ကဲ့… ဟုတ်ကဲ့'

ဘုန်းကျော်ကလည်း…

'အဟမ်း… အဟမ်း… အိမ်တစ်အိမ်ကို ခေါင်မြင့်ဖို့အတွက် တိုင်ဆက်မယ်ဆိုရင် လက်ခုပ်လက်ဝါးနည်းနဲ့ ဆက်တာက မကောင်းဘူး။ မီးကျောင်းခေါင်းထွင်းပြီးဆက်မှ အဆင်ပြေတာ၊ ခိုင်မာတာ။ ခု ကျုပ်ကုပေးလိုက်တဲ့ ရောဂါကလည်း မိကျောင်းချောင်းနည်းနဲ့ ကုပေးလိုက်တာပါ။ နောက်တစ်ခါထပ်ဖြစ်ဖို့ အကြောင်းကို မရှိတော့ဘူး၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့… ဟုတ်ကဲ့'

ထိုသို့ နှစ်ယောက်သား ပါးစပ်ထဲရှိတာပြောပြီးနောက် အားလုံးကိုနှုတ်ဆက်ကာ ပြန်ထွက်လာခဲ့ကြသည်။

ကိုအောင်မြင့်တို့မိသားစု မမြင်လောက်သည့် နေရာသို့ရောက်သည့်အခါ နှစ်ယောက်သား ခြေလှမ်းတွေကို ပြိုင်တူရပ်လိုက်ကြသည်။

ထို့နောက် နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် စွေစွေ့နည်းငယ်မျှ စိုက်ကြည့်လိုက်ကြပြီး ဘုန်းကျော်က…

'ဆယ်သိန်းတောင်မှကွ နော်'

'အေး… ဆယ်သိန်း'



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းများ အရင်ပြုံးသွားကြသည်။

ပြီးတော့ နှုတ်ခမ်း…

နောက်တော့ အပြုံးကို လွှန်သွားပြီး…

'ဟား… ဟား… ဟား… ဟား'

'ဟား… ဟား… ဟား… ဟား'

'……………….'

တော်တော်ကြာကြာ ရယ်နေရင်းမှ သတိုးက အရယ်ရပ်လို့ ပြီး…

'ဘုန်းကျော် ငါတို့ ဘာကိုအရင်လုပ်ကြရင် ကောင်းမလဲ'

'အင်… အဝတ်အစားတွေအရင်ဝယ်ရင် ကောင်းမယ်ကွ'

'အေး… ကောင်းတယ်'

ထိုသို့ဖြင့် နှစ်ယောက်သား ငွေထုပ်ကိုင်ကာ ဈေးဝယ်စင်တာ တစ်ခုသို့ ချီတက်လာခဲ့ကြသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

အဆင့်မြင့်မြင့်ဖြင့် လှတပတဝတ်စားထားသည့် မိန်းကလေးများ သွားပန်းခတ်မျှ လှုပ်ရှားနေသော စင်တာကြီးရှေ့သို့ သတိုးတို့နှစ်ယောက် ရောက်လာခဲ့ကြသည်။

သတိုးလက်ထဲတွင်တော့ ငွေဆယ်သိန်းထုပ် ရှိနေပြီး ဘုန်းကျော်၏ လက်ထဲတွင်တော့ သူ၏ လက်သမားအိတ်ကြီး ရှိနေသည်။

'ဘုန်းကျော်… မင်း ဒါမျိုးနေရာကို ရောက်ဖူးလား'

'ဟော့အေး… ကြားပဲ ကြားဖူးတာ'

သတိုး သက်ပြင်းချမိသည်။ ဟုတ်သည်။ မိမိတို့နှစ်ယောက် ငွေ တစ်သောင်းပင်ပြည့်အောင် မကိုင်ဖူးသဖြင့် ဒီလိုနေရာတွေကို တစ်ကြိမ်တစ် ခါမျှ ဝင်ရောက်ဖူးကြခြင်း မရှိပါ။ ဘုန်းကျော်က…

'ဘာလဲ သတိုး မင်းက ဝင်ရမှာ ရှိန်နေလို့လား'

'ဟာ… ဟာ ရှိန်စရာလားကွ၊ အထဲမှာ ငါတို့ကို ကိုက်စားမယ့်သူ မှ မရှိတာ'

သတိုးစကားကြောင့် ဘုန်းကျော်ပါ လိုက်ရယ်သည်။

ပြီးနောက် နှစ်ယောက်သား ရင်ကိုကော့၍ အများသူငါ ဝင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလာနေသော လုံခြုံရေးဝင်ပေါက်မှ ဝင်လိုက်ကြလေသည်။ ထိုအခါ…

'တီ… တီ… တီ… တီ… တီ… တီ'

အသံက ဘယ်နားကလာမှန်း မသိပါ။ ဒါပေမဲ့ စူးစူးရှရှဖြင့် ကျယ်လောင်လှသည်။ ထိုအသံကြောင့် ခပ်အေးအေးပုံစံရှိနေသော လုံခြုံရေးဝန်ထမ်းများ ပျာယာခတ်သွားပြီး အထဲသို့ဝင်ရန် ခြေလှမ်းပြင်နေသော ဘုန်းကျော်တို့နှစ်ယောက်ရှေ့မှ တင်းမာသော မျက်နှာတွေဖြင့် ကာဆီးလိုက်ကြသည်။

'ဒီကနောင်ငြေးတို့ ခဏနေပါဦး'

ထိုသို့အပြောခံ အတားခံလိုက်ရခြင်းကြောင့် နှစ်ယောက်သား ကြောင်စီစီဖြစ်သွားကြသည်။

'ဘာလဲဗျ… ဘာဖြစ်လို့လဲ'

'အေးလေ… ဘာလဲ ကျုပ်တို့ကို ပိုက်ဆံမပါဘူးထင်နေလို့လား'

ထိုအခါ လုံခြုံရေးဝန်ထမ်းက…

'မဟုတ်ပါဘူး၊ စစ်ဆေးစရာလေးတွေ ရှိနေသေးလို့ပါ'

စစ်ဆေးစရာ…. စစ်ဆေးစရာဆိုတာ ဘာကိုဆိုလိုသလဲ မသိ။ သူများတွေကျတော့ ဒီလိုတွေမပြော၊ ဒီလိုတွေမစစ်ဆေး၊ ကိုယ်တွေကျမှ ဘာလဲပေါ့။

သတိုးက တင်းသွားဟန်ဖြင့်…

'ဘာလဲဗျ… ဘာကိုစစ်မှာလဲ'

လုံခြုံရေးဝန်ထမ်းက…

'ရှုံးခန်းကိုသာ ခဏလေးလိုက်ခဲ့ပေးပါ'

'မလိုက်ဘူးဆိုရင်ရောဗျာ'

'ဒါဆိုရင်တော့ ကျွန်တော်တို့ ဖြစ်တဲ့နည်းနဲ့ ခေါ်သွားရပါလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



သတိုးနှင့် ဘုန်းကျော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြသည်။ ပြီးတော့ ခပ်ယဲ့ယဲ့ပြုံးပစ်လိုက်ကြ၏။ ဘုန်းကျော်က ပခုံးကို တွန့်၍…

'ကောင်းပြီလေ… ဒါဆိုရင် ကျုပ်တို့ ခင်ဗျားတို့ခေါ်သွားမယ့်နေရာကို လိုက်ခဲ့ရတော့မှာပေါ့'

ထိုသို့ဖြင့် လုံခြုံရေးဝန်ထမ်းများ သတိုးတို့နှစ်ယောက်ကို မသိမသာ ညှပ်၍ မန်နေဂျာရုံးခန်းသို့ ခေါ်သွားခဲ့ကြသည်။

ထိုအချိန်အထိ လုံခြုံရေးဝန်ထမ်းများမှာ သူတို့ကိုယ်သူတို့ ကျားမြီးဆွဲလိုက်ကြပြီမှန်း မရိပ်မိကြသေးပေ။

ရုံးခန်းသို့ ရောက်သောအခါ…။

××××××××××

ရုံးခန်းထဲတွင် မျက်လုံးပေကလပ်ပေကလပ်နှင့် လူတစ်ယောက် ငုတ်တုတ်ထိုင်နေသည်။ သူ့ရှေ့စားပွဲခုံပေါ်တွင် မန်နေဂျာဟု ဖော်ညွှန်းထားသော သစ်သားဘုတ်လေးတစ်ခု တင်ထားသည်။

ထိုအခန်းထဲသို့ သတိုးတို့အုပ်စု ဝင်ရောက်သွားသောအခါ ထိုလူက ထိုင်ရမလို ထရမလိုဖြင့် ကွတတပုံစံဖြင့် ဆီးကြိုပါသည်။

အခန်းထဲတွင် အဲယားကွန်းကို အစွမ်းကုန်ဖွင့်ထားသဖြင့် အေးစိမ့်နေ၏။ ထို့အတူ သတိုးနှင့် ဘုန်းကျော်တို့၏မျက်နှာကလည်း အေးတိအေးစက်ဖြင့် မာခဲနေသည်။

မန်နေဂျာက ကြိုတင်သိထားပုံရသော်လည်း သူ၏ဝန်ထမ်း လုံခြုံရေးများအား မျက်စအရင်ပစ်၍ မေးခွန်းထုတ်သည်။

'ဘာလဲ… ဘာကိစ္စလဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လုံခြုံရေးဝန်ထမ်းခေါင်းဆောင်က လေသံတောင့်တောင့်ဖြင့်…

'သူတို့ကို မသင်္ကာလို့ ခေါ်လာတာပါ'

'အေး… ဘာဖြစ်လို့ မသင်္ကာရတာလဲ'

'ဒီလိုပါ သူတို့နှစ်ယောက် အချက်ပေးစနစ်ကို ဖြတ်တော့ စက်က အသံမြည်ပါတယ်'

မန်နေဂျာ အံ့အားသင့်သွားဟန် တမင်တကာပုံဖမ်း၍ မျက်လုံးအပြူးသည်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်သည်။ စားပွဲခုံကို လက်ဆဖြင့် တဒုတ်ဒုတ်ခေါက်သည်။ ပြီးမှ သတိုးတို့ဘက်လှည့်၍ မျက်လုံး ခပ်မှေးမှေးထားကာ ကြည့်သည်။

သတိုးနှင့် ဘုန်းကျော်က မျက်လုံးပြူး၍ အံ့ပြန်ကြိတ်ပြလိုက်ခြင်း ကြောင့် တွန့်ခနဲဖြစ်သွားပြီး အဟမ်း… အဟမ်းဟု ချောင်းနှစ်ခါ ထ သည်။

သတိုးက စိတ်မရှည်တော့ဘဲ…

'ဒီမှာဟေ့လူ… ကျုပ်တို့ဘာသာ ကျုပ်တို့ ဈေးလာဝယ်တာ ဘာ ကိစ္စ ဒီကို ခေါ်လာရတာလဲ'

ထိုသို့ ဒဲ့မေးလိုက်ခြင်းကြောင့် မန်နေဂျာက နှုတ်ခမ်းကို အသာတွ ကွေး၍ ဆရာအထာဖြင့် ပြုံးပြီး…

'ဘာဖြစ်လို့လဲဆိုတော့ မောင်ရင်တို့မှာ ပြဿနာနည်းနည်းပါလာ လို့ပဲ'

'ပြဿနာ… ဘာပြဿနာလဲ'

'အင်း… ဒါကတော့ မောင်ရင်တို့ ကိုယ်ပေါ်မှာ ရှာကြည့်မှ ဖြ လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဗျ'

နှစ်ယောက်စလုံး တင်းသွားကြသည်။

'ဒီမှာ ကျုပ်တို့ကိုယ်ပေါ်မှာ အငှာကလွဲလို့ ဘာမှမပါဘူး'

'အေးလေ… ရာရာစစ'

မန်နေဂျာ မျက်ခုံးပင့်၍ကြည့်ပြီး…

'အဲဒီ အငှာဆိုတာ ဘာလဲ'

'အငှာဆိုတာ အငှာပေါ့ဗျ'

'ဟုတ်ပြီ၊ ကျုပ်လည်း အဲဒီအငှာကိုပဲ တွေ့ချင်နေတာ'

နှစ်ယောက်သား မျက်လုံးပြူးသွားကြသည်။ ပြီးတော့ မတွန့်သင့်သည့်နေရာတွေလည်း တွန့်တက်ကုန်၏။

'ခင်… ခင်ဗျားဗျာ ကြံကြီးစည်ရာ'

'အေးလေ… ယောကျ်ားအချင်းချင်းကြီးကို'

မန်နေဂျာခေါင်းတခါခါလုပ်သည်။ ပြီးတော့ သူ့လူများကို သံပြတ်ကြီးဖြင့်…

'ဟောကောင်တွေ ရှာကြစမ်း၊ တစ်နေရာမှ မလွတ်စေနဲ့'

ထိုသို့ပြောလိုက်သည်နှင့်တစ်ပြိုင်နက် လုံခြုံရေးဝန်ထမ်းများ သတိုးတို့ထံသို့ ဝုန်းခနဲရောက်လာပြီး ချုပ်ကိုင်လိုက်ကြသည်။

ပြီးနောက် တစ်ကိုယ်လုံးအနှံ့ ပက်ပက်စက်စက် လိုက်ရှာကြတော့သည်။

'ဟာ… ဟာ… ဟေ့လူတွေ ဟေ့လူတွေ…အာ'

'အာ… ဘယ်တွေကို လိုက်စမ်းနေတာလဲ'

'ကျွတ်… ယားတယ်ဗျ… ယားတယ်'

'ဟာ… ဟာ… အဲဒီနေရာကို… အဲဒီနေရာကို… မရှာနဲ့လေဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'.......................'

'.......................'

ထိုသို့ဖြင့် အချိန်အနည်းငယ် ကြာသွားသည်။

သတိုးတို့အဖို့တော့ တစ်ကမ္ဘာပျက်ခန့် ကြာသည်ဟု မှတ်ယူ၏။ လူတစ်ကိုယ်လုံးလည်း ဖွတ်ဖွတ်ညက်ညက် ကြေနေပြီလေ။

လုံခြုံရေးဝန်ထမ်းများက သူတို့စိတ်ကြိုက် သတိုးတို့ ကိုယ်ပေါ်တွင် ပိုးစိုးပက်စက် ရှာပြီးသွားသောအခါ မန်နေဂျာက မျက်မှောင်ကုတ်၍…

'ဘာရှာတွေ့လဲဟေ့'

'အင်း တွေ့တော့တွေ့တယ်ဆရာ၊ ဒါပေမဲ့ ကျွန်တော်တို့ရှာနေတဲ့ဟာတော့ မဟုတ်ဘူး'

ထိုသို့ပြောလိုက်ရာ မန်နေဂျာကြီး စိတ်ရှုပ်သွားပုံဖြင့်…

'မင်းတို့က သေသေချာချာ မရှာကြဘူးလားကွ'

'ဒီထက်ရှာရရင်တော့ ဆရာ အင်း…'

လုံခြုံရေးဝန်ထမ်းက စကားစကိုဖြတ်၍ သတိုးတို့နှစ်ယောက်ကို မျက်လုံးစွေကြည့်သဖြင့် နှစ်ယောက်သား တွန့်ခနဲ ဖြစ်သွားမိ၏။

မန်နေဂျာကြီးက စိတ်မကျေနပ်သေးဟန်ဖြင့်…

'သူတို့ပြောတော့ ကိုယ်ပေါ်မှာ အဝှာပဲ ပါတယ်တဲ့၊ အဲဒီအဝှာကို တွေ့အောင်ရှာမှပေါ့ကွ… ဟင်း'

နားလည်မှု နည်းနည်းလွဲနေပုံရသည်။ ထို့ကြောင့် သတိုးက အလျင်အမြန်ဝင်၍…

'ကျုပ်တို့ပြောတဲ့ အဝှာဆိုတာက ကိုယ်ပေါ်မှာ ကပ်ပါနေတဲ့ အဝတ်အစားကို ပြောတာဗျ၊ ခင်ဗျားက ဘာထင်နေလို့လဲ'

ထိုသို့ပြောလိုက်ခြင်းကြောင့်(အဝှာ=အဝတ်အစား)ဆိုသည်ကို သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသောအခါ မန်နေဂျာကြီးမှာ ဟိုလိုလို ဒီလိုလိုဖြင့် ခဏမျှ ငြိမ်သွားၐ၏။

နောက်မှ သူ့အရှက်ကို သူ့ဘာသာသူ ပြန်ဖြေ၍ သတိုးတို့အား လှည့်ပတ်၍ တရားခံကြည့် ကြည့်သည်။

ထိုအခါ စိတ်တိုနေပြီဖြစ်သော ဘုန်းကျော်က…

'ဟေ့လူ… ခင်ဗျား ဘာတွေလိုက်ကြည့်နေတာလဲ၊ ဘာလဲ တည်ကြည်ခန့်ညားတဲ့ယောကျ်ားချောချော မမြင်ဖူးလို့လား'

ဘုန်းကျော်အပြောကြောင့် မန်နေဂျာကြီး တန့်ခနဲရပ်သွား၍ ခနဲ့ပြုံးတစ်ချက်ပြုံးကာ…

'ဒီမှာဟေ့ကောင် တည်ကြည်ခန့်ညားတဲ့ယောကျ်ားချောချောကို ငါ့ခြံထဲမှာ နေ့တိုင်းတွေ့နေကျကွ။ မင်းတို့ကိုကြည့်နေတာ ဘယ်ကကာလေကာဝ သေမာသူတွေလဲလို့ စဉ်းစားနေတာ'

သတိုး ကျွဲမြီးတိုသွားသည်။

'ဒီမှာဟေ့လူ၊ အပိုတွေပြောမနေနဲ့၊ ခင်ဗျား ကျုပ်တို့ကို စော်ကားချင်တိုင်း စော်ကားနေတာ ပြီးမှ နောင်တပြန်ရမယ်မှတ်'

'အဟက်…ဟက် ဘာလဲ… ခြိမ်းခြောက်နေတာလား'

'ဟင့်အင်း… သတိပေးနေတာ'

'အေးပေါ့လေ၊ လူကြီးလူကောင်းတွေက သတိပေးနေတယ်ဆိုတော့ အသည်း လိုက်နာရမှာပေါ့'

ထိုသို့ ခပ်ရွဲ့ရွဲ့ပြောပြီး သူ့လူများဘက်သို့လှည့်၍ ပိုင်နိုင်သောလေသံဖြင့်

'ဟေ့ကောင်တွေ သူတို့အိတ်ကို ရှာကြစမ်း'

သူတို့အိတ်ဆိုတာက ဘုန်းကျော်ရဲ့ လက်သမားအိတ်ကြီးကို ပြော



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ကြည့်ရတာ ကိုယ်ပေါ်မှာ မည်သည့်မသင်္ကာဖြစ်စေမည့် ပစ္စည်းကိရိယာများ မပါခြင်းကြောင့် အိတ်ထဲတွင်တော့ တစ်စုံတစ်ခုပါမည်ဟု ကျိန်းသေပေါက် ယူဆထားကြဟန်တူသည်။ ထို့ကြောင့် လုံခြုံရေးခေါင်းဆောင်ကပင် အိတ်ကို ရှာဖွေရေးအမှု စတင်ပြုပါသည်။

ပထမဦးဆုံး အိတ်ထဲမှ ထိုးထိုးထောင်ထောင်ဖြစ်နေသောအရာကို စတင်ဆွဲထုတ်လိုက်သည်။ ထိုအရာကတော့ 'လွှ'တစ်ချောင်းပါ။

ပုံမှန်ကိရိယာဖြစ်ခြင်းကြောင့် နောက်တစ်ခုကို ထပ်ထုတ်ပြန်၏။ နောက်တစ်ခုကတော့ 'တူ'။

လုံခြုံရေးဝန်ထမ်း သူ့ဆရာဖြစ်သော မန်နေဂျာကို မော့ကြည့်လိုက်သည်။ မန်နေဂျာက မျက်နှာအနည်းငယ်ပျက်နေသော်လည်း ဆက်ရှာခိုင်းသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ထို့ကြောင့် လုံခြုံရေးဝန်ထမ်းလည်း ပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်၍ ဆက်လက်ရှာဖွေသည်။

ဆက်လက်တွေ့ရှိသော ပစ္စည်းများမှာ ဆောက်၊ ကျင်တွယ်၊ ပေဘူး ခြစ်သား၊ ဖောက်စက်၊ လွန်၊ သပ်၊ ရေချိန်ကြိုး၊ ပလာယာ၊ စတားဝက်အူ သံအနည်းငယ်၊ ရွှေဘော်စက်၊ ကြိုးစက် အစရှိသည်တို့ကို တွေ့ရသည်။

ထိုပစ္စည်းများမှာ သာမန်အနေအထားရှိ ပစ္စည်းများသာဖြစ်ခြင်းကြောင့် မျက်စိပျက်မျက်နှာပျက်ဖြင့် ဘုန်းကျော်တို့အား...

'ဒီ... ဒီ...ပစ္စည်းတွေက ဘာတွေလဲကွ'

ဘုန်းကျော်က...

'လက်သမားပစ္စည်းတွေလေ၊ ခင်ဗျား ဒါလေးတောင်မသိဘူးလား'

'ဒါ... ဒါဆို မင်းက'

ဘုန်းကျော် ရင်ကိုကော့၍...



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က လက်သမားဆရာပဲ'

'လက်စသတ်တော့ မင်းက လူပျိုကိုး'

ဘုန်းကျော် နဝေတိမ်တောင်ဖြစ်သွားပြီး...

'ခင်ဗျား ဘာကိုသိပြီး ကျုပ်ကို လူပျိုမှန်း သိသွားတာလဲ'

မန်နေဂျာ သွားကိုဖြဲ၍...

'အဟေး...ဟေး ညီလေးက လက်သမားဆိုတော့ လူပျိုဖြစ်မှန်း အစ်ကို ရိပ်မိသွားတာပေါ့ကွ... အဟင်း'

ဘာမှလည်း မဆိုင်ပါ။ ဒါပေမဲ့ ဒီလူအချိုးအချိတ် ချက်ချင်းပြောင်းသွားမှန်း ဘုန်းကျော်တို့နှစ်ယောက်သား ရိပ်မိလိုက်ကြသည်။

မပြောင်းခံနိုင်ရိုးလား။ ဖြစ်ခဲ့တဲ့ ကိစ္စက တက်တက်စင်အောင် မှားနေတာကိုး။ ဖြစ်ပုံက... ဘုန်းကျော်တို့ လုံခြုံရေးစနစ်ကို ဖြတ်ရသည့်အခါ လက်ထဲတွင် လက်သမားပစ္စည်းကိရိယာထည့်သော အိတ်ကြီးကို ဆိုင်ဆွဲထားကြသည်။ ၎င်းအိတ်ထဲတွင်ပါဝင်သော ပစ္စည်းကိရိယာများမှာ သံနှင့်ပတ်သက်သော ပစ္စည်းများဖြစ်ခြင်းကြောင့် စက်က သတိပေးသည့် အနေဖြင့် မြည်ခြင်းသာ ဖြစ်သည်။

ဒါကို အကုန်လုံး အယူအဆလွဲသွားပြီး ယခုကဲ့သို့ မှားယွင်းမှုတွေ ဖြစ်ပေါ်ခဲ့ခြင်းသာ ဖြစ်သည်။

၎င်းအဖြစ်အပျက်များကို မန်နေဂျာက မန်နေဂျာပီပီ ဦးစွာရိပ်မိသွားခြင်းကြောင့် ဘုန်းကျော်တို့အား ပြန်ချော့ရန် တာစူနေခြင်းသာ ဖြစ်သည်။

ဒါပေမဲ့ ဟိုငတိနှစ်ကောင်က ချော့တိုင်း မပျော့တတ်သည့် လူစားမျိုးဖြစ်ခြင်းကြောင့် မန်နေဂျာကြီးမှာ စိတ်ရှုပ်ရတော့သည်။

'ညီလေးတို့... ဟီး... ဟီး'

သတိုးက...



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး၊ ခင်ဗျားမျက်နှာက နေရင်းထိုင်ရင်း ဘာကြောင့်စပ်ဖြဲဖြဲ ဖြစ်သွားရတာတုံး'

'အ…ဟဲ… ဟဲ ကိုယ့်ရဲ့မွေးရာပါမျက်နှာက ဒီအတိုင်းပဲကွ။ အဟင်း… ခုနက လူရိုန့်အောင် မျက်နှာကို တမင်တကာ တည်ထားတာ အဟီး'

'ဪ… ဒီလိုလား'

'အဟီး… ဒီ… ဒီလိုပါပဲ၊ ဘယ်လိုမှမအောက်မေ့နဲ့နော် ငါ့ညီတို့ ပြန်ရင် ပြန်လို့ရပြီ သိလား'

'အောင်မာ… ခုနကတော့ လုပ်ချင်တိုင်းလုပ်၊ ရှာချင်တိုင်းရှာပြီး ခုမှ မျက်နှာချိုသွေးပြီး ပြန်ခိုင်းနေတယ် ဟုတ်လား'

'အဲ… အဲ… ဒီလို သဘောတော့ မဟုတ်ရပါဘူးကွာ'

'ဘာမဟုတ်ရမှာလဲ၊ ခင်ဗျားလုပ်တာ ကျုပ်တို့ လူပျိုရည်ပျက်ဖို့ နည်းနည်းပဲ လိုတော့တယ်သိလား'

'အဟင်း… အဟင်း… ဟင်း'

မန်နေဂျာကြီးမှာ စကားပင်ပြန်၍ မပြောနိုင်ဘဲ မျက်လုံးကြီးပြူးကာ တဟင်းဟင်းလုပ်နေရှာသည်။ ဘုန်းကျော်တို့ကတော့ တင်းသည့်အခံဖြင့် စွတ်ဟောက်၏။

'ဘယ့်နှယ့်ကွာ၊ လူကောင်းမှန်းမသိ၊ လူဆိုးမှန်းမသိ၊ ဟိုရှာဒီရှာနဲ့'

'အဟင်း… ဟင်း'

'ဟုတ်ပါ့ကွာ၊ ရှာတော့လည်း လက်ကြမ်းကြီးတွေနဲ့ ဟွန်း'

'အဟင်း… ဟင်း'

'ဘုန်းကျော်… ဒီကိစ္စကို မင်းကျေနပ်လား'

'ဟင့်အင်း… လုံးဝကို မကျေနပ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



‘ဒါဆို တိုင်မယ်ကွာ’

‘အေး… တိုင်၊ ဘယ်ကိုတိုင်မှာလဲ’

‘သူ့အထက်အရာရှိကို သွားတိုင်မယ်ကွာ’

‘အာ… မင်းကလည်း သူ့လူသူ ညှာမှာပေါ့ကွ’

‘အေး ဒါလည်းဟုတ်တာပဲ၊ ဒါဆို လူထုအော်သံမှာ ထည့်မယ်ကွာ’

‘ကောင်းတယ်၊ ငါက ဂျာနယ်တွေမှာ သွားထည့်မယ်’

‘ထည့်လေ… ဂျာနယ်တွေက ဒါမျိုးသတင်းဆို သိပ်ထည့်ချင်နေတာ’

‘ထည့်လိုက်လို့ကတော့ကွာ ဒီငတိကြီးလည်းပြုတ်၊ ဒီစင်တာလည်း နာမည်ပျက်၊ ဟင်း… ကောင်းမှကောင်း’

‘ဒါတင်ဘယ်ကဦးမလဲကွ၊ ငါတို့ကို မတရားအလုပ်ခံရတဲ့ အမျိုးကောင်းသားလေးတွေဆိုပြီး လူတွေက ဝိုင်းသနားဦးမှာ အဟေး’

‘ဟုတ်တယ် ဟုတ်တယ်၊ အဲဒီလို သနားရာကနေ နာမည်တွေဘာတွေကြီးလာပြီး ဗီဒီယိုတွေဘာတွေ တက်ရိုက်၊ နာမည်ကြီးမင်းသားဖြစ်’

‘ဒါတင်ဘယ်ကမလဲကွ၊ သီချင်းတွေဘာတွေဝင်ဆို။ အဆိုတော်ပါဖြစ်’

‘အာ… မင်းကလည်း ငါတို့နှစ်ယောက်စလုံးက ရုပ်ပဲရှိတာကွ၊ အသံမှ မရှိတာ၊ ဘယ်လိုလုပ်ပြီး အဆိုတော်လုပ်လို့ရမှာလဲ’

‘ကျွတ်… မင်း တော်တော်ဗဟုသုတနည်းတဲ့ကောင်ပဲ။ ဒီခေတ်ကြီးမှာက သီချင်းဆိုတတ်ဖို့ မလိုဘူးကွ၊ ပိုက်ဆံရှိတာနဲ့ အဆိုတော်တန်းဖြစ်တယ်၊ နားလည်လား’

‘ဩော်… ဒီလိုလား၊ ဒါဆိုရင်ချကွာ’

‘ဟာ… နေဦးကွ၊ ငါတို့က ဒီလိုနာမည်ကြီးမင်းသားတွေ၊ အဆို

www.burmeseclassic.com



တော်တွေ ဖြစ်နေတဲ့အချိန်မှာ ဒီမန်နေဂျာက ဘာဖြစ်နေမယ်လို့ မင်းထင်လဲ'

ဘုန်းကျော် ထိုသို့မေးလိုက်သောအခါ မန်နေဂျာကြီးမှာ အနာဂတ်တွင် သူဘာဖြစ်နိုင်သလဲဆိုတာကို သုံးသပ်ပေးမည့် သတိုးကို မျက်လုံးလေးပေကလပ်ပေကလပ်ဖြင့် လှမ်းကြည့်သည်။ သတိုးက နဖူးကို လက်ဖြင့်ထောက်၍ အလေးအနက်စဉ်းစားဟန်ပြုပြီး…

'အင်း… အခြေအနေကို ပြန်ပြီးသုံးသပ်ရမယ်ဆိုရင် ငါတို့ကို မတရားလုပ်ခဲ့တဲ့အတွက် မန်နေဂျာကြီးကို သူ့အလုပ်ရှင်သူဌေးက အလုပ်ဖြုတ်ပစ်လိုက်မယ်၊ ဒီလိုအလုပ်ပြုတ်သွားတဲ့အတွက် အိမ်ပြန်ရောက်တာနဲ့ တစ်ဖြိုင်နက် သူ့မိန်းမက အလုပ်မရှိအကိုင်မရှိ ဂျလေဘီကို လက်မခံဘူးဆိုပြီး အိမ်ပေါ်ကနေ နှင်ချမယ်၊ ဒီမှာတင် ဇာတ်လမ်းက စတော့တာပဲ'

ဘုန်းကျော်က စိတ်ဝင်စားသည့်လေသံဖြင့်…

'ဘာဇာတ်လမ်းစတာလဲကွ'

'ခွေးဖြစ်မယ့် ဇာတ်လမ်းစတာလေကွာ'

'ဪ… စိတ်ဝင်စားစရာပဲကွ၊ ဆက်ပါဦး'

မန်နေဂျာကြီးက သူ ခွေးဖြစ်တော့မည့် ဇာတ်လမ်းကို မျက်ရည်တလည်လည်ဖြင့် စိတ်ဝင်စားစွာ ဆက်လက်နားထောင်သည်။ သတိုးက ဆက်၍…

'ဒီလိုလေကွာ၊ မိန်းမက အိမ်ပေါ်က နှင်ချလိုက်တာဆိုတော့ လမ်းပေါ်ရောက်သွားတော့တာပေါ့။ ဟိုအလုပ်ရှင်ဆီက အလုပ်သွားတောင်းလိုက် ဒီအလုပ်ရှင်ဆီက အလုပ်သွားတောင်းလိုက်နဲ့သာ လုပ်နေတာ ဘယ်သူကမှ သူ့ကို အလုပ်မပေးဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ သူ ငါတို့နှင့်ယာက်ထ ယုတ်မာခဲ့တာ ဂျာနယ်တွေထဲကတစ်ဆင့် လူတိုင်းက သိထားတာကိုး



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဘယ်အလုပ်ရှင်ကမှ သူလို လူယုတ်မာကို အလုပ်ပေးပါ့မလဲ။ အလုပ်ရှင်ပဲလားဆိုတော့ မဟုတ်ပြန်ဘူးကွ။ တွေ့တဲ့လူတိုင်းကပါ လူယုတ်မာကြီးဆိုပြီး မျက်နှာကို တံတွေးနဲ့ထွေးသွားကြတာကွ။ ဒီမှာတင် သူလည်း လောကကြီးကို စိတ်နာပြီး ဘုန်းကြီးကျောင်းကို သွားပြီး ဘုန်းကြီးဝတ်မယ်ကြံတော့ ကျောင်းထိုင်က လူယုတ်မာဆိုပြီး လက်မခံပြန်ဘူးကွ။ ဒါပေမဲ့ ကျောင်းထိုင်ဆရာတော်က ကရုဏာတရား ကြီးမားတော့ သူ့ကို ကျောင်းဝင်းထဲက ဇရပ်ပျက်ကြီးမှာ နေခွင့်ပေးလိုက်တယ်။ ပြီးတော့ အချိန်တန်ရင် ဆွမ်းကျန်လေးဘာလေးလည်း စွန့်တာပေါ့လေ'

ဘုန်းကျော်က သက်ပြင်းချ၍···

'ဒါဆိုတော်သေးတာပေါ့ကွ၊ နေစရာ စားစရာအဆင်သင့်ရှိတဲ့ဟာကို'

သတိုးက ခေါင်းခါ၍···

'မဟုတ်ဘူးကွ၊ သူက ဇရပ်မှာသာ နေရတာ၊ ခပ်အေးအေးနေရတာတော့ မဟုတ်ဘူးကွ'

'ဘယ်လို··· ဘယ်လို'

'ဒီလိုကွ၊ အဲဒီဇရပ်မှာက သူမရောက်ခင်ကတည်းက ခွေးလေခွေးလွင့်တွေက တစ်အုပ်ကြီးရှိပြီးသား။ ဒီခွေးတွေက ဇရပ်မှာနေပြီး ဘုန်းကြီးကျောင်းက စားကြွင်းစားကျန်တွေကို စားနေကျဆိုပါတော့ကွာ။ အဲ သူလည်း အဲဒီဇရပ်ကိုရောက်လာတော့ ဆရာတော်က သူ့အတွက် ဆွမ်းကျန်ပေးတာကို ခွေးတွေက သူတို့အတွက်ဆိုပြီး ဝင်လု၊ သူကလည်း ပြန်လုနဲ့ နောက်ဆုံး အတင်းအဓမ္မ ခွေးတွေနဲ့အပြိုင် လုယက်ပြီး စားသောက်ရတာလေ။ ဒါကြောင့် ငါက ခွေးဇာတ်လို့ ပြောတာကွ'

'ပေါက်ပြီ၊ လုံးဝကို ပေါက်သွားပြီ··· ဟား ဟား'

www.burmeseclassic.com



ထိုသို့ ဘုန်းကျော် ဝမ်းသာအားရဖြင့် ထအော်စဉ်မှာပင် မန်နေဂျာကြီးထံမှ ဆန့်ကျင်ဘက်အသံကြီး ထွက်၍လာ၏။

'အီး… ဟီး ဟီး သူတို့ကျတော့ မင်းသားတဲ့၊ အဆိုတော်တဲ့။ ငါ့ကျတော့ ဇရပ်ပျက်ထဲမှာ ခွေးတွေနဲ့အပြိုင် ထမင်းလုစားရမှာတဲ့ အီး'

ဟု ထငိုသဖြင့် အကုန်လုံး နှာခေါင်းရှုံ့သွားကြသည်။ ယောက်ျားကြီးတန်မယ့် ပုလဲတွေ လာခပြနေတာကိုး။

ဘုန်းကျော်က…

'ကျွတ်… ပော့လူ ဘာကိစ္စငိုရတာတုံး'

'ငါ့ဘဝကို ငါသနားသွားမိလို့ ငိုတာပေါ့ကွ… အီး'

'အာဗျာ… တကယ်မှ မဟုတ်သေးတဲ့ဟာကို'

ထိုသို့ သတိုး ပြောလိုက်မှ ထိုလူ အငိုတိခနဲတိတ်သွားပြီး မျက်လုံးကလယ်ကလယ်ဖြင့် စဉ်းစားခန်းဝင်သည်။ ပြီးမှ သက်ပြင်းကို ဟင်းခနဲချ၍…

'အေးနော်၊ တကယ်မှ မဟုတ်သေးတဲ့ဟာကို ငါက ဘာကိစ္စငိုရမှာတုံး'

သတိုးက မျက်နှာသေကြီးဖြင့်…

'ဒါပေမဲ့ တကယ်ဟုတ်သွားအောင် ကျုပ်တို့ ချက်ချင်းအကောင်အထည်ဖော်လို့ရတယ်'

'ဒါ… ဒါဆို ငါက ပြန်ငိုရတော့မှာလား'

'အဲဒါတော့ ခင်ဗျားသဘောပဲ၊ ကျုပ်တို့ကတော့ ကျုပ်တို့နစ်နာခဲ့တဲ့အတွက် ဝ.ၚ ; ခုတော့ လက်တုံ့ပြန်မှာအမှန်ပဲ'

'မ… မလုပ်ပါနဲ့ ငါညီတို့ရယ်'

'ကျုပ်တို့တုန်းက ခင်ဗျားကို ဒီလိုပဲပြောခဲ့တာပဲလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါ… ဒါက'

ဘုန်းကျော်က စိတ်မရှည်သောလေသံဖြင့်…

'ကြာတယ်သတိုးရာ၊ လာ… ဂျာနယ်တိုက်ကို သွားကြမယ်'

'အေး… သွားမယ်လေ'

ထိုအခါ မန်နေဂျာကြီးမှာ မျက်လုံးပြူးမျက်ဆန်ပြူးပြီး ကပျာကယာဖြင့်…

'အာ… နေ… နေပါဦး ငါ့ညီတို့ရာ၊ ကိုယ့်အမှားအတွက် ကိုယ်တောင်းပန်ပါတယ်။ ရက်တော့ မရက်စက်လိုက်ကြပါနဲ့'

'ဒီလိုပါးစပ်လေးနဲ့ တောင်းပန်လို့ ရမလားဗျ'

'ဒါ… ဒါဆို ဘယ်လိုတောင်းပန်ရမှာလဲဟင်'

'ဒါတော့ ခင်ဗျားဘာသာခင်ဗျား စဉ်းစားပေါ့'

ထိုသို့ပြောပြီး သတိုးတို့နှစ်ယောက် လက်ပိုက်ပြီး မျက်နှာကို တစ်ဖက်သို့လှည့်ထားလိုက်ကြသည်။

ထိုအခါ မန်နေဂျာကြီးမှာ စဉ်းစားရပါပြီ။ သတိုးတို့ကို ပါးစပ်နှင့်မဟုတ်ဘဲ တခြားဘယ်လိုနည်းလမ်းနှင့် တောင်းပန်ရင် ကောင်းမလဲပေါ့။

ခဏကြာတော့ သဘောက ကွက်ကွက်ကွင်းကွင်းပေါက်သွားသည်။ ထို့ကြောင့် အိတ်ကပ်ထဲမှ တစ်စုံတစ်ခုကို ထုတ်၍…

'ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ ငါ့ညီတို့ရာ၊ ဒါလေးကို အစ်ကိုတက်ဆောင်လို့ သဘောထားပေးပါ'

ထိုကမ်းပေးသောအရာကို သတိုးတို့ မျက်မှောင်ကျုံ့၍ကြည့်ပြီး…

'ဒီကဒ်က ဘာကဒ်လဲ'

'ဒါ Discount ကဒ်ပါညီလေး၊ ဒီကဒ်ကိုပြပြီး စင်တာထဲက ညီလေးတို့ ကြိုက်တဲ့ဆိုင်မှာ ကြိုက်တဲ့ပစ္စည်း ဝယ်ပါ။ ညီလေးတို့ကို အနည်းဈေးနှုန်းရဲ့ ငါးဆယ်ရာခိုင်နှုန်းကို လျှော့ပြီးယူပါလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား မျက်လုံးအရောင် လက်ခနဲဖြစ်သွားကြသည်။ မဖြစ်ခံနိုင်ရိုးလား။ ဒီကဒ်ပြလိုက်ရုံနဲ့ စင့်တာအတွင်း ဆိုင်တွေထဲမှာ ကိုယ်တွေဝယ်ချင်ကာဝယ်၊ ပစ္စည်းတန်ဖိုးရဲ့ ငါးဆယ်ရာခိုင်နှုန်းပဲ ပေးရမယ်ဆိုတာကိုး။ ထို့ကြောင့် ပိုးစိုးပက်စက်ကို လိုချင်သွားကြပါသည်။

ဒါပေမဲ့ အင်တင်တင်လည်း လုပ်ကြပါသေးသည်။

'ဟွန့်အွန်း ယူပါဘူး၊ ဘာလို့ယူရမှာလဲ'

'ယူပါငါ့ညီတို့ရာ၊ ဒါ အစ်ကို့ရဲ့မေတ္တာလက်ဆောင်ပါ'

'ကျုပ်တို့က ဒါမျိုးတွေ စိတ်မဝင်စားတတ်ဘူးဗျ'

'ဒီတစ်ခါတော့ ဝင်စားလိုက်ပါကွာ'

'ဒါ လာဘ်ေ းတာနဲ့ အတူတူပဲ'

'အဲဒီလို သဘောမထားပါနဲ့ကွာ၊ ကူညီတယ်လို့ပဲ မှတ်ပါ'

'ဟွန့်… ဟွတ်'

'ယူ… ယူပါနော်'

မယူချင် ယူချင်ဟန်ဖြင့် လှမ်းယူပါသည်။ ထို့နောက် တက်ကြွစွာဖြင့် အခန်းထဲမှ တဒေါက်ဒေါက် ထွက်ခွာသွားကြတော့သည်။

ထိုအခါမှ မန်နေဂျာကြီးမှာ မျက်နှာနီကြီးဖြင့် သူ့ဝန်ထမ်းများအား…

'ယောကောင်တွေ… မင်းတို့ကြောင့် ငါ ချွေးဖြစ်ဖို့ သီသီလေးလိုတော့တယ်ကွ… ဟင်း… တောက်'

ဟု ဆူပူကြိမ်းမောင်းကာ ကျန်ရစ်ခဲ့သည်။ သတိုးတို့ကတော့…

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

'သတိုး… ဟော့ကောင်'

ရှေ့မှ ကောင်မလေးတစ်ယောက်ကို ငမ်းနေသော သတိုးမှာ ဘုန်းကျော်အား လှည့်မကြည့်အားဘဲ ပါးစပ်မှသာ…၊

'ဘာလဲကွ'

'အကြီးကြီးပဲနော်'

'အာ… ဒီလောက်လည်းမဟုတ်ပါဘူးကွ၊ အနေတော်ပါပဲ… ဟီး'

ဘုန်းကျော် မျက်မှောင်ကျုံ့၍ သတိုးမျက်စိသွားရာကို လိုက်ကြည့်ပြီး…

'ဟော့ကောင် မင်း ဘာကိုပြောနေတာလဲ'

'မင်းကရော ဘာကိုပြောနေတာလဲ'

'ငါက ဒီစင်တာကြီး ကြီးတဲ့အကြောင်းကို ပြောနေတာကွ'

ထိုအခါမှ သတိုး အိုးတို့အမ်းတန်း ဖြစ်သွားပြီး…

'ငါလည်း အဲဒါကိုပဲ ပြောတာပဲလေ။ မင်းထင်သလောက်လည်း ကြီးပါဘူးလို့… အဟင်း'

'ထားပါတော့… ထားပါတော့'



www.burmeseclassic.com

www.burmeseclassic.com



သတိုး အရုက်ပြေလေသဲဖြင့်…

'ဒါနဲ့ ငါတို့ ဘယ်ကစပြီး ဘာဝယ်ရင်ကောင်းမလဲ ဘုန်းကျော်'

ဘုန်းကျော်က ကိုယ့်ခန္ဓာကိုယ် ငုံ့ကြည့်ပြီး…

'အဝတ်အစားအသစ် တစ်စုံစီဝယ်ပြီး လဲဝတ်လိုက်မယ်ကွာ၊ ပြီးမှ လိုတာလျှောက်ကြည့်ကြတာပေါ့'

'အေး… ကောင်းသားပဲ'

ထိုသို့ဖြင့် အမျိုးသားအဝတ်အစားများရောင်းသော ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်ကြသည်။

အမျိုးသားအဝတ်အစားများရောင်းသည့်ဆိုင် ဖြစ်သော်လည်း ဝန် ထမ်းများကတော့ အမျိုးသမီးတွေချည်းပါ။

ဝင်ဝင်ချင်းမှာပင် ခပ်ချောချောကောင်မလေးတစ်ယောက်က ခေါင်း လေးညွှတ်ပြီး ခါးလေးကိုင်း၍ အပြုံးဖြင့်…

'မင်္ဂလာပါရှင်'

ထိုသို့ ဝင်ဝင်ချင်း အရေးတယူ အနှုတ်ဆက်ခံလိုက်ရခြင်းကြောင့် နှစ်ယောက်သား ရှိန်းတိန်းဖိန်းတိန်းဖြစ်သွားပြီး ရှေ့သို့ သုံးလေးလှမ်းမျှ လျှောက်သွားပြီးမှ ရပ်၍ တီးတိုးလေသံဖြင့်…

'သတိုး… ငါတို့ကို မင်္ဂလာပါလို့ပြောပြီး နှုတ်ဆက်တယ်ကွ'

'အေး… ငါ မျက်နှာတောင် ပူသွားသလိုပဲ'

'ငါရောပဲ'

အတွေ့အကြုံမရှိခြင်းကြောင့် နှစ်ယောက်သား ထိုကောင်မလေးကို ပြန်နှုတ်မဆက်မိတာ အားနာသလိုလို ဘာလိုလိုတွေ ဖြစ်နေကြသည်။ ဘုန်းကျော်က …

'ငါတို့ ဒီလိုမသိချင်ယောင်ဆောင်ပြီးထွက်လာတာ ရိုင်းသလိုများ ဖြစ်နေပြီလား မသိဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း အဲဒါပဲ စဉ်းစားနေတာ'

'ဒါဆို သူ့အတိုင်း သွားပြန်နှုတ်ဆက်ရအောင်ကွာ'

'အေး ကောင်းတယ်၊ ဒါမှ နိုင်ငံကြီးသားပီသမှာ'

ထိုသို့ နှစ်ယောက်သား ညှိနှိုင်းပြီး ဧည့်ကြိုကောင်မလေးရှိရာ ဝင်ပေါက်နားသို့ ပြန်လျှောက်ကာ ကောင်မလေးရှေ့၌ ခြေစုံရပ်ကာ ခါးပြိုင်တူ ကိုင်း၍...

'မင်္ဂလာပါခင်ဗျ'

'ရှင်'

ကောင်မလေး ပါးစပ်ဟောင်းလောင်းဖြင့် အူတိအူကြောင် ဖြစ်နေရှာသည်။ သတိုးတို့နှစ်ယောက်ကတော့ ထိုသို့နှုတ်ဆက်ပြီးသည်နှင့်တစ်ပြိုင်နက် ဆိုင်ထဲသို့ ပြန်ဝင်ခဲ့ကြသည်။ ပြီးနောက် အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍...

'မြန်မာလူမျိုးဆိုတော့ သူ နှုတ်ဆက်ရင် ကိုယ်ကပြန်နှုတ်ဆက်ရမှာ တာပဲလေ'

'ဒါပေါ့ကွ၊ ဒါမှ နိုင်ငံကြီးသား ပီသမှာ'

'ချောတော့ ချောသားကွ... နော်'

'အေး... ငါတွေ့ဖူးသမျှကောင်မလေးတွေထဲမှာ သူအလှဆုံးပဲ'

ထိုသို့ပြော၍ရလောက်အောင်လည်း ထိုင်တိမလေးက တော်တော် ချောပါသည်။ အံ့အားသင့်ပြီး ပါးစပ်ကလေး ဟသွားဟန်က ကျောက်ရုပ် ကြီးတောင် ရင်ခုန်သွားစေနိုင်၏။

ဆိုင်အတွင်း၌ ဟိုကြည့်ဒီကြည့် လိုက်ကြည့်နေစဉ် ရုပ်ဆိုးဆိုးအရောင်း မလေးတစ်ဦးက အနားသို့ ရောက်လာပြီး...

'ဘာများအလိုရှိပါသလဲရှင်'



www.burmeseclassic.com

www.burmeseclassic.com



'သြော်… အဝတ်အစားဆိုပါတော့'

'ဟိုလေ… ဘယ်လိုဒီဇိုင်းမျိုးကို ကြိုက်ပါသလဲရှင်'

'အင်း… ဘယ်လိုဘယ်ဝါရယ်တော့ မဟုတ်ပါဘူး၊ မျက်စိရှေ့တွေ့လို့ သဘောကျရင် ယူမယ်လေ'

အရုပ်ဆိုးပေမယ့် ဦးနှောက်မဆိုးသော အရောင်းဝန်ထမ်းငတိမလေးက အခြေအနေကို ဒက်ခနဲ သဘောပေါက်သွားသည်။

ဒီနှစ်ကောင်က တောသားသာသာငတိတွေ။ လက်ရှိအဝတ်အစားတွေက စုတ်နေပေမယ့် လက်ထဲမှာ ကိုင်ထားတဲ့ငွေက အထပ်လိုက်ကြီး။ ဒီတော့ ဈေးမြောက်တဲ့အဝတ်အစားတန်းဘက်ကို လှည့်ခေါ်သွားပြီး အပြောချိုချိုသုံးကာ အတင်းထိုးထည့်ရမည်။

ထိုသို့ ငတိမကတွေးပြီး အပြုံးချိုချိုဖြင့်…

'အစ်ကိုတို့ ကြိုက်လောက်မယ့် အဝတ်အစားတွေက ဟိုဘက်မှာ ရှိပါတယ်။ ကျွန်မနဲ့ လိုက်ခဲ့ပါရှင့်'

ထို့ကြောင့် နှစ်ယောက်သား သူမခေါ်ရာသို့ လိုက်ပါလာခဲ့ကြသည်။ ငတိမက ကြောင်ကြောင်ကြားကြား အင်္ကျီတစ်ထည်ကို လှမ်းယူ၍…

'ဒါ ကိုရီးယားဖက်ရှင်တွေထဲက နောက်ဆုံးပေါ်ဖက်ရှင်ပါ။ အစ်ကိုတို့နဲ့ဆို သိပ်လိုက်မှာ သိလား'

ပြောပြောဆိုဆို သတိုးကိုယ်ပေါ်သို့ ဖတ်ခနဲ လှမ်းကပ်လိုက်သည်။ သတိုး နောက်သို့ အလန့်တကြားခုန်ရှောင်၍ မျက်နှာနီကြီးဖြင့်…

'မင်း… မင်း မိန်းမအင်္ကျီကြီး ငါ့ကိုယ်ပေါ် ဘာကိစ္စ လာကပ်နေတာလဲ'

ငတိမ ကြောင်အမ်းအမ်းဖြစ်သွားပြီး ကပျာကယာဖြင့်…

'ဒါ မိန်းမအင်္ကျီ မဟုတ်ပါဘူးရှင့်၊ ယောကျ်ားလေးအင်္ကျီပါ'



www.burmeseclassic.com

www.burmeseclassic.com



'အာ… ဒီလောက်ကြောင်ကြောင်ကြားကြားနဲ့ သေးသေးကွေးကွေး အင်္ကျီက ယောက်ျားအင်္ကျီ ဖြစ်စရာလားကွ'

'တကယ်ပါရှင်၊ တကယ့်ကို ယောက်ျားလေးအင်္ကျီပါ'

'ဟင့်အင်း ငါမယုံပါဘူး။ အရောင်ကထားပါတော့၊ အင်္ကျီဆိုဒ်က မိန်းမဆိုဒ်ပဲဟာကို'

'အဲဒါက ဘော်ဒီဖစ်တ်မို့လို့ပါ'

'တွေ့လား ပေါ်ပြီ၊ ဘော်လီတွေဘာတွေဆိုတာ မိန်းမတွေဝတ်တဲ့ အတွင်းခံလိုဟာမျိုးကို ခေါ်တာမဟုတ်လား'

ငတိမ ရှာတွေပတ်ပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်ကုန်၏။ ရှင်းပြရန် အတွက် ပါးစပ်ကို ဟလိုက်သေးသည်။ နောက်မှ ဒီလိုငတိမျိုးကို ရှင်းပြမည် ဆိုလျှင် မိမိသာ လျှာအတောင့်လိုက်ထွက်လာရုံသာ ရှိမည်၊ ဒီငတိကတော့ လုံးလုံးနားလည်လာမည်မဟုတ်မှန်း မှန်ကန်စွာ သုံးသပ်လိုက်မိခြင်းကြောင့် ဟနေသော ပါးစပ်ကို ပြန်ပိတ်၍ ဟင်းခနဲသာ သက်ပြင်းသချလိုက်မိတော့ သည်။

ဒါပေမဲ့ ဝါရင့်အရောင်းစာရေးမတစ်ယောက်၏ စိတ်ဓာတ်သည် လုံးလုံးတော့ ပျောက်ပျက်မသွား။ ဒီတစ်ယောက် မရရင် နောက်တစ်ယောက် တော့ ရရမယ်ဟု မာန်ပြန်တင်း၍ အူတူတူဖြင့်ရပ်နေသော ဘုန်းကျော် ဘက်သို့ ဖျတ်ခနဲလှည့်၍ လှိုက်လှိုက်လှဲလှဲပင် အရင်ပြုံးပြလိုက်ပြီး…

'ဒီကအစ်ကိုက ဘောင်းဘီနဲ့ဆို ကြည့်ကောင်းမယ့်ပုံပဲနော်'

'အဟင်း… ပြောကြတာပါပဲ'

ခွင်ကတော့ တည့်သွားပြန်ပါပြီ။

ဘုန်းကျော်ဆိုသည့် မျက်နှာရှူးကလည်း မြှောက်လို့မြှောက်မှန်းမသိ ရှုတ်ဆက်ပြီး မြှောက်သွားတာကိုး။

www.burmeseclassic.com



ဒီတော့ ဝေါ်မက သဘောခွေ့သွားပြီး ဘောင်းဘီတစ်ထည်ကို ဆတ်ခနဲ လှမ်းယူ၍ ဘုန်းကျော်ခါးကို လှမ်းကပ်လိုက်သည်။

'ဟာ... ဟာ... ဟော့'

ဘုန်းကျော် အလျှင်အမြန်ပင် နောက်သို့ခုန်ရှောင်လိုက်ပြီး...

'မင်း... မင်း... ဘာ... ဘာလုပ်တာလဲ'

'ကပ်တာလေ... ကပ်တာ'

'အာ... ကြွက်သီးထလိုက်တာကွာ'

'အို... အစ်ကိုကလည်း ဒါမှ အစ်ကိုနဲ့ လိုက်မလိုက် သိရမှာပေါ့'

ဟု ပြောရင်း ထပ်ကပ်ရန် ရှေ့သို့တိုးလာခြင်းကြောင့် ဘုန်းကျော်က ပျာကယာပင် လက်တခါခါဖြင့်...

'မင်း... မင်းနော်... မကပ်နဲ့ဆို မကပ်နဲ့'

'ဘာဖြစ်လို့လဲ အစ်ကိုရဲ့'

'ဟိုဟာဖြစ်လို့'

'ဘယ်အဓိပ္ပာတုံး'

တော်တော်ကို အရစ်ရှည်တဲ့ ဝေါ်မပါလား။ ဟိုဟာဆို ဟိုဟာပေါ့၊ ဘယ့်နှယ် အတိအကျကြီးတွေ သိနေရလည်း မသိ။ ထို့ကြောင့် ပါးစပ်ထဲ ရှိတာ ပြောသည့်အနေဖြင့် ဘောင်းဘီကို လက်ညှိုးထိုး၍...

'ဟိုကာ ဘောင်းဘီက အပြဲကြီးမို့ ငါသဘောမကျဘူးလို့ ပြောတာ'

'ဩော်... အစ်ကိုကလည်း အဲဒါ အမြင်ဆန်းအောင် တမင်တကာ ဖြဲထားတာလေ'

'အိုကွာ၊ ဘာပဲဖြစ်ဖြစ် အဲဒီလို ဟိုပြဲဒီပြဲနေတဲ့ ဘောင်းဘီတွေ ငါ သဘောမကျတတ်ဘူး'

'ဒါဆို တခြားကောင်းတဲ့ ဘောင်းဘီတွေလည်း ရှိသေးပါတယ်'

www.burmeseclassic.com



'ဟင့်အင်း ငါ စိတ်မဝင်စားတော့ဘူး'

ကောင်မလေး မျက်လုံးလေး ကလယ်ကလယ်ဖြင့်…

'ဘာဖြစ်လို့လဲဟင်၊ ကျွန်မတို့ဆိုင်က ဘောင်းဘီတွေက မကောင်းလို့လား'

'ကောင်းပါတယ်'

'ဒါဆို ဘာကြောင့်မယူရတာလဲဟင်'

'မင်းကြောင့် မယူတာ'

'ကျွန်မကြောင့်… ကျွန်မက ဘာဖြစ်နေလို့လဲ'

'ရုပ်ဆိုးနေလို့'

ငတိမ နင်သွားသည်။ ကိုယ့်ကောင်ကလည်း ဒဲ့ကြီးလွှတ်လိုက်တာကိုး။ ထို့ကြောင့် ငတိမ အကြီးအကျယ် စိတ်ဆိုးသွားပြီး ဘောင်းဘီကို ဆွဲခနဲပစ်ချကာ မျက်စောင်းကြီးကြီးထိုး၍ ပွစိပွစိပြောကာ အနားမှ ထွက်သွား၏။

သတိုးက ပခုံးတွန့်၍…

'ကဲ… ဘုန်းကျော် မဝယ်တော့ဘူးဆိုရင် ငါတို့ ဒီဆိုင်ကနေ လစ်ကြရအောင်'

'ဟင့်အင်း… ဝယ်မှာပေါ့ကွ'

'ဟ… မင်း ခုနကပြောလိုက်လို့ ငါတို့နားကို ဘယ်အရောင်းစာရေးမှ မလာတော့တဲ့ဟာကို ဘာကိုဝယ်ဦးမှာလဲ'

သတိုးပြောတာ ဟုတ်တ်သည်။ ဘုန်းကျော်လက်ချက်ကြောင့် ဆိုင်အတွင်းမှ အရောင်းစာရေးမလေးများမှာ အနားသို့မလာရဲတော့ဘဲ အဝေးမှနေ၍သာ ရစ်သီရစ်သီဖြင့် လှမ်းကြည့်နေကြသည်။ ဘုန်းကျော်က…

'သူတို့မလာလေ ကောင်းလေပဲ။ ငါကလည်း သူတို့ဆီက ဝယ်ချင်တာမှ မဟုတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး၊ မင်းက ဘယ်သူ့ဆီက ဝယ်ချင်တာလဲ'

ဘုန်းကျော် ပါးစပ်မှ ပြန်မဖြေ။ မျက်ရိပ်သာ လှမ်းပြသည်။ သူ့မျက်ရိပ်၏ ဦးတည်ရာက ဆိုင်ပေါက်ဝမှ ညည့်ကြိုစာရေးမလေးဆီသို့။

ထို့ကြောင့် သတိုးစိတ်လေသွားပြီး…

'အာ… သူက ညည့်ကြိုကွ၊ သူ့နားမှာ customer ကိုရောင်းဖို့ ဘာပစ္စည်းမှမှ မရှိတာ'

'ရှိပါတယ်'

ဒီခေါင်းကြောမာလှသော သကောင့်သား လက်သမားကို သတိုးမည်သို့ပြောရမှန်းမသိတော့။ ထို့ကြောင့် စိတ်မရှည်တော့ဘဲ…

'ကဲ… ရှိတယ်ဆိုရင်လည်း သွားဝယ်ကွာ… သွား'

သတိုးစကားပင် မဆုံးသေး။ ဘုန်းကျော် သူ့လက်သမားအိတ်ကြီးကို ဆွဲ၍ ထိုနေရာသို့ ရောက်သွားသည်။ ကောင်မလေးရှေ့၌ ခြေစုံရပ်၍ ခါးကို အနည်းငယ်ကိုင်းကာ…

'မင်္ဂလာပါခင်ဗျာ'

'ရှင်'

ကောင်မလေး မျက်လုံးလေးဝိုင်း၍ ကြောင်တောင်တောင် ဖြစ်နေသည်။ ဘုန်းကျော်က ထပ်၍…

'မင်္ဂလာပါခင်ဗျာ'

'ရှင်… ဟုတ်… ဟုတ်… ဟို'

'ကျွန်တော် အဝတ်အစားတချို့ ဝယ်ချင်လို့ပါ'

ကောင်မလေး စိတ်ကျဉ်းကျပ်နေဟန်ဖြင့်…

'အဲ… အဲဒါတွေက အထဲမှာရှင့်'

ဘုန်းကျော် ခေါင်းကို အရင်ခါ၍…



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း ကျွန်တော်က ဒီအပြင်က အရုပ်တွေရဲ့ကိုယ်ပေါ်က အဝတ်အစားကို လိုချင်တာ'

ထိုသို့ပြောလိုက်ရာ ကောင်မလေး ကြောင်စီစီဖြစ်သွား၏။ ဘုန်းကျော် ပြောတာက ဆိုင်၏ဝင်ပေါက်ဝတွင် ရှိုးအဖြစ်ပြထားသော ယောကျ်ားပုံစံ အရုပ်၏ ကိုယ်ပေါ်မှာ ဆင်မြန်းထားသည့် အဝတ်အစားကို ဆိုလိုတာပါ။ ကောင်မလေး စိတ်ကျဉ်းကျပ်နေသည့်ဟန်ဖြင့်...

'အင်း... အဲဒါက'

'ဘာလဲ ဝယ်လို့မရဘူးလား'

'ဟို... ဟို... ရ... ရပါတယ်'

'ဟုတ်ပြီ၊ ဒါဆိုရင် ချွတ်လိုက်လေ'

'ရှင်...'

'ဩ်... အရုပ်ကိုယ်ပေါ်က အဝတ်အစားကို ပြောတာပါ'

ကောင်မလေး သက်ပြင်းချ၍ customer သဘောကျ အရုပ်ကိုယ်ပေါ်မှ အဝတ်အစားတွေကို သွားရောက်ချွတ်ယူရတော့သည်။

ဆိုင်အတွင်းမှ ငတိမလေးများကတော့ ကွက်ကြည့်ကွက်ကြည့်သာ သုပ်နေကြပြီး ဘုန်းကျော်တို့ကို လန့်နေသဖြင့် ထိုကောင်မလေးအား ဝင်ရောက်ကူညီကြခြင်း မရှိ။ ထို့ကြောင့် ကောင်မလေးမှာ တစ်ကိုယ်တည်း ကြိုးရလေတော့သည်။

ပထမပိုင်း အရုပ်ကိုယ်ပေါ်မှ အင်္ကျီချွတ်ခြင်းကိစ္စကတော့ လွယ်လွယ်ကူကူပင် ပြီးဆုံးသွားသော်လည်း ဘောင်းဘီပါချွတ်ရမည့်အခန်းသို့ ရောက်သောအခါ ဒုက္ခတွေ့လာသည်။ သက်မဲ့ဖြစ်နေခြင်းကြောင့် လူအား ဆွလို ခြေထောက်လေးနည်းနည်းမြှောက်ပါ ပြောလို့မရခြင်းကြောင့် ကိုယ်တိုင် ကိုင်မ၍ ခဲယဉ်းစွာချွတ်နေရသည်။

www.burmeseclassic.com



ဒါကို နံဘေးတွင်ရှိနေသော ဘုန်းကျော်က စိတ်လိုလက်ရလေသံဖြင့်…

'ကျွန်တော် ဝင်ကူရမလား'

ကောင်မလေးက မျက်ဝန်းယဲ့ယဲ့ဖြင့် လှမ်းကြည့်သည်။ ပြီးမှ မသိမသာ ခေါင်းညိတ်ပြသည်။ ဒီခွင်ကို စောင့်နေသော ဘုန်းကျော်ငတိက လှစ်ခနဲနေအောင် အနားသို့ရောက်သွားပြီး…

'ကဲ… ကဲ… ချွတ်… ကျွန်တော် မ ထားပေးမယ်'

ကောင်မလေး မျက်နှာနီနီဖြင့် ဘောင်းဘီကို ချွတ်သည်။ အရုပ်ကိုယ်ပေါ်မှ ဘောင်းဘီကို ဆိုလိုပါသည်။ တခြားမထင်စေလိုပါ။

ထိုသို့ ချွတ်ခြင်းအမှု ပြီးဆုံးသွားပြီးနောက် ဘုန်းကျော်က အရုပ်ကို စေ့စေ့ကြည့်၍…

'အင်း… တော်တော်ပြောင်သွားတာပဲ'

'ရှင်…'

'ဩော်… အရုပ်ကို ပြောတာပါ'

ဟုတ်တော့လည်း ဟုတ်သည်။ မိမွေးတိုင်း ဖမွေးတိုင်းဖြစ်နေတာဆိုတော့ အရုပ်ဆိုပေမဲ့ မြင်ရရှုရသည်က မသင့်တော်။ ထို့ကြောင့် ဘုန်းကျော်က…

'ဟိုလေ… ပြန်ဝတ်ပေးလိုက်ပါလားဟင်'

'ရှင်… အစ်ကိုက ဒီအဝတ်အစားတွေကို မယူတော့ဘူးလား'

'အာ… ယူမှာပေါ့၊ နောက်တစ်စုံရှိရင် ပြန်ဝတ်ပေးလိုက်ပါလားလို့ ပြောတာပါ၊ ဘယ်လိုပြောရမလဲ မြင်ရတာ အဟီး…'

ကောင်မလေး ပြောင်ပြောင်ရောင်ရောင်ဖြစ်နေသော အရုပ်ကို မျက်ခနဲ တစ်ချက်လှမ်းကြည့်၍ ခေါင်းငုံ့ကာ ခဏောမျှစဉ်းစားသည်။ ပြီးတော့ ဆိုင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လှစ်ခနဲ ပြန်ဝင်ကာ အဝတ်အစားတစ်စုံယူပြီး ပြန်ထွက်လာ၏။ ဘုန်းကျော် အပြုံးဖြင့်...

'ပေး... ပေး ဒီတစ်ခါလည်း ကူဝတ်ပေးဦးမယ်'

ကောင်မလေး မငြင်းပါ။ ဒီကိစ္စတွေက နှစ်ယောက်ရှိမှ အဆင်ပြေတာကိုး။ ထိုသို့ဖြင့် နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ ရှိုင်းနေကြစဉ် အခြေအနေအရပ်ရပ်ကို အသာလက်မိုက်၍ စောင့်ကြည့်နေသော သတိုးတစ်ယောက်တည်း ကျိတ်၍ပြုံးမိသည်။

ကိုယ့်ကောင်ဘုန်းကျော် ဒီလောက်ထိ လက်သွက်လိမ့်မယ်မှန်း ထင်မှတ်မထားတာကိုး။ ကောင်းပါတယ်။ လူဆိုတာ အချစ်နဲ့တွေ့ရင် အလိုလို စာတတ်သွားကြတာပဲဟာ ရှိစေတော့။

ထို့နောက်တော့ နှစ်ယောက်သား ချွေးတလုံးလုံးဖြင့် အရုပ်အား အဝတ်အစားဆင်ယင်ပေးပြီးသကာလ ဘုန်းကျော် အရုပ်အား ရှေ့တည့်တည့်မှကြည့်သည်။ အနောက်မှ ကြည့်သည်။ ဘေးတစ်ဖက်တစ်ချက်မှ ကြည့်သည်။ အရုပ်လေးမျက်နှာလှည့်၍ ကြည့်လို့ဝသွားမှ အောက်ပါအတိုင်း မှတ်ချက်ချသည်။

'အင်း... မဆိုးဘူးပဲ'

ထိုမှတ်ချက်ကို ကောင်မလေးကလည်း ခေါင်းညိတ်၍ အသံတိတ်ထောက်ခံသည်။ ဒီအဝတ်အစားတွေကို သူကိုယ်တိုင် ရွေးချယ်ယူလာပြီး သူကိုယ်တိုင် ဝတ်ဆင်ပေးထားတာကိုး။ ဒီတော့ လုံးဝကို ကြည့်၍ကောင်းပါသည်ပေါ့။

ဘုန်းကျော် အရုပ်ကို စေ့စေ့ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်၍ ကောင်မလေးဘက်သို့ လှည့်ကာ...

'ဟော့... ငါတို့ ဒါတွေ ပြန်ချွတ်ရအောင်'

www.burmeseclassic.com



ကောင်မလေး နဝေတိမ်တောင်ဖြစ်သွားပြီး…

'ဘာဖြစ်လို့လဲ၊ ခုလည်း ကြည့်ကောင်းသားပဲဟာ'

'ဟုတ်တယ်လေ၊ အဲဒါကြောင့်မို့လို့ ပြန်ချွတ်မှာ'

'ဘယ်လို… ဘယ်လို'

'ဒီလိုလေကွာ၊ ဒီအဝတ်အစားတွေက ဒီဘာမဟုတ် ပုံမလာ ပန်းမလာ အရုပ်ကိုယ်ပေါ်မှာ ဝတ်ထားတာတောင် ဒီလောက်ကြည့်ကောင်း နေရင် ငါ့လို ပုံလာပန်းလာ ရုပ်ဖြောင့်ဖြောင့်လူအစစ်ရဲ့ ကိုယ်ပေါ်မှာသာ ဝတ်လိုက်လို့ရှိရင် ဒီထက်မက ကြည့်ကောင်းသွားမှာ အမှန်ပဲ။ ဒါကြောင့် ဒီဘောင်းဘီနဲ့ အင်္ကျီကို ငါပဲ ထပ်ယူလိုက်တော့မယ် ဟဲ… ဟဲ'

ထိုသို့ပြောလိုက်ရာ ကောင်မလေးကတော့ ဘယ်လိုနေမည်မသိ။ ဘေးမှ နားထောင်နေမိသော သတိုးကတော့ ထပြီးရိုက်ချင်စိတ် ပေါက်သွား၏။

ကောင်မလေး မျက်နှာရှုံ့မဲ့မဲ့ဖြင့်…

'ရှင်… ရှင် တကယ်ပြောနေတာလားဟင်'

'တကယ်ပေါ့ကွ'

'ဒါ… ဒါဆိုရင် တကယ်ပြန်ချွတ်ရဦးမှာပေါ့'

'အင်း'

'ကျွတ်…'

ကောင်မလေး ခေါင်းကို ဆံပင်မပွစေရန် ခပ်ဖွဖွကုတ်သည်။ ဘုန်းကျော်က ဟီးခနဲရယ်၍…

'လာပါကွ၊ ဘာမှအပန်းကြီးတာမဟုတ်ပါဘူး'

ကောင်မလေး သက်ပြင်းချ၍ ဝယ်သူက အမြဲမှန်သည်ဟူသော ဆောင်ပုဒ်အရ ဘုန်းကျော်သဘောအတိုင်း လိုက်လုပ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ အရောင်စာရေးမလေးများကတော့ သူတို့ပါ စက်တွင်း လွှတ်တွေ ဖြစ်ကုန်မည်ရှိသဖြင့် အနားသို့ ယောင်လို့ပင် ရောက်မလာကြ တော့။

ဒါသည်ပင် ဘုန်းကျော်အတွက် စိတ်ကြိုက်ခွင်ဖြစ်နေရတော့သည်။ ချွေးစို့နေသော ကောင်မလေး၏ မျက်နှာဖူးဖူးလေးကို ကြည့်ရတာ ရင်ထဲ တွင် ငြိမ်းချမ်းသည်။

ကောင်မလေး၏ ကိုယ်သင်းနံ့လေးကို ရှူရှိုက်ရတာ ရင်ခုန်စရာ ကောင်းသည်။

BURMESE CLASSIC

ကောင်မလေး၏ မျက်ဝန်းလဲ့လဲ့လေးဖြင့် တစ်ခါဆုံလျှင် ခန္ဓာကိုယ် က လိပ်ပြာလွင့်သလို ပေါ့ရွှတ်ရွှတ်ဖြစ်သွားတတ်သည်။

အမှတ်မထင် လက်ချောင်းလေးအချင်းချင်း ထိမိခိုက်မိပါက အသွေးရာ ချောက်ထဲကို ခုန်ချပစ်လိုက်သလို အေးခနဲ စိမ့်ခနဲလည်း ဖြစ်သွားတတ် သည်။

ဒီလို စိတ်၏ခေါ်ဆောင်ရာ ဒေင်ကမ္ဘာထဲသို့ ဘုန်းကျော်တစ်ယောက် ချိုးနင်းဝင်ရောက်နေမိသည့်အချိန်မှာပင် အရုပ်သည် အဝတ်အစား ပြန်မဲ့ သွားခြင်းကြောင့် ပစ္စုပ္ပန်ကမ္ဘာထဲသို့ ပြန်လည်ခြေနင်းရပါလေတော့သည်။

'ပြီးပြီ'

ကောင်မလေး၏အသံက အနည်းငယ်ပြတ်တောင်းတောင်း ဖြစ်နေ သည်။ ဘုန်းကျော်က မျက်နှာသေဖြင့်…

'ဒါဆိုလည်း, နောက်တစ်စုံလောက် ထပ်ဝတ်ပါဦးလား'

'ဟင့်အင်း အခုမဝတ်တော့ဘူး'

'အခုမဝတ်တော့ဘူးဆိုတော့ ခဏကြာရင်ဝတ်မှာပေါ့နော်၊ ကိုယ်တယ် စောင့်နေမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ခေါင်းကို သွက်သွက်ခါ၍…

'ဟင့်အင်း ရှင်ပြန်သွားပြီမှ ဝတ်တော့မှာ'

'ဟာ… ဒါဆို ဒီအရုပ်က ဒီအတိုင်းကြီး ဖြစ်နေမှာပေါ့'

'ဖြစ်ပါလေ့စေ'

'မလုပ်ပါနဲ့ကွာ၊ အရုပ်မှာ အသက်မရှိပေမဲ့ အရှက်တော့ ရှိမှာပါ'

'အို… ရှိ ရှိ'

'အအေးပတ်ရင် ဘယ်လိုလုပ်မလဲ'

'ပတ် ပတ်'

ဘယ်လိုမှကို ညှိမရတော့ပါ။

ဒါပေမဲ့ ဘုန်းကျော်ဆိုသည့်ကောင်က ဖွဲလျှော့မည့်ဟန် မရှိခြင်းကြောင့် သတိုး မနေသာတော့ဘဲ…

'ဘုန်းကျော် ငါတို့ စမ်းဝတ်ကြည့်ပြီးရင် ငွေရှင်းပြီး သွားကြရအောင်၊ ဒီမှာကြာနေပြီ'

ဘုန်းကျော် သက်ပြင်းအရှင်ချသည်။ ပြောင်တောင်တောင်ဖြစ်နေသော အရုပ်ကို တစ်ချက်ကြည့်ပြီးမှ သဘောမတူချင်တူချင်ဟန်ဖြင့် သဘောတူလိုက်ရလေတော့သည်။

ငွေရှင်းကောင်တာတွင် ငွေသွားရှင်းတော့ မန်နေဂျာပေးလိုက်သော Discount ကဒ်ပါနေခြင်းကြောင့် ကျသင့်ငွေ၏တစ်ဝက်မျှသာ ပေးချေရပါသည်။

နှစ်ယောက်သား ငွေချေပြီး လှည့်အထွက်တွင် မထင်မှတ်သော ကံကြမ္မာအလှည့်အပြောင်းက ဝင်ပေါက်ဝတွင် လှတပတဖြင့် စောင့်ကြို နေပါသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

'ဆောင်းနု'

'ဟယ်… ချိုသွေး'

သူငယ်ချင်းနှစ်ယောက် တစ်ယောက်လက်ကိုတစ်ယောက် ဝမ်းသာအားရ ဆုပ်ကိုင်လိုက်မိကြသည်။

'ဆောင်းနု… ငါတို့တစ်တွေ မတွေ့တာကြာပြီနော်'

'အေး… ကျောင်းပြီးကတည်းကပဲလေ'

ဆောင်းနုနှင့် ချိုသွေးတို့က ကျောင်းတုန်းက ခင်မင်ရသော သူငယ်ချင်းတွေပါ။ ချိုသွေးက ဆိုင်အတွင်းသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး…

'နင်က ဒီမှာအလုပ်လုပ်နေတာလား'

'အေး… ကြာတော့မကြာသေးဘူး'

ဆောင်းနုအခြေအနေကြည့်ရတာ ကျောင်းတုန်းကလို သိပ်ပြေလည်ပုံ မရှိခြင်းကို ချိုသွေးရိပ်မိလိုက်ခြင်းကြောင့် စိတ်မကောင်းတစ်ချက်ဖြစ်သွားပြီး…

'နင် ဒီဆိုင်မှာ လုပ်ရတာ အဆင်ရောပြေရဲ့လား ဆောင်းနု'

ထိုသို့မေးလိုက်သဖြင့် ဆောင်းနု ခပ်ယဲ့ယဲ့ပြုံးပြီး…



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဒီလိုပါပဲ'

'ဒီလိုပါပဲ လုပ်မနေနဲ့၊ ဒီစင်တာရဲ့ မန်နေဂျာက ငါ့အစ်ကိုသူငယ်ချင်း သိလား၊ ငါ သူ့ကိုပြောပြီး နင့်ကို ဒီထက်အဆင်ပြေတဲ့နေရာကို ပြောင်းခိုင်းမယ်'

သူငယ်ချင်းဖြစ်သူ၏ စေတနာကို အသိအမှတ်ပြုသည့်အနေဖြင့် ဆောင်းနုက ချိုသွေးလက်ကလေးကို အသာအယာဖျစ်ညှစ်လိုက်ပြီး…

'နေပါစေ ချိုသွေးရာ၊ ငါ ဒီမှာ အဆင်ပြေပါတယ်'

'ကျွတ်… ခေါင်းမာမနေနဲ့ ဆောင်းနု၊ ဒီလိုဆိုင်မှာ ညှော်ကြို၀န်ထမ်း လုပ်မှတော့ အဆင်ပြေပါ့မလားဟဲ့၊ ဟွန်း… ငါက မသိတာမှတ်လို့'

ထိုသို့ပြောနေကြသည့်အချိန်တွင် ဆိုင်အတွင်းမှ ငတိနှစ်ကောင်မှာ အပြင်သို့ ထွက်လာခိုက်ဖြစ်သဖြင့် ၀င်ပေါက်၀တွင် ဘုန်းကျော်၏ ငတိမ လေးနှင့် အတူရပ်၍ စကားပြောနေသော ချိုသွေးကို တွေ့လိုက်ရခြင်းကြောင့် သတိုးမှာ ပျားရည်မြစ်ထဲသို့ လိမ့်ကျသွားပါလေတော့သည်။

'ဟာ… ချိုသွေးပါလား'

'ဩော်… ကိုသတိုးနဲ့ ကိုဘုန်းကျော်တို့ပါလား၊ ဘာလဲ စျေးလာ ၀ယ်တာလား'

'အဟီး… ဟုတ်တယ်၊ ဒါနဲ့ ချိုသွေးကရော'

'အင်း… ဒီလိုပါပဲ၊ ဟိုကြည့်ဒီကြည့်ပေါ့… အဟင်း'

ထိုအချိန်တွင် သတိုးနှင့် ချိုသွေးကြားထဲသို့ ဘုန်းကျော်တစ်ယောက် အတင်းခေါင်း၀င်တိုးပြီး…

'အဟင်း… ဒါနဲ့ ဟိုလေ… ချိုသွေးနဲ့ သူနဲ့က အသိတွေ လားဟင်'

ဆောင်းနုကို မေးတာပါ။ ထို့ကြောင့် ဆောင်းနုက ဘုန်းကျော်က



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းအရင် လှမ်းထိုးသည်။ ပြီးမှ ချိုသွေးက ရယ်ကျဲကျဲဖြင့်…

'ဟုတ်တယ်… ကျောင်းတက်တုန်းက သူငယ်ချင်းတွေလေ… ဆောင်းနုတဲ့'

ထိုသို့မိတ်ဆက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ဘုန်းကျော်က အလျှင်အမြန် ခါးကိုကိုင်း၍…

'မင်္ဂလာပါ ဆောင်းနု၊ ကျွန်တော့်နာမည် ဘုန်းကျော်ပါ'

ဘုန်းကျော်၏ ဟန်ပန်ကြောင့် ဆောင်းနုမျက်နှာ နီစွေးစွေးဖြစ်သွားပြီး ချိုသွေး ခစ်ခနဲ ထရယ်သည်။

'ခစ်… ကိုဘုန်းကျော်ကလည်း ရိုးရိုးတန်းတန်းမိတ်ဆက်လည်း ရပါတယ်၊ မင်္ဂလာပါတွေ ဘာတွေ ပါစရာမလိုပါဘူး'

'ဟုတ်လား၊ သိပါဘူး၊ သူက လူတွေ့တိုင်း မင်္ဂလာပါကြီးပဲ ပြောနေတော့ ကျွန်တော်လည်း စကားစပြောရင် ဒီလိုပြောရတယ် ထင်လို့'

'ဖြစ်ရမယ်၊ ကိုဘုန်းကျော်ကတော့လေ… အပေါင်း'

အမှန်တော့ ဘုန်းကျော် အရူးကွက်နင်းနေတာပါ။

ချိုသွေးက အရယ်မျက်နှာဖြင့်…

'ဆောင်းနုရေ သူတို့ကတော့ ကိုဘုန်းကျော်နဲ့ ကိုသတိုးတဲ့။ ကိုဘုန်းကျော်က လွန်ခဲ့တဲ့ နာရီပိုင်းလောက်ကတင် တို့အဖေ လေဖြတ်နေတာကို ကုပေးခဲ့တဲ့ ဆရာလေ… အရမ်းကို စွမ်းတာ'

ထိုသို့ပြောလိုက်ရာ ဆောင်းနု မျက်ဝန်းအစုံ စိတ်ဝင်စားသွားသည့်ဟန်ဖြင့် လက်ခနဲဖြစ်သွားပြီး…

'ဘယ်လို… ချိုသွေးအဖေ လေဖြတ်နေတာကို ကုပေးခဲ့တဲ့ဆရာ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဆောင်းနုရဲ့။ အဖေဆိုရင် ချက်ချင်းကို ပြန်ကောင်းသွားတာ'

'တကယ်… ချက်ချင်းပြန်ကောင်းသွားတယ်'

'ဩော်… ဟုတ်ပါတယ်ဆို'

ဆောင်းနုက လေးစားပါသည်ဆိုသော မျက်ဝန်းဖြင့် ဘုန်းကျော်အား လှမ်းကြည့်သည်။ ဘုန်းကျော် ရင်ကို ကော့နိုင်သမျှကော့၍ လှမ်းရယ်ပြလိုက်သည်။

'အဟီး…'

ပြီးနောက် ဆောင်းနု တစ်စုံတစ်ခုကို မျက်မှောင်ကျုံ့၍ စဉ်းစားလိုက်ပြီး…

'ချိုသွေး… ခဏနေရင် တို့ဂျူတီပြီးတော့မှာ အဲဒါ တစ်နေရာရာမှာ စောင့်နေပေးလို့ ရမလားဟင်'

'ကိစ္စရှိလို့လား'

'အင်း'

'ဒါဆို ရတယ်လေ၊ တို့စောင့်နေမယ်'

ဆောင်းနု… ဘုန်းကျော်တို့ဘက်သို့ လှည့်၍ မျက်နှာငယ်လေးဖြင့်

'ဒီကအစ်ကိုတို့ပါ အပန်းမကြီးဘူးဆိုရင် ကျွန်မဂျူတီပြီးတဲ့အချိန်ထိ ခဏစောင့်နေပေးလို့ ရမလားဟင်၊ ဟိုလေ အကူအညီတောင်းစရာရှိလို့ပါ'

နှစ်ကောင်သား သကြားအိုးထဲ ထပ်ကျသွားပြန်၏။

သတိုးဆိုသည့်ကောင်ကလည်း ချိုသွေးနှင့် အတူစောင့်ရပါက ခေတင်မဟုတ်၊ တစ်ကမ္ဘာဆိုပါကလည်း ဝမ်းသာအားရ စောင့်မည့်ကောင်စားမျိုး။

အဲ… ဘုန်းကျော်ကတော့ ဆောင်းနုနှင့်ပတ်သက်လာလျှင် ပြော



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့တော့။ ခုလည်းကြည့် ဟိုက တောင်းတာ ဘာအကူအညီမှန်းမသိရ သေးခင်မှာပင် သူက ဟပ်ထိုးဆွဲပြီး…

'ဟာ… ကူညီမှာပေါ့၊ မိတ်ဆွေရင်းတွေပဲဟာ၊ ကူညီမယ်၊ ကူညီ မယ်'

ချိုသွေး… ဘုန်းကျော်ကို မျက်စောင်းလှမ်းထိုးသည်။

ဆောင်းနုက နှုတ်ခမ်းကိုက်၍ ကြိတ်ကာပြုံးသည်။

ပြီးမှ ချိုသွေးက…

'ကဲ… ဆောင်းနု… ဒါဆိုလည်း ငါတို့ နင့်ကို J donut's အပဲ စောင့်နေတော့မယ်'

'အေး အေး ကျေးဇူးပဲသူငယ်ချင်း'

'ရပါတယ်'

J donut' သို့ ရောက်သောအခါ ဘုန်းကျော်တို့မှာ မရောက်ဖူးပေမဲ့ ချိုသွေးပါနေခြင်းကြောင့် ပြဿနာတော့ သိပ်မရှိတော့ပါ။ အဲ… ဈေးကြီး ပြီး မုန့်လေးတွေက သေးလိုက်တာလို့ စိတ်ထဲမှာ ရေရွတ်မိတာတော့ ရှိ တာပေါ့။

ထိုင်နေကြသည့်အချိန်တွင် သတိုးနှင့်ချိုသွေးတို့က ဟိုဟိုဒီဒီ ရယ် ရယ်မောမောဖြင့် စကားပြောနေကြပြီး ဘုန်းကျော်ကတော့ ဆောင်းနုကို အမျှော်မျှော် လုပ်နေ၏။

ထိုသို့မျှော်နေခြင်းကြောင့် မမြင်သင့်မမြင်အပ်သည့်လူကို မမြင်ချင်ဆုံး နေရာတွင် မြင်လိုက်ရတော့၏။

ထိုသူကတော့ မိမိတို့အိမ်ပိုင်ရှင်ဖြစ်သူ ဒေါ်မေသန်းကိုပင်ဖြစ်သည်။

ဒေါ်မေသန်း…

ဒေါ်မေသန်းမှ လုံးဝကို ရေမရောသော ဒေါ်မေသန်အစစ်ကြီး…



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘုန်းကျော် ချက်ချင်းဆိုသလိုပင် ခေါင်းကြီးသွားသည်။ ဒီငတိမကြီးက တွေ့ရင်တွေ့တဲ့နေရာမှာ အိမ်လခအကြွေးကို အော်ကြီးဟစ်ကျယ် တောင်းတတ်တာလေ။ တခြားအချိန်တွေမှာ တွေ့၍ တောင်းပါက ပြဿနာသိပ်မရှိ။ ခုချိန်က ချိုသွေးနှင့် မကြာခင်ရောက်လာမည့် ဆောင်းနှင်း က ရှိနေတော့ ရှက်ရမည့်ဝတ္တရားက ကိုယ့်မှာရှိနေရပြီ။ ထို့ကြောင့် ဘုန်းကျော် မျက်နှာကို ကပျာကယာလွှဲ၍ ဒေါ်မေသန်း မိမိတို့ကို မမြင်ပါစေနဲ့ ဟုသာ ဆုတောင်းနေလိုက်တော့သည်။

ဘုန်းကျော်၏ ဆုတောင်းက တစ်ဝက်ပြည့်သည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် ဒေါ်မေသန်းမှာ သူ့ကိုကျောခိုင်းထိုင်၍ မမြင်ချင် ယောင်ဆောင်နေသော ဘုန်းကျော်ကို မမြင်ဘဲ မျက်နှာချင်းဆိုင်ထိုင်၍ ချိုငွေးနှင့် တော်ကီလွှတ်နေသော သတိုးကို တည့်တည့်ကြီးမြင်သွားခြင်း ကြောင့် ဖြစ်၏။

ထို့ကြောင့် ဒေါ်မေသန်းမှာ ပထမအံ့အားသင့်သွားသည်။

ဒုတိယ မဲ့ပြုံးပြုံးသည်။

တတိယ ခါးထောက်၍ သတိုးတို့ဝိုင်းသို့ လျှောက်လာပါတော့သည်။

ကျောခိုင်း၍ ထိုင်နေသော ဘုန်းကျော်မှာ စိတ်ထဲတွင် မသိုးမသန့် ဖြစ်လာခြင်းကြောင့် နောက်သို့ မသိမသာလှည့်ကြည့်မိလိုက်ရာ မိမိတို့ထံ သို့ တည့်တည့်ကြီးလျှောက်၍လာသော ဒေါ်မေသန်းကို တွေ့လိုက်ရခြင်း ကြောင့် တံတွေးကို 'ဂလု' ခနဲနေအောင်ပင် မြိုချလိုက်မိ၏။ ဖြစ်လာနိုင် သည့် အကြောင်းတရားကတော့…

မိမိတို့ထံသို့ ဒေါ်မေသန်းရောက်လျှင် အိမ်လခအကြွေးကို အော် ကြီးဟစ်ကျယ် တောင်းပေရော့မည်။ ပိုက်ဆံရှိနေခြင်းကြောင့် ပေးနိုင် သည်ထားဦး ချိုသွေးက ဝိုင်းတွင် ငုတ်တုတ်ကြီးရှိနေခြင်းကြောင့် ဒီအကြွေး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို ချိုသွေးသိသွားမည်။ ချိုသွေးသိလျှင် ဆောင်းနုပါသိမည်။ ဒီတော့ ကိုယ်တွေနှစ်ကောင်လုံး 'ပလုံ'ဖြစ်ပေရော့မည်။

ဒေါ်မေသန်းကလည်း နီးသည်ထက် နီးလာနေပြီ။

ဘုန်းကျော် ဆုံးဖြတ်ချက်ကို အလျင်အမြန်ချပစ်လိုက်သည်။

သတိုးထံမှ ပိုက်ဆံကိုယူ၍ ဒေါ်မေသန်းအား မိမိက တစ်နေရာ ခေါ်ထုတ်သွားပြီး ပိုက်ဆံအကြွေးကို တစ်ခါတည်း ဆပ်ပစ်လိုက်မည်။ ဒါဆို ပွဲကပြီးပြီ။

ထို့ကြောင့် ဘုန်းကျော် အချက်ပြသည့်အနေဖြင့် သတိုးခြေထောက်အား ခုံအောက်မှ လှမ်းကန်ပစ်လိုက်သည်။

'ဒုတ်'

'အ'

'ဟေ့ကောင် ငါ့ခြေထောက်ကို ဘာလို့ကန်တာလဲ… ကျွတ်'

သတိုးမှာ ချိုသွေးအား လွှတ်နေသော တော်ကီအရှိန်ပျက်သွားသဖြင့် နည်းနည်းတော့ တင်းသွားပုံရသည်။ ဒါကို ဘုန်းကျော် ဂရုမစိုက်ဘဲ ချက်ရိပ်ရော၊ ပါးစပ်ကပါ သတိုးသိအောင် အတတ်နိုင်ဆုံး ပြလုပ်လိုက်သည်။

'ဟေ့ကောင် ဟိုဟာကြီးက လာနေတော့ ငါ့ကို ဟိုဟာလေး ပေးလိုက်၊ အဲဒီ ဟိုဟာလေးနဲ့ ဟိုဟာကြီးကို ငါ ဟိုနေရာခေါ်ထုတ်သွားပြီး ဟိုနည်းလမ်းနဲ့ ရှင်းလိုက်မယ်'

'ကျွတ်… ဘာလဲ ဘုန်းကျော်ရာ၊ ငါ့ကို ဘာတွေလာပြောနေတာလဲ'

'အာ… မင်းကလည်း ဟိုဟာကြီးလာနေလို့ ငါ့ကို ဟိုဟာလေး ပေးလိုက်။ ငါ ဟိုနေရာ ဒီနေရာကိုခေါ်သွားပြီး ဟိုနည်းနဲ့ ရှင်းလိုက်မယ်၊ နားလည်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပါးစပ်မှလည်းပြော၊ နောက်ဘက်သို့လည်း မျက်ရိပ်အကြိမ်ကြိမ်ပြသော်လည်း လည်ချင်လည်း သူ့အပြင်နှစ်ယောက်မရှိသလို တုံးချင်လည်း သူ့အပြင်နှစ်ယောက်မရှိသော သတိုးမှာ သဘောမပေါက်သေးချေ။

ဘုန်းကျော်ကလည်း ချိုသွေးရှေ့မှာမို့ ပေါ်တင်ကြီးပြောရခက်နေသည်။ ထိုစဉ်မှာပင် မိုက်မဲတပ်ထားပေမဲ့ မွေးရာပါမောင်းကွဲလေသံကြီးဖြင့်…

'ဟဲ့အကောင်တွေ အောင်မယ်… အောင်မယ် ကောင်းစားနေလိုက်ကြတာ ကြည့်စမ်း'

'ဟာ… ဒေါ်သန်း'

ဟုတ်ပါသည်။ ဒေါ်သန်းပါ။ ဘုန်းကျော်က သတိုးရိပ်မိအောင် အချက်ပြပြောဆိုနေသည့် အချိန်လေးအတွင်းမှာပဲ ခြေလှမ်းမြန်သော ဒေါ်သန်း ခေါ် ဒေါ်မေသန်းက အနားသို့ ရောက်လာတာပါ။

ခုလိုအကောင်ကြီးကို ထင်ထင်ရှားရှားမြင်လိုက်မှ ဘုန်းကျော် ဘာကို ဆိုလိုနေသနည်းဟု ရိပ်မိလိုက်သော သတိုးမှာ ပျာယာတွေ ခတ်ကုန်တော့သည်။

'ဒေါ်သန်း… အဟဲ… အဟီး… ဟိုလေ… ဟို'

ဒေါ်သန်းက ခါးထောက်၍…

'ဟဲ့… ဟိုတွေဒီတွေ လုပ်မနေနဲ့၊ ဘယ်မှာလဲ ငါ့ရဲ့ အိမ်… အိမ်….အခု…အခု'

ဒေါ်သန်းမှာ အိမ်လခအကြွေးဟု ပြောမည်ပြင်စဉ်မှာပင် ဘုန်းကျော်က အချိန်မီပါးစပ်လှမ်းပိတ်လိုက်ခြင်းကြောင့် တအု…အု ဖြစ်သွားတော့သည်။

ဘုန်းကျော်က ဒေါ်သန်းလက်ကို အတင်းဆွဲ၍…

'လာ လာ ဒေါ်သန်း ကျွန်တော်ပြောပြမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလည်းပြော ဆွဲလည်းဆွဲသွားသဖြင့် ဒေါ်သန်းမှာ ဘုန်းကျော် လက်ထဲတွင် ယက်ကန်ယက်ကန်ဖြင့် ပါသွားလေတော့သည်။

ထိုအခါမှ ချိုသွေးက မျက်လုံးဝိုင်းလေးဖြင့်…

'အဲဒီအဒေါ်ကြီးက ဘယ်သူလဲဟင် ကိုသတိုး'

ခုနက ပျာယာခတ်သွားသော သတိုးမှာ ခုကျတော့လည်း သူမဟုတ် သလိုရုပ်ဖြင့်…

'အလကားပါ၊ အဲဒါက ဘုန်းကျော်ရဲ့အဒေါ်လေ၊ ဘယ်လိုပြောရ မလဲ စိတ်က သိပ်မနှံ့ရှာဘူး၊ သူ့ကိုတွေ့တိုင်း ကိုယ်တို့က မုန့်လေးဘာလေး ဝယ်ကျွေးနေကျဆိုတော့ ခုလည်း ဒီလိုမုန့်ဝယ်ကျွေးခိုင်းတာ နေမှာပါ'

'ဪ…'

ရုပ်တည်ကြီးဖြင့် သတိုးပြောစကားကို ချိုသွေး အတိအကျယုံကြည် သွားပုံရပြီး ဒီလိုမှတ်ချက်ချပါသည်။

'အင်း… ဒီလိုဆိုတော့လည်း သနားပါတယ်နော်၊ ဒါနဲ့ ကိုဘုန်း ကျော်ကလည်း သူ့အဒေါ်ကို သူ ပြန်မကြည့်ဘူးလား'

'အင်း… ဒါက ဘယ်လိုပြောရမလဲဆိုတော့ ဘုန်းကျော်ဆိုတဲ့ကောင် က သူ့ဟာသူတောင် အနိုင်နိုင်လေ။ ခုတောင်မှ ကိုယ်ကကျွေးမွေးထားလို့ သာ ဟန်မပျက်နေနိုင်တာဆိုတော့ သူ့အဒေါ်ကို ပြန်ပြီးတော့ ကြည့်နိုင်ဖို့ကျ တော့ ဝေးသွားတာပေါ့'

'ဟင်… ကိုဘုန်းကျော်က ဆေးပညာကို ဒီလောက်တတ်နေတဲ့ဟာ ကို ဘာဖြစ်လို့ အဆင်မပြေရတာလဲ'

'ဆေးပညာတတ်တိုင်းလည်း အဆင်ပြေတာမှ မဟုတ်တာချိုသွေးရဲ့၊ ရောဂါဖြစ်တဲ့လူကလည်း ရှိဦးမှ၊ ပြီးတော့ အဲဒီရောဂါဖြစ်တဲ့လူကလည်း သူ့ဆီမှာလာပြီး အကုခံဦးမှလည်း ဖြစ်တာမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



သတိုးပြောတာ ဖြစ်နိုင်ချေရှိနေသဖြင့် ချီးသွေး ဘာမှပြန်၍မပြောတော့ဘဲ ငြိမ်သွားသည်။ ထိုအခါမှ သတိုး သက်ပြင်းကို ကြိတ်၍ချရသည်။

ငှင်းအချိန်တွင် ဘုန်းကျော်မှာတော့ စင်တာ၏ လူရှင်းသောနေရာတွင် ဒေါ်သန်းနှင့် တိုင်ပတ်နေသည်။

'ကျွန်တော်ပြောတာကို ယုံစမ်းပါဒေါ်သန်းရာ၊ ညနေ ကျွန်တော်တို့အိမ်ကို ပြန်ရောက်ရောက်ချင်း ဒေါ်သန်းအိမ်လခကို ရှင်းပေးပါ့မယ်'

ဒေါ်သန်း မျက်နှာကိုရှုံ့၍…

'အပိုတွေ ပြောမနေစမ်းနဲ့ ဘုန်းကျော်၊ နင်တို့နှစ်ကောင် ငါ့ကို ဒါမျိုးစကားတွေနဲ့ နှစ်သိမ့်နေတာ နှစ်တောင်ပေါက်နေပြီ'

'ဒီတစ်ခါတော့ တကယ်ပါဗျာ၊ ကျွန်တော်တို့ဆီမှာ ပိုက်ဆံတကယ်ရှိနေပါပြီ'

'ဒါဆိုလည်း ပိုက်ဆံကို အခုပေးလိုက်လေ'

'အာ… ပိုက်ဆံက ကျွန်တော့်ဆီမှာ ပါမလာဘူး၊ သတိုးဆီမှာ'

'ဒါဆိုလည်း ခု ငါ သတိုးဆီကိုသွားပြီးတောင်းမယ်'

'ဟာ… အဲဒီလို သွားတောင်းလို့မရဘူး'

'အောင်မာ… ဘာကိစ္စ မရရမှာလဲ'

'မရပါဘူး ဆိုမှဗျာ'

'အေး ဘာလို့ မရရမှာလဲလို့ ငါမေးနေတယ်လေ'

'ကျွတ်…'

ဘုန်းကျော် စိတ်တို စိတ်ရှုပ်လာပါပြီ။ ထို့ကြောင့်…

'ဒါဆိုလည်း သွားဗျာ သွား၊ အေး… ခင်ဗျား ခုနေခါသွားတောင်းရင် တစ်ပြားမှ ရမှာမဟုတ်တဲ့အပြင် နောင်လည်း ရဦးမှာမဟုတ်ဘူး… ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျော် ထိုသို့ဘုဆတ်ဆတ်ပြောလိုက်သဖြင့် သတိုးထံသွားရန် တာစူနေသော ဒေါ်သန်းခြေလှမ်းတို့ ရပ်သွား၏။ ဒေါ်သန်းက…

'နေပါဦး၊ ငါ သွားတောင်းရင် တကယ်မရနိုင်ဘူးလား'

'သိချင်ရင့် သွားတောင်းပေါ့'

'ဒီလိုလည်း မဟုတ်သေးဘူးလေ'

ဒေါ်သန်း တွေတွေဝေဝေ ဖြစ်နေသည်။ လူ့သဘာဝအရ တားလျှင် အတင်းလုပ်ချင်သော်လည်း မတားမြစ်ဘဲ လျှောလျှောလျူလျူ ဖြစ်နေပါက ဒီကိစ္စ သိပ်မရိုးသားဟု ထင်တတ်သည့်အတိုင်း ခုလည်း ဒေါ်သန်းမှာ ဘာမှန်းညာမှန်းမသိ ဖြစ်သွားကာ စကားကို ပြန်လည်၍ လျှော့ချသွားပါတော့သည်။

'ဒါဆိုလည်း ပြီးရောလေ။ ငါ အခု မသွားတော့ပါဘူး၊ ဒါနဲ့ ညနေကျရင် နင်တို့ တကယ်ပေးမှာ သေချာတယ်မဟုတ်လား'

'သေချာပါတယ်ဆိုမှဗျာ'

'ဒါဆိုလည်း ပြီးရောလေ၊ ငါ အခုသွားတော့မယ်'

'ကြွ… ကြွ'

ထိုသို့ဖြင့် ဒေါ်သန်းကြွသွားပြီးနောက် ဘုန်းကျော် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်မိတော့သည်။

သတို့ထံသို့ ပြန်ရောက်သောအခါ ဆောင်းနုပင် ရောက်နေပါပြီ။ တွေ့တွေ့ချင်းပင် ဆောင်းနုက ဘုန်းကျော်အား လှိုက်လှဲချိုကြည်စွာဖြင့် ပြုံးပြသည်။ ထို့ကြောင့် ဘုန်းကျော်စိတ်ထဲတွင် တွဲခိုရှိလိုက်ပါလာသော အရှုပ်တွေ ရှင်းကုန်ပြီး ရင်ထဲတွင် လင်း၍သွား၏။

ဘုန်းကျော် ဝိုင်းတွင်ဝင်ထိုင်၍ အသားကျသွားလောက်သည့်အချိန်တွင် ချိုသွေးက နားလည်မှုအလွန်ရှိပါသည်ဆိုသော ရုပ်ကလေးဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'အဆင်ပြေလားဟင် ကိုဘုန်းကျော်'

ချိုသွေး ဘာကိုဆိုလိုမှန်း မသိရှိသဖြင့် ဘုန်းကျော်လည်း အူကြောင်ကြောင်နှင့် ရောချလိုက်မိသည်။

'သြော်… အင်း… ဟို… ဒီလိုပါပဲ… ပြေပါတယ်'

'ကိုဘုန်းကျော်အဒေါ်ရော ခု ဘယ်ကိုသွားသလဲဟင်'

ဘုန်းကျော် နဝေတိမ်တောင် ဖြစ်သွားမိသည်။

'အဒေါ်… ဘယ်က အဒေါ်လဲ'

'အဟင်း… ကျွန်မ ကိုသတိုးပြောလို့ အကုန်သိပြီးပါပြီ၊ သူ့ဘာသာစိတ်ရောဂါရှိပေမဲ့ ကိုယ့်အဒေါ်က ကိုယ့်အဒေါ်ပေါ့ ကိုဘုန်းကျော်ရဲ့'

ဗုဒ္ဓေါ… ကိုယ်က နေရင်းထိုင်ရင်း ဘယ်ကအရူးမနှင့် အဒေါ်သွားတော်နေသလဲမသိ။

ဘုန်းကျော် ဘာမှတွေးမရခြင်းကြောင့် သတိုးကို လှမ်းကြည့်မိလိုက်ရာ ငတိက မျက်ရိပ်လှမ်းပြသဖြင့် သဘောပေါက်သွားတော့သည်။ လက်စသတ်တော့ ငတိက ဒေါ်သန်းနဲ့ပတ်သက်ပြီးတော့ ဖေယားရှေ့ထားတာကိုး။ သူ ဒေါ်သန်းကို အရူးမဟုပြောထားတာက ပြဿနာမရှိ။ ဒါပေမဲ့ ထိုအရူး ရဲ့တူ ဖြစ်သွားတာကတော့ စိတ်နာစရာကောင်းသွားသည်။ တောက်… သတိုး ခွေးမသား… တွေ့မယ်။

ထိုသို့ သတိုးကို စိတ်ထဲ၌ ကျိန်ဆဲနေစဉ်အချိန်တွင် အကျိုးအကြောင်းကို ကြားသိထားပြီးဖြစ်ဟန်တူသော ဆောင်းနကပါ ဝင်၍…

'ဒါနဲ့ ကိုဘုန်းကျော်အဒေါ်က ဘာဖြစ်လို့ ဒီလိုဖြစ်သွားရတာလဲဟင်'

'အင်း… ဘယ်လိုပြောရမလဲ၊ သူ့ယောကျ်ား သေသွားလို့ဆိုပါတော့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်… သနားပါတယ်နော်'

ဒီမှာတင် ဘုန်းကျော် သတိုးကို ပြန့်ဖွဲ့ရန် ခွင်တွေ့သွားတော့သည်။

'ဟုတ်တယ် ဆောင်းနုရဲ့ အရမ်းကို သနားစရာကောင်းတာ။ ဒါပေမဲ့ သူ့ဘာသာသူ နေတဲ့အချိန်တွေဆိုရင်တော့ ဘာမှမဖြစ်ပါဘူး။ စိတ်က ပုံမှန်ပါပဲ။ အဲ… သတိုးကိုမြင်လိုက်ပြီဆိုရင်တော့ မရတော့ဘူး သူ့စိတ်က ဖောက်ပြန်သွားရော'

'ဟင်… ကိုသတိုးကို မြင်မှ ဟုတ်လား'

'အင်း'

မိန်းကလေးနှစ်ယောက် သတိုးကို မျက်လုံးပြူးဖြင့် ဝိုင်းကြည့်ကြသည်။ သတိုးကိုမြင်မှ စိတ်ဖောက်ပြန်သွားရလောက်အောင် သတိုးရုပ်က ဘာဖြစ်နေလို့လဲပေါ့။ ထို့ကြောင့် သတိုးလည်း မနေတတ်မထိုင်တတ် ဖြစ်သွားရတော့သည်။

ချိုသွေးက စိတ်ဝင်စားသည့်လေသံဖြင့် ဘုန်းကျော်အား…

'ကိုသတိုးကို မြင်မှ ကိုဘုန်းကျော်အဒေါ်က စိတ်ဖောက်ပြန်တယ် ဆိုတော့ ဘာများဖြစ်လို့လဲဟင်'

ဘုန်းကျော်က တိကျသောလေသံဖြင့်…

'သတိုးရုပ်က သူ့ယောကျ်ားနဲ့ ချွတ်စွပ်တူနေလို့'

'ရှင်…'

'ဟောတော့…'

သတိုး မျက်လုံးပြူးသွားသည်။ ပြီးနောက် ဘုန်းကျော်ကို အသံတိတ် ဆဲရေးမိလိုက်သည်။ ဘုန်းကျော်က ရုပ်တည်ကြီးဖြင့် ဆက်၍…

'ဒီလိုမျိုးတူနေတော့ သတိုးကိုမြင်တိုင်း သူ့ယောကျ်ားလို့ထင်ပြီး ဒီလိုမျိုး စိတ်ဖောက်ပြန်ကုန်တော့တာပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဪ'

ချိုသွေးတို့မှာ သဘောပေါက်သွားပြီး သတိုးကို ဂလိုကိုးဟူသော အကြည့်ဖြင့် ဝိုင်းကြည့်ကြလေသည်။ သူ့ကို ဒဲ့ကြီးဝိုင်းရှိုးကြခြင်းကြောင့် သတိုး မလုံမလဲ ဖြစ်သွားပြီး ချိုသွေးအား သွားဖြဲကာ ရယ်ပြလိုက်မိ၏။

'အဟီး'

ဒါကို ဘုန်းကျော်က အလျှင်အမြန်ဝင်၍...

'တွေ့လား တွေ့လား အဲလိုရယ်လိုက်ရင် ပိုပြီးတူသွားတတ်တယ်'

ထိုသို့ပြောလိုက်ခြင်းကြောင့် သတိုး အရယ်ကို အမြန်ရပ်ကာ မျက်လုံး ပြူး၍ ဘုန်းကျော်အား ဘုကြည့်လှမ်းကြည့်သည်။

သတိုး၏ ထိုပုံစံကြောင့် ချိုသွေးနှင့်ဆောင်းနုမှာ ပါးစပ်ကို လက် ကလေးဖြင့် အုပ်၍ တခစ်ခစ်ရယ်ကြတော့သည်။

ထိုသို့ရယ်မောရာတွင် ချိုသွေး၏ ရယ်သံသည် မိမိအတွက် ပြည့်စုံ နူးညံ့သော ပျော်ရွှင်မှုအပေါင်းကို သယ်ဆောင်လာသည့်ရယ်သံဟု သတိုး ထင်မှတ်မိလိုက်ပြီး...

ဘုန်းကျော်ကတော့ ဆောင်းနုသည် ခရမ်းရောင်နတ်သမီး လူယောင် ဖန်ဆင်း၍ မိမိရှေ့တွင် လာရယ်နေသည်ဟု မှတ်ထင်လိုက်မိသည်။

နောက်တော့ ချိုသွေးက အရယ်မျက်နှာလေးဖြင့် သတိုးအား...

'တော်တော်တူလို့လားဟင် ကိုသတိုး'

သတိုး အီလည်လည်လေသံကြီးဖြင့်...

'အင်း... နည်းနည်းပါ'

'ခစ်... ခစ်'

ထိုသို့သောအချိန်တွင် ဘုန်းကျော်က ဆောင်းနုအား...

'နေပါဦး ဆိုင်မှာပြောတုန်းက ဆောင်းနုမှာ ကျွန်တော်တို့ဆီက အကူအညီတောင်းစရာတစ်ခု ရှိတယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျော်၏အမေးကြောင့် စကားဝိုင်းမှာ တိခနဲတိတ်သွားပြီး လာရင်းကိစ္စဖြစ်သည့် ဆောင်းနုထံသို့ အာရုံများ ပြိုကျလာသည်။ ချိုသွေးက…

'ဟုတ်သားပဲ ဆောင်းနု ပြောလေ'

ဆောင်းနု ခေါင်းကို ဖြည်းညင်းစွာအရင်ညိတ်ပြသည်။ ဒါပေမဲ့ စကားတော့ မဆိုဖြစ်သေး။ ငြိမ်သက်နေဆဲ။ ထို့ကြောင့် သတိုးက…

'အားနာမနေနဲ့ ဆောင်းနု၊ ပြောစရာရှိတာကိုသာပြော'

ဘုန်းကျော်က ထပ်မံ၍…

'ပြောပါ ဆောင်းနု၊ ကျွန်တော်ကူညီနိုင်တာဆိုရင် အဆုံးစွန်ထိ ကူညီပါ့မယ်လို့ ကတိပေးပါတယ်'

ထိုအခါမှ ဆောင်းနု အားကိုးတကြီးမျက်လုံးလေးဖြင့် သတိုးကို လှမ်းကြည့်သည်။ ပြီးမှ လေသံတိမ်တိမ်လေးဖြင့်…

'ကိစ္စကတော့ ကျွန်မအစ်ကိုကိစ္စပါ'

'ဟုတ်ပြီ… ဆောင်းနုအစ်ကို ဘာဖြစ်နေလို့လဲ'

'လေဖြတ်နေလို့'

'ဟေ'

ဘုန်းကျော် မျက်လုံးပြူးသွားသည်။ လက်စသတ်တော့ ကိုယ့်ကို တကာယ်ဆေးဆရာထင်ပြီး သူ့အစ်ကို လေဖြတ်နေတာကို ကုခိုင်းမလို့ကိုး။

ဘုန်းကျော် ဒုက္ခတွေ ပင်လယ်ဝေသွားပြီး သတိုးကို အကူအညီရလိုရငြား လှမ်းကြည့်သည်။ ငတိက သူ့ကို အရူးမလင်နှင့် ရုပ်ချင်းတူပါသည်ဟု ပြောထားခြင်းကြောင့် စိတ်နာနေပုံရပြီး လှည့်ပင်မကြည့်။ ထို့ကြောင့် ကိုယ့်သမိုင်းကိုယ်ရေးပြီး ဖောရှောလိုက်ရပေဦးတော့မည်ဟု မတတ်နိုင်တော့။ ဘုန်းကျော် သက်ပြင်းကိုချ၍…

www.burmeseclassic.com



'ဟုတ်ပြီလေ၊ ဒါနဲ့ ဒီလိုဖြတ်နေတာ ဘယ်လောက်လောက် ကြာနေပြီလဲ'

'အင်း… ခြောက်လလောက် ရှိပြီ'

အရမ်းကြာနေပါက ရောဂါက ကျွမ်းနေပြီမို့ ကုမရတော့ဘူးဟု ပြောပြီး ခေါင်းရှောင်မလို့ပါ။ ခုတော့ ခြောက်လလောက်ပဲရှိသေးတယ်ဆိုတော့ ဘာမှငြင်းမရတော့။ အိမ်အထိ အခြေအနေလိုက်ကြည့်ပြီးမှ ကြည့်ကျက်ပြောရပေတော့မည်။ ထိုအတွေးဖြင့် ဘုန်းကျော် သက်ပြင်းချကာ ဘာရယ်မဟုတ်ဘဲ ထပ်၍…

'ဒါနဲ့ ဆောင်းနုအစ်ကိုနာမည်က ဘယ်သူလဲ'

'ကိုသောင်းစိုးလို့ ခေါ်ပါတယ်'

'ဘာ… သောင်းစိုး ဟုတ်လား'

'အင်း'

ဘုန်းကျော်နှင့် သတိုးတို့နှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး အကြည့်ချင်း ဆိုင်သွားကြသည်။ ထို့ကြောင့် ဆောင်းနုက မျက်မှောင်လေးကျုံ၍…

'အစ်ကိုတို့က ကျွန်မအစ်ကိုကို သိနေလို့လားဟင်'

'မ… မသိ… အဲ သိမယ်မထင်ပါဘူး၊ ဟို… ကြားဖူးနားဝရှိတတ်တဲ့ နာမည်မျိုးမို့လို့ပါ'

'ဪ…'

ထို့နောက် ဆောင်းနု မချိတချိလေသံလေးဖြင့်…

'ဟို… ဟိုလေ ကျွန်မအစ်ကိုကို လိုက်ကြည့်ပေးနိုင်မလားဟင်'

ထိုသို့မေးလိုက်သည်နှင့်တစ်ပြိုင်နက် နှစ်ယောက်သားဆီမှ ခက်ကြွသောသံပြိုင်လေသံဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… လိုက်ကြည့်ရမှာပေါ့'

ထို့နောက်တော့…

ဘုန်းကျော်နှင့် သတိုးဆိုသော ငတိနှစ်ကောင်မှာ သပွတ်အူသိုက်ထဲသို့ လိုလိုလားလားဖြင့်ပင် ခုန်ချလိုက်ခြင်းကြောင့် နိဂုံး၏ နိဒါန်းပိုင်းသို့ ရောက်သွားခဲ့တော့သည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

လူတစ်ယောက်၏ တပ်မက်ခြင်းသည် မြင်ခြင်းမှ စသည်ဟု ဆိုရိုး ရှိပါသည်။ ထိုဆိုရိုးစကားကလည်း အတိအကျကို မှန်ပါသည်။ လူတို့သည် ကိုယ့်မျက်စိရှေ့၌ တွေ့ရသော ကောင်းမွန်သည့်အရာမှန်သမျှကို ပိုင်ဆိုင်လို စိတ် မလွဲမသွေပင် ဖြစ်ပေါ်တတ်လေ့ရှိသည်။ အဲ... အကြိုက်ချင်းကွာတာ ဘာညာတော့ ရှိတာပေါ့လေ။

ယခုလည်း ဘုန်းကျော်နှင့် သတိုးတို့နှစ်ယောက်သည် လူသားများ စွာထဲက လူသားနှစ်ဦးသာ ဖြစ်သည်။ ဒီထက်ရှင်းအောင် ပြောရလျှင် လူထီးနှစ်ကောင် ဖြစ်သည်။

ထို့ကြောင့် လူထီးတို့၏ သဘာဝအတိုင်း လူမလှလှလေးများနှင့် တွေ့ဆုံလာရသောအခါ ပထမဦးစွာ စိတ်လှုပ်ရှားပြီး ရင်ခုန်သည်။

ဒုတိယ ရင်တုန်လာသည်။

တတိယ ကြိုက်ချင်လာသည်။

စတုတ္ထ ကြိုက်ပစ်လိုက်သည်။

ပဉ္စမ ချစ်ပါတယ်ဆိုသည့်အနေအထား ရောက်သွားသည်။

ဆဋ္ဌမ သူနိုင်းတာ ဘာပဲလုပ်ရလုပ်ရဆိုသည့်စိတ်မျိုး ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် နှစ်ကောင်သား ကိုယ့်နှာခေါင်းကိုယ် နှာဖားကြီးထိုးပစ်လိုက်ပြီး ဆောင်းနုနှင့် ချိုသွေးတို့ရှေ့မှာ ဝပ်စင်းပစ်လိုက်ပြီ ဖြစ်သည်။

ဆောင်းနုတို့နှစ်ဦးကလည်း ဒီလိုပဲ အတိအကျဖြစ်နေပြီ။

ဒါပေမဲ့…

ကြားဖူးနားဝအကြောင်းအရာလေးတစ်ခုတော့ ရှိသေးသည်။

အဲဒါကတော့…

ယောကျ်ားတစ်ယောက်အတွက် အချစ်ဆိုတဲ့အရာက

ဘဝရဲ့အစိတ်အပိုင်းလေးတစ်ခုလောက်သာ သဘောထားတာပါတဲ့။

××××××××××

ဆောင်းနုနေထိုင်သော အိမ်ကလေးသည် သပ်သပ်ရပ်ရပ်ဖြင့် နေရှင်းစဖွယ်အိမ်လေးတစ်လုံး ဖြစ်၏။

ဒါပေမဲ့ ဒီအိမ်တွင် လိုအပ်သည်ထက် ပိုနေသော အရာတစ်ခုရှိမှန်း အိမ်ထဲသို့ ဝင်ဝင်လိုက်ချင်းပင် သတိုးတို့အုပ်စု သတိထားမိလိုက်ကြသည်။

ထိုအရာကတော့ တိတ်ဆိတ်ခြင်းပင် ဖြစ်သည်။

ဟုတ်သည်။ အိမ်၏အတွင်းပိုင်းသည် လိုအပ်သည်ထက် ပို၍ တိတ်ဆိတ်နေသည်။ ထိုတိတ်ဆိတ်ခြင်း၏ လွှမ်းမိုးမှုကြောင့် ဘုန်းကျော်တို့ပင် အလိုအလျောက် စကားပြောဆိုမခြင်းမပြုကြတော့ဘဲ ခပ်ကြောင်ကြောင်တွေ ဖြစ်နေကြ၏။

'ထိုင်ကြနော်'

ဆောင်းနု လေသံတိုးတိုးရှရှဖြင့် ပြော ဘာပါ။

ထို့ကြောင့် ဘုန်းကျော်၊ သတိုးနှင့် ချိုသွေးတို့ သုံးယောက်သားဧည့်ခန်းရှိ သင့်ရာခုံများတွင် ဝင်ထိုင်လိုက်ကြသည်။ ဆောင်းနုက ခဏ



www.burmeseclassic.com

www.burmeseclassic.com



နော်ဟု ပြောပြီး အိမ်၏အတွင်းပိုင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ခဏနေသောအခါ အအေးခွက်သုံးခွက်တင်ထားသော ဗန်းကလေး ကိုင်၍ ပြန်ထွက်လာသည်။

'သောက်လိုက်ကြပါဦးနော်'

ထိုအခါ သုံးယောက်သား အားနာစရာကြီးတွေ ဘာတွေဟု ထုံးစံအ တိုင်း ကပျာကယာပြောကြပြီး နောက်တော့လည်း ထုံးစံအတိုင်း သောက်ကြ ပါသည်။ ဘုန်းကျော်က အအေးခွက်ကို ယူ၍သောက်ပြီး…

'ဆောင်းနု'

'ရှင်… ကိုဘုန်းကျော်'

'ဒီအအေးကို ဆောင်းနုကိုယ်တိုင် ဖျော်ထားတာလား'

'ရှင်… ဟုတ်… မကောင်းလို့များလားဟင်'

'အာ… ဘယ်ကလာ ကောင်းလွန်းလို့ ဆွေမျိုးတောင်မေ့သွား တယ်… အဟီး'

ထိုသို့ပေါ်တင်ကြီး မြှောက်လိုက်သဖြင့် ဆောင်းနု ရှက်အမ်းအမ်းဖြင့် ခေါင်းငုံ့သွားသည်။ သတိုးက ရုပ်တည်ကြီးဖြင့်…

'ဘုန်းကျော်'

'ဟေ'

'မင်းအဖေနာမည်က ဦးတုတ်ကြီးမဟုတ်လား'

'ပေါက်ကရကွာ၊ ဦးညီမြပါ၊ မင်းကလည်း'

'ဩော် ဒါတော့ မှတ်မိသားပဲ'

'အဟီး… အဖေကိုးကွ'

ချီးသွေး ခစ်ခနဲ ရယ်၏။

ထို့နောက် ဆောင်းနုက ညှိုးငယ်သောမျက်နှာဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ… ကျွန်မအစ်ကိုကို သွားကြည့်ကြမလားဟင်'

ထိုသို့ပြောလိုက်ခြင်းကြောင့် အကုန်လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး…

'အင်း… ကြည့်မယ်လေ'

လေးယောက်သား ဆောင်းနုဦးဆောင်မှုဖြင့် အိမ်၏အတွင်းပိုင်းအခန်းတစ်ခုအတွင်းသို့ ရောက်လာခဲ့ကြသည်။

ထိုအခန်း၏ ခုတင်တစ်လုံးထက်တွင် လူတစ်ယောက် ငြိမ်သက်စွာလဲလျောင်းနေသည်။ ထိုသူ၏ပုံစံမှာ ရုတ်တရက်ကြည့်ပါက အသက်မရှိပါလေစဟု ထင်မှတ်ရလောက်အောင် ပိန်ခြောက်ဖြူဖျော့နေသည်။

သို့ရာတွင် ခပ်မြင်းမြင်းရှူနေသော အသက်ရှူသံနှင့်အတူ နိမ့်တုံမြင့်တုံ ဖြစ်နေသော ရင်အစုံတို့ကြောင့်သာ ထိုသူ အသက်ရှိနေမှန်း ရိပ်မိတော့သည်။

ထိုအခန်းထဲသို့ ဝင်ရောက်လာသော လူတိုင်း၏ မျက်ဝန်းအကြည့်တို့သည် ထိုလူ့ကိုယ်ပေါ်သို့ ကျရောက်နေလျက်ရှိပြီး ထိုမျက်ဝန်းများထဲ၌ အဓိပ္ပာယ်ကိုယ်စီ ရောင်စဉ်ကိုယ်စီ ဖြာထွက်နေသည်။

ဆောင်းနု၏မျက်ဝန်းများတွင် စိတ်မကောင်းခြင်း အရိပ်အယောင်တို့ အပြည့်အဝ ရှိနေသော်လည်း မြင်တွေ့ဖန်များလှနေပြီဖြစ်သော မြင်ကွင်းမို့ အသားကျခြင်းအကြည့်တို့ပါ ရောယှက်၍နေသည်။

ချိုသွေး၏မျက်ဝန်းထဲတွင် စိတ်မကောင်းဖြစ်ခြင်းတို့အပြင် တုန်လှုပ်ချောက်ချားခြင်းတို့ကိုပါ တွေ့မြင်နေရသည်။

ဘုန်းကျော်နှင့် သတိုးတို့နှစ်ယောက်၏ အကြည့်ကိုတော့ ဘာသာပြန်ရန် ခက်ခဲလွန်းနေသည်။

ထိုသူနှစ်ယောက်တို့၏ အကြည့်ထဲတွင် အရာအားလုံးပျော်ဝင်နေလျက်ရှိပြီး ထိန်းချုပ်မှုတချို့ကိုပါ တွေ့မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆောင်းနုက ထိုလဲလျောင်းနေသူထံသို့သွား၍ လက်တစ်ဖက်ကို ညင်သာစွာ ဆွဲကိုင်လိုက်ပြီး...

'ကိုကို'

ဆောင်းနု၏ခေါ်သံကြောင့် လှမမာ၏မျက်လုံးများ ဖြည်းညင်းစွာပွင့်လာပြီး ဆောင်းနုကို မြင်တွေ့သွားသောအခါ ခပ်ယဲ့ယဲ့ပြုံးပြသည်။

ဆောင်းနုက နူးညံ့သောလေသံဖြင့်...

'နေလို့ရော ကောင်းရဲ့လားဟင်'

ကောင်းပါသည်ဆိုသော သဘောမျိုးဖြင့် လှမမာ မျက်တောင်ခတ်ပြသည်။ ထို့နောက် ဆောင်းနုက ဘုန်းကျော်တို့ဘက်သို့ မျက်လုံးဖြင့်ညွှန်ပြ၍...

'ညီမလေး ကိုကို့ရောဂါကို ပျောက်အောင်ကုပေးမယ့် ဆေးဆရာတွေကို ခေါ်လာတယ် သိလား'

ထိုသို့ပြောလိုက်သည်နှင့်တစ်ပြိုင်နက်တည်း လှမမာက ဘုန်းကျော်တို့ နှစ်ယောက်ကို လှမ်းကြည့်လိုက်ရာ တွေ့လိုက်သည်နှင့် မျက်လုံးအစုံလက်ခနဲဖြစ်သွားပြီး အလွန်ပင်စိတ်လှုပ်ရှားသွားကာ ရှူးရှူးဝါးဝါးထ၍ အော်ပါတော့သည်။

ထိုသို့ ရုတ်တရက်ကြီး ဖြစ်လာခြင်းကြောင့် ဆောင်းနု ထိတ်လန့်တကြီးဖြစ်သွားကာ ကပျာကယာဖြင့်...

'ဘာဖြစ်သွားတာလဲ ကိုကို၊ ဘာဖြစ်လို့လဲ'

လူနာက ဘုန်းကျော်တို့နှစ်ယောက်အားကြည့်၍ ရှူးရှူးဝါးဝါးအော်ဆဲ။ အခန်းတစ်ခုလုံးသည် လှမမာ၏ အော်သံဖြင့် ပွက်ပွက်ညံနေ၏။ ထိုသို့ဖြစ်နေခြင်းကြောင့် သတိုးက ထိန်းထိန်းသိမ်းသိမ်းလေသံဖြင့်...

'ဆောင်းနု'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'ဟိုလေ… လူနာက ကျွန်တော်တို့ကိုကြည့်ပြီး အရမ်းစိတ်လှုပ်ရှားနေ ရတယ်၊ ဒါကြောင့် ဆောင်းနု့နဲ့ ချိုသွေးတို့နှစ်ယောက် ခဏအပြင်ထွက် ပေးပါလား'

'ရှင်'

ဆောင်းနုနှင့် ချိုသွေးတို့နှစ်ယောက် နားမလည်နိုင်သည့်ဟန် ဖြစ်သွား သည်။ ဒါကို ဘုန်းကျော်က ရိပ်မိလိုက်ပြီး…

'ဒီလိုပါ၊ ခုလို လူနာစိတ်လှုပ်ရှားနေတဲ့အချိန်က ဆေးပညာသဘော အရ စမ်းသပ်ဖို့အကောင်းဆုံးအချိန်လို့ ဆိုလို့ရနေပြီလေ။ ဒါကြောင့် ကျွန် တော်တို့ သူ့ကို စမ်းသပ်ကြည့်ရှုတော့မှာဖြစ်လို့ ဆောင်းနုတို့ကို အပြင်ခဏ ထွက်ခိုင်းတာပါ'

ဟုတ်တာမဟုတ်တာ အသာထား၊ ထိုသို့ ယုတ္တိရှိအောင်ပြောလိုက် သဖြင့် ဆောင်းနုနှင့် ချိုသွေးတို့နှစ်ယောက် နားလည်သွားပုံရပြီး အပြင် ဘက်သို့ ထွက်သွား၏။ လူနာကတော့ ရူးရူးဝါးဝါးအော်ဟစ်ဆဲ။

ဆောင်းနုနှင့် ချိုသွေးတို့နှစ်ယောက် မိမိတို့မြင်ကွင်းမှ ပျောက်ကွယ် သွားသည်နှင့်တစ်ပြိုင်နက် ဘုန်းကျော်နှင့်သတိုးတို့နှစ်ယောက် ချက်ချင်းဆို သလိုပင် လူမမာဘေးနားသို့ ရောက်သွားသည်။

ဘုန်းကျော်က လူမမာ၏လက်ကို ဆုပ်ကိုင်လိုက်ပြီး ရင်တွင်းမှ ထွက်လာသောလေသံဖြင့်…

'ဖြစ်မှဖြစ်ရလေသူငယ်ချင်းရာ'

'……………………'

လူမမာ ရုတ်ခြည်းပင် ငြိမ်ကျသွားပြီး ဘုန်းကျော်တို့ကို ကြောင်ကြည့် ကြည့်၍ မျက်လုံးမှ မျက်ရည်တို့ တသွင်သွင်စီးကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သတိုးက ထိန်းမရစွာ အငိုခနဲ တစ်ချက်ရှိုက်လိုက်ပြီး…

'သူငယ်ချင်း သောင်းစိုး… မင်း ဘာမှမပူနဲ့သိလား၊ ငါတို့ ရောက်လာပြီ… အိုး'

ဘုန်းကျော်ကလည်း…

'ဟုတ်တယ်ပေါ့ကောင်၊ မင်းအရင်အတိုင်း ပြန်ဖြစ်လာအောင် ငါတို့အစွမ်းကုန် ကြိုးစားမယ်လို့ ကတိပေးတယ်'

လူမမာသောင်းစိုးက ယုံကြည်မျှော်လင့်ခြင်းကြီးစွာဖြင့် သူငယ်ချင်းနှစ်ယောက်ကို အားကိုးတကြီး ကြည့်ရှာသည်။

ထို့နောက်တော့ သုံးယောက်သား တိတ်ဆိတ်ငြိမ်သက်ခြင်းဖြင့် ဆို့နင့်လှိုက်လှဲစွာ စကားပြောဖြစ်ကြငသည်။

××××××××××

ပုံမှန်မျက်နှာပေးမျိုးဖြင့် အခန်းအပြင်ဘက်သို့ ထွက်လာသော သတိုးတို့နှစ်ယောက်ကို ဆောင်းနတို့နှစ်ယောက်က စိတ်လှုပ်ရှားသောအမူအရာများတို့ဖြင့် ဆီးကြိုလိုက်ကြပြီး ဆောင်းနက…

'ကိုကို့အခြေအနေ ဘယ်လိုနေလဲဟင် ကိုဘုန်းကျော်'

ထိုသို့မေးလိုက်ရာ ဘုန်းကျော်က အရင်ဝင်ထိုင်လိုက်ပြီး တည်ငြိမ်သော လေသံဖြင့်…

'အင်း… ပျောက်ကင်းအောင် ကုသလို့တော့ ရနိုင်ပါသေးတယ် ဒါပေမဲ့…'

ထို ဒါပေမဲ့နေရာတွင် ဘုန်းကျော်က စကားစကို ဖြတ်လိုက်သဖြင့် ဆောင်းနမနေနိုင် မထိုင်ဖြစ်သွားပြီး…

'ဒါပေမဲ့ ဘာဖြစ်လဲဟင် ကိုဘုန်းကျော်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဘာဖြစ်လဲဆိုတော့ ဘယ်လိုကြောင့် ဒီလိုအဖြစ်မျိုးကို ဖြစ်သွားရသလဲဆိုတာကို အတိအကျသိဖို့ လိုလိမ့်မယ်'

ဆောင်းနု သိပ်နားလည်ပုံမရပါ။ ထို့ကြောင့် သတိုးက ဝင်ဆောက်၍…

'ဘုန်းကျော်ပြောချင်တာက ဒီလိုပါ။ ကိုသောင်းစိုး ဒီလိုမျိုးလေဖြတ်သွားသလိုဖြစ်တဲ့အချိန်မှာ ဆောင်းနုရှိနေလား၊ ရှိနေတယ်ဆိုရင် ဘယ်လိုအကြောင်းမျိုးပြပြီး ဖြစ်သွားတာလဲ၊ အဲဒါကိုပါ'

'ဩော်… အဲဒီအချိန်တုန်းက ကိုကို့အနားမှာ ကျွန်မ ရှိမနေပါဘူး'

'ဟုတ်ပြီ… ဒါဆိုရင် ဘယ်သူတွေ ရှိနေသလဲ'

ဆောင်းနု ပြန်၍မဖြေဘဲ မျက်ဝန်းများက ချိုသွေးကို လှမ်းကြည့်သည်။ ထို့ကြောင့် ချိုသွေး သက်ပြင်းတစ်ချက်ချ၍…

'အင်း… ကိုသောင်းစိုး ဒီလိုဖြစ်သွားတဲ့အချိန်မှာ သူ့အနားမှာ သူငယ်ချင်းနှစ်ယောက် ရှိပါတယ်'

သတိုး အားတက်သရောလေသံဖြင့်…

'ဟုတ်ပြီ… အဲဒီနှစ်ယောက်က ဘယ်သူတွေလဲ'

'အဲဒီလူတွေက ကျွန်မအစ်ကို ကိုအောင်မြင့်နဲ့ ကိုကြည်လွင်တို့ပါ'

ကိုအောင်မြင့်ကို သိပြီးသားဖြစ်နေခြင်းကြောင့်…

'ကိုကြည်လွင်ဆိုတာက ဘယ်သူလဲ'

ထိုအခါ ဆောင်းနုကဝင်၍…

'ကျွန်မအခု အလုပ်ဝင်လုပ်နေတဲ့ Shopping Center က မန်နေဂျာ

'ဩော်'

လက်စသတ်တော့ ချိုသွေးအစ်ကို ကိုအောင်မြင့်ရော၊ မန်နေဂျာ ကြီးဆောက သောင်းစိုးရဲ့ သူငယ်ချင်းတွေကိုး။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘုန်းကျော်က…

'ဒါဆိုရင် ကိုအောင်မြင့်နဲ့ ကိုကြည်လွင်ကို ကျွန်တော်တို့ တွေ့ချင်တယ်'

ဟု ပြောလိုက်ရာ ချီးသွေးက မျက်မှောင်ကုတ်၍…

'လိုအပ်လို့လားဟင်'

သတိုးက…

'လိုအပ်တာပေါ့ ချီးသွေးရဲ့၊ ရောဂါတစ်ခုဆိုတာ စတင်ဖြစ်ပေါ်တဲ့ ဇစ်မြစ်ကို သေချာမသိရရင် ကုဖို့ဘယ်လိုဖြစ်နိုင်ပါ့မလဲ'

သူမ ငြိမ်သက်သွားပုံမှာ တစ်စုံတစ်ခုကို အပြင်းအထန်စဉ်းစားနေသည့်ပုံမျိုးဖြင့် ငြိမ်သွားခြင်းဖြစ်၏။

ဆောင်းနုကတော့ ဘုန်းကျော်ကို အားကိုးတကြီး အကြည့်ဖြင့် ကြည့်လျက်…။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ချိုသွေးက ဖုန်းဆက်၍ ကိုအောင်မြင့်တို့နှစ်ယောက်ကို ဘုန်းကျော်တို့နှင့် တွေ့ဆုံပေးရန် အပြင်ကော်ဖီဆိုင်လေးတစ်ဆိုင်တွင် ချိန်းဆိုထားသဖြင့် လေးယောက်သား ထိုဆိုင်လေးရှိရာသို့ ထွက်လာခဲ့ကြသည်။

ဆိုင်သို့ရောက်သောအခါ ကိုအောင်မြင့်တို့နှစ်ယောက် မရောက်သေး။ ထို့ကြောင့် ကိုယ့်အတွဲနှင့်ကိုယ် တော်ကီပစ်နေကြသည်။

ကိုယ့်အတွဲနှင့်ကိုယ် ဆိုသည်မှာ ဘုန်းကျော်နှင့်ဆောင်းနုတို့တစ်တွဲ၊ သတိုးနှင့် ချိုသွေးတို့တစ်တွဲ စကားပြောကြခြင်းကို ဆိုလိုပါသည်။

သတိုးက ချိုသွေးအား…

'ချိုသွေး'

'ဟင်'

'ချိုသွေး'

'ဟင်လို့'

'ချိုသွေး'

'ထူးနေတယ်လေ'

'ချိုသွေး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွာ၊ ဘာမှမပြောဘဲ နှာမည်ကြီးပဲ ခေါ်နေတယ်'

'ခေါ်လို့ကောင်းလို့ ခေါ်ကြည့်တာပါ… အဟီး'

ချိုသွေး မျက်စောင်းပြေပြေကလေး လှမ်းထိုးပါသည်။

သတိုးက ခပ်ပြေပြေ လေသံဖြင့်…

'ချိုသွေး အချစ်ဆိုတာကို ဘယ်လိုသဘောပေါက်ထားလဲဟင်'

'ဘယ်လိုမှသဘောမပေါက်ပါဘူး'

'ဟောဗျာ… ဘာဖြစ်လို့လဲ'

'စိတ်မှမဝင်စားတဲ့ဟာကြီး'

'ဒီလောက်လှတဲ့ကောင်မလေးက အချစ်ကို စိတ်မဝင်စားဘူးဆိုတာ ဟုတ်လို့လား'

'အံမယ် ဘာလို့မဟုတ်ရမှာလဲ'

'ဟုတ်ပါပြီ၊ ဒါဆိုရင် ချိုသွေးက ဘာကိုစိတ်ဝင်စားလဲ'

'အကောင်လေးတွေကို'

'ဘယ်လို… ဘယ်လို'

'ဟိုလေ… အင်းဆက်ပိုးမွှားလေးတွေကို ပြောတာပါ။ ဥပမာ- ပိုးဟာတ်တို့၊ ပင့်ကူတို့လိုဟာမျိုးတွေကိုပေါ့'

သတိုး ကြောင်တောင်တောင် ဖြစ်သွား၏။

'ပေါက်တီးပေါက်ရှာ ချိုသွေးရာ၊ လူလူချင်းကို စိတ်မဝင်စားဘဲ ဘယ့်နှယ်အသည်းယားစရာ ပိုးကောင်တွေကို သွားပြီးစိတ်ဝင်စားရတာတုံး'

ချိုသွေးခေါင်းခါ၍…

'အဲဒါတော့ ချိုသွေးမပြောတတ်ဘူး။ ငယ်ငယ်ကတည်းက အဲဒီ ပိုးကောင်မွှားကောင်လေးတွေမြင်ရင် လိုက်ဖမ်းပြီးမွေးထားလိုက်တာပဲ'

သတိုး ခေါင်းကုတ်မိသည်။ ကိုယ်ကြိုက်နေသော ငမိရဲ့ ဝါသနာ

www.burmeseclassic.com



က ကြဲကြဲဖန်ဖန်ကြီး ဖြစ်နေတာကိုး။ ဒါပေမဲ့ တစ်ခုတော့ အဆင်ပြေနိုင်သည်။ အဲဒါကဘာလဲဆိုတော့ သူနဲ့ကိုယ်နဲ့ ကြိုက်ပြီဆိုပါက တခြားအရာတွေကို ငွေကုန်ကြေးကျခံပြီး လိုက်ပို့စရာမလိုတော့။ ကိုယ့်အခန်းထဲ ခေါ်သွားရုံနဲ့ ကိစ္စကပြတ်နိုင်သည်။ တခြားကြောင့်တော့မဟုတ်။ ကိုယ်ထွေးနေတဲ့အခန်းမှာက အင်းဆက်သတ္တဝါပေါင်း သောင်းခြောက်ထောင်လောက် ရှိသည်လေ။ သူက ဒါတွေကိုမှ စိတ်ဝင်စားသည်ဆိုတော့လည်း လေ့လာပေရော့ပဲ ဟင်း… ဟင်း။

ထိုသို့ သတိုးက တွေးနေမိသည့်အချိန်တွင် ချိုသွေးကလည်း သူ စိတ်ဝင်စားသောအကြောင်းအရာ၏ စကားလမ်းကြောင်းပြတ်နေသဖြင့် အားတက်သရော စကားတွေ ဆက်လက်ပြောတော့သည်။

'ချိုသွေးကလေ တချို့ရှားပါးပြီး တန်ဖိုးကြီးတဲ့ အင်းဆက်အမျိုးအစားတွေဆိုရင် မရမက ငွေကုန်လူပန်းခံပြီးတော့ လိုက်ရှာပြီးမွေးတာပဲ၊ သိလား'

'ဟုတ်လား… ဒါဆိုရင် ချိုသွေးဆီမှာ ရှားပါးတဲ့အကောင်လေးတွေ အများကြီးရှိတာပေါ့နော်'

'အင်း… ရှိတာပေါ့'

'ကိုယ့်ကို ကြဲရင်ပြလေ'

'အင်း… ပြမယ်'

'ဒါနဲ့ ဒီလိုတွေ ချိုသွေးမွေးတာကို ချိုသွေးအဖေ ဦးအောင်ခန့်က ဆူဘူးလား'

ဦးအောင်ခန့်ဆိုတာက ဘုန်းကျော်ကုပေးလိုက်သော လေဖြတ်နေသည့် အဘိုးကြီးကို ပြောတာပါ။ ဒါကို ချိုသွေးက မျက်နှာကို ရှုံ့မဲ့ခဲ့ဆိုက်ပြီး…

'အို… ဘာဆိုင်လို့ သူက လာဆူရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မဆိုင်ဘဲနေမလားကွ၊ ကိုယ့်အဖေပဲဟာ'

'ဘာအဖေလဲ… အဲဒါ ချိုသွေးရဲ့ပထွေး'

'ဘယ်လို… ဘယ်လို'

'ဟုတ်တယ်… အဲဒီဦးအောင်ခန့်က မေမေ့ရဲ့နောက်အိမ်ထောင်လေ။ ကိုကြီးအောင်မြင့်ကလည်း သူနဲ့ပါလာတဲ့သားပဲ'

သတိုး မျက်မှောင်ကုတ်လိုက်ပြီး…

'ဒါဆို ကိုအောင်မြင့်နဲ့ ချိုသွေးက မောင်နှမတွေမဟုတ်ဘူးပေါ့'

'ဟင့်အင်း… ချိုသွေးက အဲဒီအိမ်မှာ မေမေဆုံးပြီးကတည်းက တစ်ယောက်တည်း ဖြစ်နေခဲ့တာ ကြာပါပြီ'

ထိုသို့ပြောပြီးနောက် ချိုသွေး ခေါင်းလေးအောက်သို့ ငုံ့သွားသည်။ သတိုးလည်း ရင်ထဲမှာ နွမ်းခနဲပင် ဖြစ်မိသွား၏။ လူ့လောကကြီးထဲတွင် တစ်ယောက်တည်း ရပ်တည်နေရသော ချစ်ရသူကိုလည်း သနားသွားမိ၏။

ခေါင်းငုံ့လျက်ရှိသော ချစ်သူကို သတိုး နူးညံ့သောလေသံဖြင့်…

'ချိုသွေး'

ခေါင်းပြန်မော့လာခြင်းမရှိသေးပါ။ ထို့ကြောင့် ဒုတိယအကြိမ်မြောက် ထပ်ခေါ်ဖြစ်သည်။

'ချိုသွေး'

'……'

ဖြည်းညင်းစွာ ခေါင်းလေးပြန်လည်မော့လာသည်။

မျက်ဝန်းမှာ မျက်ရည်စတွေ ဝေသီ၍ အားငယ်မှုတွေ စွန်းထင်းလျက်…

သတိုး ခန္ဓာကိုယ်ကို ရှေ့သို့ကိုင်း၍ တိုးညင်းသောလေသံဖြင့်…

'ဟိုလေ… အိမ်သာသွားရင် ဘယ်လိုသွားလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်...'

ချိုသွေး အူတူတူပုံစံဖြစ်သွားပြီး သတိုးကို ကြည့်သည်။ သတိုး သပ်၍...

'အိမ်သာကို ဘယ်လိုသွားလဲလို့ မေးနေတာ'

ဒီတစ်ခါတော့ စကားသံက ပီသသောကြောင့် ချိုသွေးမျက်နှာ မဲ့နဲ့ပင် ဖြစ်သွားပြီး...

'အို... ကိုသတိုးကလည်း ဘာတွေလာမေးနေမှန်းမသိဘူး'

'ဟင်... မြန်မာလိုပဲ မေးနေတာလေ'

'အဲဒါမေးစရာလား'

'မေးစရာပေါ့'

ချိုသွေး တော်တော်ကြီးကို စိတ်ရှုပ်သွားပုံရသည်။

သတိုးကို အကဲခတ်ကြည့်တော့လည်း တော်တော်ကို သိချင်နေသည့် ... သတိုးက ထပ်၍ အလောတကြီးပုံဖြင့်...

'ပြောပါချိုသွေးရာ၊ အိမ်သာသွားတာ ဘယ်လိုသွားလဲဟင်'

မေးတဲ့လူကလည်း အသားကုန်မေးနေသောကြောင့် ချိုသွေး မဖြတ် ... တော့ဘဲ စိတ်အိုက်စွာဖြင့်ပင် မျက်နှာနီနီဖြင့်...

'အင်း... အို... ကိုသတိုးတို့သွားသလိုပဲ ထိုင်ပြီးသွားတာ ပေါ့'

ဒီတစ်ခါ အူတူတူဖြစ်သွားသူက သတိုးပါ။

'ဘယ်လို...ဘယ်လို ထိုင်ပြီးသွားတယ်၊ ဟုတ်လား'

'အင်း'

'ဟာ... ဘယ်လိုကြီးတုံး'

မျက်စိထဲတွင် အိမ်သာရှိရာသို့ ငုတ်တုတ်ကြီးထိုင်ပြီး ... တလှမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားမည့် ကိုယ့်ပုံကိုယ် မြင်ယောင်ကြည့်မိပြီး သတိုး တွန့်ခနဲဖြစ်သွားမိသည်။

'ဟိုလေ ချိုသွေး ဒီလိုဆိုင်တွေက အိမ်သာသွားရင် အဲဒီလိုကြီး ထိုင်ပြီး ကွတတသွားရမှာလား… ဟုတ်လား၊ ဒါဆိုရင်တော့ ဒုက္ခပါပဲ ကွာ… ဟူး'

သတိုး ထိုသို့ပြောလိုက်ခြင်းကြောင့် ချိုသွေး ဒုတိယအကြိမ်မြောက် အူတူတူဖြစ်သွားသေးသည်။ နောက်မှ သတိုးက ဘာကိုဆိုလိုသည်၊ မိမိက ဘာကိုထင်မြင်မိသည်ကို ကွက်ကွက်ကွင်းကွင်း မြင်ယောင်မိသွားပြီး သဘောပေါက်သွားကာ တခိခိဖြင့် ထရယ်မိတော့သည်။

'ချိုသွေး… ဘာကိုရယ်နေတာလဲဟင်'

'ခစ်… ခစ်… ဘာမှမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး၊ ကိုသတိုးပြော တာကို ချိုသွေးသဘောပေါက်သွားပြီ၊ ဒီဆိုင်အနောက်ဘက်ကိုသာသွား၊ အဲဒီမှာ အိမ်သာရှိတယ်၊ ခစ်… ခစ်'

သတိုး နဖူးမှ ချွေးများကိုသုတ်၍ မရဲတရဲလေသံဖြင့်…

'ဟိုလေ လမ်းလျှောက်… လျှောက်ပြီးတော့လားဟင်'

'ခစ်… ခစ်… ဟုတ်တယ်… ဟုတ်တယ်… ခစ်… ခစ်'

'ဟူး… တော်သေးတာပေါ့ဗျာ'

ထိုသို့ ဟင်းချပြောပြီးမှ သတိုး ခပ်သွက်သွက်လမ်းလျှောက်၍ ထွက်သွားတော့သည်။

ချိုသွေးကတော့ တခစ်ခစ်ဖြင့်ရယ်၍ ကျန်ခဲ့လျက်…။

ထိုအချိန်တွင် ဘုန်းကျော်နှင့် ဆောင်းနုမှာ စကားကောင်းနေကြသည်။

ဆောင်းနုက…



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ကိုဘုန်းကျော်က ဒီပညာကို ဘယ်မှာသင်ခဲ့တာလဲဟင်'

'ဘာပညာကို ပြောတာတုံး'

'ဆေးပညာကို ပြောတာလေ'

'ဩော်'

ဘုန်းကျော် လည်ချောင်းနှစ်ချက်လောက် ရှင်းထုတ်လိုက်သေးသည်။

'အဟမ်း… အဟမ်း'

ပြီးမှ ရုပ်တည်ကြီးဖြင့်…

'အင်း… ဂျပန်မှာလေးနှစ်၊ အမေရိကားမှာ နှစ်နှစ်၊ စပိန်မှာ တစ်နှစ်ခွဲ၊ အင်္ဂလန်မှာ သုံးနှစ်၊ မြောက်ကိုရီးယားမှာတော့ ခြောက်လ၊ ယိုးဒယားမှာက ငါးနှစ် အင်း… ဒီလောက်ပါပဲ'

ဆောင်းနု မျက်လုံးလေးပြူး၍…

'အဲဒီနိုင်ငံတွေမှာ လှည့်ပြီးပညာသင်ခဲ့တယ် ဟုတ်လား'

'ဟင့်အင်း သူများတွေပြောတဲ့အတိုင်း လျှောက်ပြောကြည့်တာပါ… အဟီး'

ဆောင်းနု မျက်စောင်းလေးတစ်ချက်ကို မသိမသာလှမ်းထိုးသည်။ ပြီးမှ…

'အကောင်းမေးနေတာ၊ ဘယ်လိုတတ်ခဲ့တာလဲလို့'

ဘုန်းကျော် ခေါင်းကုတ်၍…

'အင်း… ဒီလိုပါပဲ၊ ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်ရင်းနဲ့ တတ်သွားတာ'

'မဖြစ်နိုင်တာ၊ ဒီလိုယောင်ခြောက်ဆယ်လုပ်ရင်းနဲ့ ဒီပညာကတတ်ရောလား'



www.burmeseclassic.com

www.burmeseclassic.com



'တတ်တာပေါ့ ဆောင်းနှရဲ့၊ မယုံဘူးဆိုရင် ကိုယ်တို့လို ယောင်ခြောက်ဆယ် လိုက်လုပ်ကြည့်လေ အဟင်း'

'နေပါ… နေပါ'

'ဒါနဲ့ ဆောင်းနှတို့က မောင်နှမနှစ်ယောက်တည်းနေတာလား၊ မိဘတွေရော'

'အင်း… ဖေဖေတို့ မေမေတို့က ဆောင်းနှငယ်ငယ်ကတည်းက ဆုံးသွားတာလေ။ ဆောင်းနှက ၂နှစ်လေးမှာနေတဲ့ အဒေါ်တွေလက်ထဲမှာ ကြီးလာတာ'

'ဪ'

'ကိုကိုက ရန်ကုန်မှာ တစ်ယောက်တည်းနေတာ ကြာပြီ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကမှ သူ အဆင်ပြေတယ်ဆိုပြီး ဆောင်းနှကို ဒီကိုခေါ်လိုက်တာ။ အဲဒီတော့မှ မောင်နှမနှစ်ယောက် အတူတူပြန်နေဖြစ်တာ'

ထိုသို့ပြောရင်းဆိုရင်းနဲ့မှ ဆောင်းနှမျက်နှာ ညှိုးသွားပြီး…

'ဆောင်းနှရောက်ပြီး သိပ်မကြာခင်မှာ ကိုကိုဒီလိုဖြစ်သွားတာပါပဲ။ အင်း… ဆောင်းနှက မကောင်းတဲ့ကံကြမ္မာတွေကို ကိုကို့ဆီ ယူလာတာလား မသိပါဘူးနော်'

ဘုန်းကျော် ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားမိ၏။

'မဟုတ်တာပဲ ဆောင်းနှရာ၊ အဲဒီလိုကြီးတွေ မတွေးပါနဲ့'

'မဟုတ်ဘူး ကိုဘုန်းကျော်ရဲ့၊ ဆောင်းနှမွေးမွေးချင်း မီးတွင်းထဲမှာပဲ မေမေက ဆုံးသွားတယ်၊ ဆောင်းနှ ခြောက်လသမီးလောက်အရောက်မှာ ဖေဖေကလည်း ထိခိုက်မှုဖြစ်ပြီး ဆုံးသွားတယ်၊ ခု ဆောင်းနှရောက်လာမှ ကိုကိုကလည်း ဒီလိုဖြစ်သွားတာဆိုတော့ ဟင့်… သေချာပါတယ် ဆောင်းနှက မိသားစုအတွက် ဂြိုဟ်ကောင်တစ်ကောင်ပါ… အဟင့်… အဟင့်'



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း ငိုရှိုက်နေသော ဆောင်းနုကိုကြည့်ရင်း ဘုန်းကျော် ရင်ထဲမှာ တော်တော်ကြီးကို စိတ်မကောင်းဖြစ်နေမိသည်။ ပြီးနောက် ရင်ထဲမှပင် တိုးတိတ်သောလေသံဖြင့်…

'ကောင်မလေးရယ်… မငိုပါနဲ့၊ ငါဟာ နတ်ဘုရားတစ်ပါးမဟုတ်ပေမဲ့ မင်းအတွက် ကံကောင်းခြင်းတွေ ဆောင်ယူလာမယ့် လူတစ်ယောက်ဆိုတာတော့ မင်းယုံကြည်လိုက်ပါတော့'

xxxxxxxxxx

ထိုသို့သောအချိန်တွင် ကိုအောင်မြင့်နှင့် ကိုကြည်လွင်တို့နှစ်ယောက် ရောက်လာကြသည်။

အိမ်သာသွားနေသော သတိုးလည်း ပြန်လည်ရောက်လာခြင်းကြောင့် လူစုံသွားကြသည်။

ချိုသွေးက မရှေးမနှောင်းအချိန်တွင် ကိုအောင်မြင့်တို့အား ဘာကြောင့် ဒီကိုခေါ်ရသနည်းဆိုသည့်အကြောင်းကို ရှင်းပြလိုက်သောအခါ ကိုအောင်မြင့်မှာ မျက်နှာမသာမယာဖြင့် နဖူးမှ ထွက်နေသော ချွေးတို့ကို သုတ်ရင်း သတိုးတို့အား လှမ်းကြည့်သည်။

စင်တာမန်နေဂျာဖြစ်သော ကိုကြည်လွင်ဆိုသည့်ပုဂ္ဂိုလ်ကတော့ သတိုးတို့အား မတ်မိနေဟန်ဖြင့် ရှုံ့တွန့်တွန့်ဖြစ်နေသည်။

ကိုအောင်မြင့်က မျက်နှာမသာမယာဖြင့် ဘုန်းကျော်တို့အား ကြည့်ပြီး…

'အေးဗျာ အမှန်အတိုင်းပြောရရင်တော့ ကျွန်တော် ဒီအကြောင်းတွေ ပြန်ကိုမပြောချင်တော့ပါဘူး'

သတိုးက…



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲဗျ… ပြောပါ'

'ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ပယောဂမကင်းဘူးလို့ ဒီနေ့ဒီအချိန်အထိ ခံစားနေရလို့ပါ'

ကိုအောင်မြင့်မျက်နှာမှာ တကယ့်ကို စိတ်မကောင်းဖြစ်နေဟန်တူသည်။ ထို့ကြောင့် ဘုန်းကျော်က ဝင်၍…

'ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ အမှန်အတိုင်းသိချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုသိရမှလည်း သောင်းစိုးရဲ့ရောဂါကို ကုသပေးနိုင်မှာမို့လို့ပါ'

ကိုအောင်မြင့် နားလည်ဟန်ဖြင့် ခေါင်းညိတ်၍…

'အင်း… ကျွန်တော် သဘောပေါက်ပါတယ်။ အဖြစ်ကတော့ ဒီလိုဗျာ။ ကျွန်တော်နဲ့ ကိုသောင်းစိုးက စီးပွားရေးကိစ္စနဲ့ပတ်သက်ပြီး ခင်မင်တဲ့ မိတ်ဆွေတွေမှန်ပေမဲ့ ပုဂ္ဂိုလ်ရေးအားဖြင့်လည်း တော်တော်ကြီးကို ခင်ကြပါတယ်။ အဲ… တစ်ရက် ကျွန်တော်တို့ တွေ့ဆုံရင်းနဲ့ စားဖြစ်သောက်ဖြစ်ကြတယ်။ အဲဒီလိုစားသောက်ရင်းနဲ့မှ စကားစပ်မိပြီး ကျွန်တော်က ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်ပိုင်တဲ့ အိမ်ကြီးတစ်လုံးက သရဲအရမ်းခြောက်တယ်ဆိုတဲ့အကြောင်းကို သွားပြောမိလိုက်တယ်'

'ဘယ်လို… ဘယ်လို သရဲခြောက်တဲ့အိမ် ဟုတ်လား'

'ဟုတ်ပါတယ်'

ဘုန်းကျော်က…

'အဲဒါနဲ့ ဘာဆက်ဖြစ်တာလဲ ပြောပါဦး'

'အဲဒီလိုလည်း ပြောလိုက်ရော ကိုသောင်းစိုးက သူ သရဲတွေဘာတွေကို အယုံအကြည်မရှိကြောင်း ပြောတယ်။ ဒါနဲ့ ကျွန်တော်လည်း မခံချင်ဖြစ်သွားပြီး' ခင်ဗျားမယုံရင် အဲဒီအိမ်မှာ တစ်ညသွားအိပ်ရဲလားလို့



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်မိတယ်။ အဲဒါကိုက ကျွန်တော့်အမှား ဖြစ်သွားတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုသောင်းစိုးက ဘာလို့မအိပ်ရဲရမှာလဲ ဘာညာနဲ့ ပြီးတော့ ခုချက်ချင်းသွားအိပ်ပြမယ်ဆိုပြီး အတင်းပြောပါလေရော။ ကျွန်တော်နဲ့ ကိုကြည်လွင်တို့နှစ်ယောက်ပေါင်းပြီး တားတာတောင်မှ မရဘူး။ နောက်တော့ ကျွန်တော်တို့ကလည်း မူးနေတဲ့လူတွေဆိုတော့ သိပ်မစဉ်းစားဖြစ်တော့ဘဲ ကိုသောင်းစိုးဆန္ဒအတိုင်း အဲဒီအိမ်ကို လိုက်ပို့မိလိုက်တယ်'

'ဒါနဲ့ အဲဒီ ခင်ဗျားတို့ပိုင်တယ်ဆိုတဲ့ သရဲခြောက်တဲ့အိမ်က ဘယ်နားမှာလဲ'

'သန့်လျင်မှာပါ'

'ခင်ဗျားတို့ ကိုသောင်းစိုးကို လိုက်ပို့ပြီးတော့ ပြန်လာတာလား။ ဒါမှမဟုတ် သူနဲ့အတူ အဲဒီအိမ်မှာ အိပ်တာလား'

'ကျွန်တော်နဲ့ ကိုကြည်လွင်က ပြန်လာတာပါ'

'ဟုတ်ပြီ၊ နောက်တော့ရော ဘာဆက်ဖြစ်သေးလဲ'

'နောက်နေ့မနက်လင်းတော့ ကျွန်တော် သတိဝင်လာပြီး ကိုသောင်းစိုးကို စိတ်ပူမိသွားတော့ ကိုကြည်လွင်ကိုခေါ်ပြီး အားခြင်း အဲဒီအိမ်ကို ရောက်သွားခဲ့တယ်၊ အဲဒီမှာတင်... ဟင်း'

စကားစကို ဖြတ်လိုက်သဖြင့် ဘုန်းကျော်က...

'ဆက်ပြောပါ ကိုအောင်မြင့်'

ကိုအောင်မြင့် သက်ပြင်းချ၍...

'ဟင်း... ကိုသောင်းစိုးကို ခုလို မလှုပ်နိုင်မရှားနိုင် လေဖြတ်နေတာကို တွေ့ရတော့တာပါပဲဗျာ'

ကိုအောင်မြင့်၏ စကားလည်းဆုံးရော အကုန်လုံး သူ့စကားတွေနှင့်ဘဲ ငြိမ်သက်သွားကြသည်။ ခဏကြာမှ ကိုအောင်မြင့်က...



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် တကယ့်ကို စိတ်မကောင်းဖြစ်မိတာပါဗျာ၊ အရက်ကြောင့် မဖြစ်သင့်မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရပါတယ်ခင်ဗျာ'

ဘုန်းကျော်က ခေါင်းကို ဆတ်ခနဲညိတ်၍…

'အေးပေါ့ဗျာ၊ ဖြစ်လာမှတော့ ဘယ်တတ်နိုင်ပါ့မလဲ… အင်း ကိုအောင်မြင့် ကျွန်တော်တို့ကို တစ်ချက်လောက် ကူညီပါဦး'

'ပြောပါ၊ ကျွန်တော် ကူညီနိုင်တာရှိရင် ကူညီပါ့မယ်'

'တခြားတော့မဟုတ်ပါဘူး၊ ကျွန်တော်တို့နှစ်ယောက်ကို အဲဒီသရဲခြောက်တယ်ဆိုတဲ့ အိမ်ကို လိုက်ပို့ပေးပါ'

'ခင်ဗျာ'

ဘုန်းကျော်နှင့် သတိုးမှအပ ကျန်သည့်လူများ အကုန်မျက်လုံးပြူးကုန်ကြသည်။ ကိုအောင်မြင့်က အူတူတူမျက်နှာပေးဖြင့် ကြည့်နေသေးခြင်းကြောင့်…

'ကျွန်တော် ခုနက ပြောလိုက်တာကို မကြားလိုက်လို့များလား မသိဘူး'

'ကြား… ကြားပါတယ်၊ ဟို… ဟိုလေ ဘာလို့ အဲဒီကိုသွားချင်ရတာလဲ မသိဘူး'

ထိုအခါ သတိုးက သံပြတ်ဖြင့်…

'အဲဒီအိမ်က သရဲနဲ့ စာရင်းသွားရှင်းမလို့'

'ခင်ဗျာ'

'မကြားပြန်ဘူးနဲ့ တူတယ်'

'ကြား… ကြားပါတယ်၊ ဟို… ဟိုလေ ဘယ်တော့သွားမှာလဲ မသိဘူး'

နှစ်ယောက်သား သံပြိုင်လေသံဖြင့်…



www.burmeseclassic.com

www.burmeseclassic.com

'အခု'

'ခင်ဗျာ'

ထို့နောက်တော့...

ဘုန်းကျော်နှင့် သတိုးဆိုသော ငတိနှစ်ကောင်တို့ သရဲခြောက်သည်ဆိုသော အိမ်ကြီးရှိ သရဲအား စာရင်းရှင်းရန် သန်လျင်သို့ ထွက်လာခဲ့ကြလေတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

သန်လျင်သို့အသွားတွင် ကိုအောင်မြင့်၏ကားဖြင့် သွားကြခြင်းကြောင့် ခရီးလမ်း အဆင်ပြေသည်ဟု ပြော၍ရသည်။

မိုးချုပ်စပြုစ်ခြင်းကြောင့် လမ်းမီးများပင် ထွန်းစပြုနေပြီဖြစ်သည်။

ကိုအောင်မြင့်က ကားမောင်း၍ ယာဉ်မောင်းနံဘေးနေရာတွင် ကြည်လွင် ထိုင်သည်။ နောက်ဘက်တွင်တော့ ဘုန်းကျော်နှင့် သတို့ က ပြတင်းပေါက်ရှိရာ တစ်ဖက်တစ်ချက်တွင် ခွဲထိုင်၍ မိန်းကလေးနှစ်ဦး ကို အလယ်တွင်ထည့်ထားသည်။ ဘုန်းကျော်၏လက်သမားအိတ်ကြီး တော့ ကားနောက်ဘက်အဖုံးထဲတွင် ထည့်ထား၏။ လူလေးယောက် စုပြုံ ထိုင်ရခြင်းကြောင့် အနည်းငယ်တော့ ကျပ်သည်။ ဒါပေမဲ့ ကားကျပ်ပါသည် ဟူ၍တော့ မည်သူမှ မညည်းညူ။ ဘယ်ညည်းပါ့မလဲ ကိုယ်ကြိုက်နေတဲ့ ကောင်မလေးနဲ့ ပူးကပ်ပြီး ထိုင်နေရတာကိုး။

သန်လျင်မြို့ထဲ ဝင်ဝင်ချင်းမှာပင် ဘုန်းကျော်က...

'ကိုအောင်မြင့် ခဏဗျာ... ခဏ'

ဘုန်းကျော်က ခဏဆိုခြင်းကြောင့် ကိုအောင်မြင့်က ကားကို လမ်း ဘေးထိုးရပ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ ကိုဘုန်းကျော်'

'ဩော်… ကွမ်းယာသွားဝယ်မလို့ပါ'

ထိုသို့ပြောပြီး ဘုန်းကျော် ကားပေါ်မှ ဆင်းသွားပြီး ခပ်လှမ်းလှမ်းရှိ ကွမ်းယာဆိုင်လေးရှိရာသို့ လျှောက်သွား၏။ သိပ်မကြာခင်မှာပင် ပြန်ရောက်လာပြီး ကားပေါ်တက်ထိုင်၍…

'ကျေးဇူးပဲ ကိုအောင်မြင့် မောင်းလို့ရပါပြီ'

ထိုသို့ဖြင့် ဆက်မောင်း၍ ဆယ်မိနစ် မရှိတရှိလောက်တွင် သတိုး က…

'ကိုအောင်မြင့် ခဏဗျာ… ခဏ'

ကိုအောင်မြင့် ကားရပ်၍…

'ဘာဖြစ်လို့လဲ ကိုသတိုး'

'ဩော်… ဆေးလိပ်သွားဝယ်မလို့ပါ'

ထိုသို့ပြောပြီး ကားပေါ်မှဆင်း၍ မီးခပ်မှိန်မှိန် ထွန်းထားသော ဆိုင်လေးတစ်ဆိုင်အတွင်းသို့ ဝင်သွားသည်။ ခဏကြာသောအခါ ပြန်ထွက်လာ၍ ကားပေါ်ပြန်ရောက်လာသောအခါ…

'ကျေးဇူးပဲ ကိုအောင်မြင့်ရာ… မောင်းလို့ရပါပြီ'

ထို့နောက် ကိုအောင်မြင့် ဆက်မောင်း၍ သိပ်မကြာမီမှာပင် ဘုန်းကျော်က…

'ခဏဗျာ ကိုအောင်မြင့် ခဏ'

ကိုအောင်မြင့် သက်ပြင်းချ၍ ကားရပ်ပေးသည်။ စိတ်ခတ်ကျနေ၍ဖြင့် ဘာမှတော့ မမေးတော့။ ထို့ကြောင့် ဘုန်းကျော်ကလည်း ဘာမှ ပြောခြင်းမရှိဘဲ ခပ်တည်တည်ဖြင့် ကားပေါ်မှဆင်း၍ ဆိုင်လေးတစ်ဆိုင် အတွင်းသို့ ဝင်သွားပြီး အိတ်လေးတစ်လုံးဆွဲကာ ပြန်ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ကိုအောင်မြင့်ဆက်မောင်းပြီး ငါးမိနစ်ပင်မကြာခင်မှာ သတိုးက…

'ကိုအောင်မြင့် ဟိုရှေ့က အမှောင်ရိပ်လေးမှာ ခဏလောက် ရပ်ပေးပါဗျာ'

ထိုသို့ပြောလိုက်ခြင်းကြောင့် ကိုအောင်မြင့် နဝေတိမ်တောင်ဖြစ်သွားပြီး…

'ဘာများဖြစ်လို့လဲ ကိုသတိုး'

'အပေါ့သွားချင်လို့ အဟီး'

ပြောပြီး သတိုး လမ်းဘေးမှောင်ရိပ်ထဲသို့ ပင်ရှေးဘက်ပျောက်ကွယ်သွားသည်။ ခဏနေတော့ ရုပ်တည်ကြီးဖြင့် ပြန်လာ၍ ကားပေါ်ဝင်ထိုင်သည်။ ကားက ဆက်မောင်•ပြန်၏။

ဘီးလိမ့်သည်ဆိုရုံရှိသေး ဘုန်းကျော်က ကပျာကယာဖြင့်…

'ဟာ… ရပ်ပါဦး… ရပ်ပါဦး'

ဟု ပြောလိုက်သဖြင့် ကိုအောင်မြင့် စိတ်မရှည်သောလေသံဖြင့်…

'ဘာလဲဗျာ… ဘာဝယ်ချင်ရပြန်ပြီလဲ'

'ဘာမှမဝယ်ချင်ပါဘူး'

'ဒါဆို ဘာဖြစ်လို့ ကားကို ရပ်ခိုင်းရတာလဲ'

'အပေါ့သွားမလို့ အဟီး'

'ဟာဗျာ… ခုနက ကိုသတိုးသွားတုန်းကတော့ မသွားဘူး'

'အဲဒီတုန်းက သွားချင်တဲ့စိတ် မရှိသေးလို့'

'ကျွတ်… ဟင်း…'

ကိုအောင်မြင့်တင်မဟုတ် ကားပေါ်မှ ပါလာသူများပါ သက်ပြင်းဝိုင်းချကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျော်က သူမဟုတ်သလိုရပ်ဖြင့် ကားပေါ်မှဆင်းသွားပြီး ဖြ သွားတိုး၏။ ခဏကြာတော့ ကားပေါ်ကို ပြန်ရောက်လာဖြန်သည်။

ကားဆက်မောင်း၍ သိပ်မကြာခင်အချိန်ကလေးအတွင်းမှာ ကားက ဓားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်သွားပြန်၏။

ထို့ကြောင့် ဘုန်းကျော်က…

'သတိုး… မင်းရပ်ခိုင်းလိုက်တာလား'

'ဟော့အေး… ငါက မင်းရပ်ခိုင်းလိုက်တယ် ထင်လို့'

'နိုး နိုး ငါ လူတစ်ဖက်သားစိတ်အနှောင့်အယှက်ဖြစ်လောက်အောင် ကားကို ခဏခဏ ရပ်ခိုင်းတဲ့ကောင် မဟုတ်ဘူး'

'မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ဝယ်စရာလေးတွေရှိလို့ ကားရပ်လိုက်တာပါ'

'ဩော်… ဩော် ဒါဆိုလည်း စောစောက ပြောရောပေါ့'

သတိုးက ဝင်၍…

'ခရီးလမ်းသွားရင် ကားကို ဒီလို ဟိုရပ်ဒီရပ်လုပ်တာ မကောင်းဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ကားပေါ်မှာက ကိုယ်တစ်ယောက်တည်း မဟုတ်ဘူးလေ။ တခြားလူတွေလည်း ပါတယ်ဆိုတော့ သူတို့စိတ်အနှောင့်အယှက်ဖြစ်သွားမှာပေါ့၊ ဟုတ်ဘူးလား'

ထိုသို့ပြောလိုက်ခြင်းကြောင့် ကိုအောင်မြင့်မျက်နှာ မသာမယာဖြင့်…

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ် ကျွန်တော် မှားသွားပါတယ်'

'အေးဗျာ၊ အခုလို ကိုယ့်အမှားကို ကိုယ်သိပြီး ဝန်ခံလိုက်တော့လည်း ကောင်းပါတယ်'

'ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ နောက်တစ်ခါတော့ မဖြစ်စေနဲ့ပေါ့ဗျာ'

ထို့နောက် ကိုအောင်မြင့် အိလည်လည်မျက်နှာကြီးဖြင့် ကိုကြည်လွင် ကိုခေါ်ကာ စားသောက်ဆိုင်အတွင်းသို့ ဝင်သွား၏။ သိပ်မကြာခင်မှာပင် အထုပ်ကြီး၊ အထုပ်ငယ်ကိုဆွဲကာ ကားရှိရာသို့ ပြန်ရောက်လာသည်။

ထိုအခါ သတိုးက ၄င်းအထုပ်များကို တစ်ချက်လှမ်းကြည့်ပြီး…

'ဘာတွေဝယ်လာတာလဲဗျ'

'ဩ… ကိုသတိုးနဲ့ ကိုဘုန်းကျော်တို့အတွက် စားစရာနဲ့ သောက်စရာဆိုပါတော့'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဘုန်းကျော်နှင့် သတိုးမှာ သွားအဖြီးသား ဖြစ်သွားပြီး…

'အဟီး… ဒီလိုဆိုတော့လည်း ခင်ဗျားက အလိုက်သိသားပဲ'

'ဟုတ်ပါ့ အဲဒါကြောင့်မို့လို့ ကိုအောင်မြင့်ကြီး သဘောကောင်းပါ တယ် ကောင်းပါတယ်လို့ ကျွန်တော်က သတိုးကို အမြဲပြောနေတာ အဟီး'

'ပေး… ပေး ကျွန်တော်တို့ သယ်ပေးမယ်'

ထိုသို့ပြောပြီး သတိုးက ကိုအောင်မြင့်လက်ထဲမှ အထုပ်တို့ကို လွှဲပြောင်းယူလိုက်ပြီး အထုပ်ကို မသိမသာဖွင့်ကြည့်၏။

ထို့ကြောင့် ဘုန်းကျော်က သတိုးနားကပ်၍ လေသံတိုးတိုးဖြင့်…

'ဟေ့ကောင် ဘာတွေပါလဲ'

'ခေါက်ဆွဲကြော်ရယ်၊ ဘဲကင်ရယ်၊ ပြီးတော့ အဟီး… ဟိုဟာလေး ရယ်'

ဟိုဟာလေးဆိုသည့်အဓိပ္ပာယ်ကို ဒိုင်းခနဲ သဘောပေါက်သော ဘုန်းကျော်က သတိုးအား ထပ်မံ၍…

'ဘာအမျိုးအစားလဲကွ'



www.burmeseclassic.com

www.burmeseclassic.com



'နိုင်ငံခြားဖြစ် အကောင်းစားပဲ'

'Good Good'

ထို့နောက်တော့ ကားလေးမှာ ဆက်လက်မောင်းနှင်လာခဲ့ပြီး လိုရာခရီးပန်းတိုင်ဖြစ်သော သရဲခြောက်သည်ဆိုသည့် ကိုအောင်မြင့်တို့ ပိုင်ဆိုင်ရာအိမ်ကြီးသို့ ရောက်ရှိလာခဲ့တော့သည်။

××××××××××

အချိန်ကလည်း ည ၈ နာရီ ထိုးနေပြီဖြစ်သလို အိမ်ကြီး၏ တည်နေပုံကလည်း ပတ်ဝန်းကျင်နှင့် ကင်းကွာနေခြင်းကြောင့် တိတ်ဆိတ်၍ အမှောင်ထုသာ ကြီးစိုးနေပြီး သရဲခြောက်သည်၊ မခြောက်သည် အပထား။ သူ့အလိုလိုကိုပင် ကြည့်ရသည်က ခြောက်ခြားစရာ ကောင်းလှ၏။

ထို့ကြောင့် တစ်အုပ်စုလုံးမှာ အိမ်ထဲမပြောနှင့် ခြံဝင်းထဲ ဝင်ဖို့တောင် ခပ်တွန့်တွန့် ဖြစ်နေကြသည်။

ဘုန်းကျော်က ကားနောက်ဘက်ခန်းထဲရှိ သူ့လက်သမားအိတ်ကြီးကို သွားယူသည်။ ထို့ကြောင့် ကိုအောင်မြင့်က…

'ကိုဘုန်းကျော် အဲဒီအိတ်ကြီးကို ကျွန်တော့်ကားထဲမှာပဲ ထားခဲ့ရင် ထားခဲ့လေ။ မနက်ကျမှ ကျွန်တော် ပြန်ယူလာခဲ့မယ်'

'ဟာ… နေ… နေ… ရတယ်၊ ကျွန်တော် တစ်ခါတည်း ယူထားလိုက်မယ်'

ထို့နောက် ကိုအောင်မြင့်က ခြံတံခါးကို ပါလာသောသော့ဖြင့် ဖွင့်နေစဉ်မှာပင်…

'ဒါနဲ့ ကိုဘုန်းကျော်တို့ကို ကျွန်တော် နောက်ဆုံးအနေနဲ့ ပြောကြည့်မယ်နော်၊ ဒီအိမ်မှာ ညမအိပ်ပါနဲ့တော့'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တားမြစ်ခြင်းကြောင့် ဘုန်းကျော် ခေါင်းခါပြီး…

'စိတ်မပူပါနဲ့ဗျာ၊ ကျွန်တော်တို့အတွက် အဆင်ပြေမှာပါ'

သတိုးက…

'ဒါနဲ့ ကိုအောင်မြင့် ဒီအိမ်မှာ မီးရှိလား'

'အင်း ရှိတော့ရှိတယ်၊ ဒါပေမဲ့ မီးလုံးတွေက ကြာပြီဆိုတော့ သိပ်မကောင်းချင်တော့ဘူး'

'အင်း'

ထို့နောက်တော့ ခြံထဲမှတစ်ဆင့် အိမ်ကြီးရှိရာသို့ သွားရာလမ်းတစ်လျှောက်တွင် မိန်းကလေးနှစ်ဦးမှာ ကြောက်ရွံ့နေဟန်ဖြင့် ဘုန်းကျော်နားသို့ ဆောင်းနှရောက်လာပြီး၊ သတိုးနားသို့ ချိုသွေးကပ်လာ၏။

ဆောင်းနှက ဘုန်းကျော်အား…

'ကြောက်… ကြောက်စရာကြီးနော် ကိုဘုန်းကျော်'

ဘုန်းကျော် ဟက်ခနဲရယ်၍…

'ဆောင်းနှ စိတ်ထင်နေလို့ပါ'

'ဟို… ဟိုလေ ဒီမှာ မနေပါနဲ့တော့လား'

'ဘာဖြစ်လို့လဲ ဆောင်းနှရဲ့'

ဆောင်းနှ ခေါင်းငုံ့၍ တိုးတိတ်သောလေသံဖြင့်…

'ကိုဘုန်းကျော် တစ်ခုခုဖြစ်မှာ စိုးလို့ပါ'

စိုးရိမ်မှုတွေ ပျော်ဝင်နေသော ဆောင်းနှ၏စကားသံကြောင့် ဘုန်းကျော်ရင်ထဲတွင် နွေးခနဲ ဖြစ်သွားမိ၏။ လှိုက်လှဲသောလေသံဖြင့်…

'စိတ်မပူပါနဲ့ ဆောင်းနှရယ်၊ ကိုယ်ကိုတိုင် အကောင်းပကတိနဲ့ လာပြီးတော့ မင်းအစ်ကိုလည်း နေပြန်ကောင်းရပါစေမယ်လို့ ကတိပေးပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနံ့ အသံတိမ်တိမ်ဖြင့်…

'ယုံပါတယ် ကိုဘုန်းကျော်ရယ်'

ထိုသို့သော အချိန်တွင် ချိုသွေးကလည်း…

'ကိုသတိုး'

'ဗျာ'

'မသွားပါနဲ့တော့လား'

'ကိုယ်က ယောကျ်ားပါ'

'အဲဒါတော့ သိတာပေါ့ရှင်'

'ယောကျ်ားဆိုတာ ထွက်ပြီးသားနပ်ချီးကို ပြန်ရှူ့မသွင်းကောင်းဘူး ချိုသွေးရဲ့'

ချိုသွေး နှာခေါင်းလေးရှုံ့၍…

'အရေးထဲ ပေါက်ကရက ပြောပြန်ပြီ'

ထိုသို့ပြောဆိုလျှောက်ရင်းဖြင့် အိမ်ကြီး၏ တံခါးဝသို့ ရောက်လာခဲ့ကြသည်။ အိမ်ရှင်ဖြစ်သော ကိုအောင်မြင့်က တံခါးကိုဖွင့်၍ မီးခလုတ်များကို လိုက်စမ်းကာ ဖွင့်လိုက်သည်။

အိမ်ကြီးက အခန်းပေါင်းများစွာဖြင့် ကြီးမားခန့်ထည်လှသည်။ သို့ရာတွင် အနည်းငယ်သော မီးသီးတို့သာ လင်းကြပြီး ထိုမီးရောင်ကလည်း မည်သို့ဖြစ်သည်မသိ ခရမ်းချဉ်သီးသာသာမျှသာ လင်း၏။

ထို့ကြောင့် အိမ်၏နေရာတော်တော်များများတွင် မှောင်မိုက်မှုက ကြီးစိုးနေဆဲ။ သတိုးက…

'ကိုအောင်မြင့် သောက်ရေတွေ ဘာတွေ ဒီမှာရှိသလားဗျ'

'အင်း… ကိုသောင်းစိုးနဲ့တုန်းက ပါလာတဲ့ သောက်ရေသန့်ဗူးကြီး တော့ အခန်းထဲမှာ ရှိဦးမယ်ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



*

'အခန်းထဲဆိုတာက'

'ကိုသောင်းစိုး အဲဒီတုန်းက ညအိပ်တဲ့အခန်းကို ပြောတာပါ'

'ဪ'

ဘုန်းကျော်က...

'ဒါဆို ကျွန်တော်တို့နှစ်ယောက်လည်း အဲဒီအခန်းထဲမှာပဲ နေကြမယ်လေ'

'ဟုတ်ပြီလေ၊ ဒါဆိုရင်လည်း သဘောပဲ'

ထိုသို့ပြောပြီး ကိုအောင်မြင့်က ဦးဆောင်၍ ထိုအခန်းထဲသို့ ခေါ်သွား၏။ အခန်းထဲတွင် ဝါကျင့်ကျင့်မီးသီးလေးတစ်လုံး ထွန်းလင်းလျက်ရှိပြီး ရေတစ်ဝက်ခန့် ကျန်ရှိနေ သေးသော သောက်ရေသန့်ဗူးကြီးတစ်ဗူးအပြင် ဘာမှမရှိ။ ၎င်းအခန်းသည် အောက်ထပ်တွင်သာ ရှိခြင်းကြောင့် သတိုးက...

'အပေါ်ထပ်က အခန်းတွေမှာရော ပစ္စည်းတွေဘာတွေ ရှိသေးလားဗျ'

'ဟင့်အင်းမရှိဘူး၊ ဒီအတိုင်း အခန်းလွတ်တွေချည်းပဲ'

'ဪ'

ဘုန်းကျော်တို့မှာ ပါလာသောပစ္စည်းများကို အခန်းထဲတွင် စုပုံ၍ ထားလိုက်ကြပြီးနောက်...

'ကဲ ပြန်ချင်ပြန်ကြတော့လေ'

သတိုးကပါ...

'ဟုတ်တယ် မိုးချုပ်နေပြီ၊ ပြန်ရမှာကလည်းဝေးတော့ ပြန်ကြတော့'

ကိုအောင်မြင့်က နှုတ်ခမ်းကို တင်းတင်းစေ့၍...

'ခင်ဗျားတို့နှစ်ယောက်တည်း ဒီမှာ တကယ်နေခဲ့လို့ဖြစ်တယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ နေလို့မဖြစ်ဘူးဆိုရင် ခင်ဗျားပါ နေခဲ့ပေလို့လား'

'အာ… မနေပါဘူး'

'ဒါဆို ကိုကြည်လွင်ကရော နေခဲ့ပါလား'

မန်နေဂျာကြီး ခေါင်းကို ခပ်သွက်သွက်ခါ၍…

'ဟင့်အင်း မနေပါဘူး၊ ဘာလို့နေရမှာလဲ'

'ဒါဆိုလည်း ပြန်ကြပေတော့'

ထိုသို့ဖြင့် အားလုံးပြန်သွားကြတော့သည်။

ဆောင်းနှင့် ချိုသွေးတို့နှစ်ယောက်ကတော့ လည်တဆန့်ဆန့်ဖြင့်။

ဒီလိုနှင့် သရဲခြောက်သော အိမ်ကြီးတစ်လုံးအတွင်း၌ ယောင်ခြောက်ဆယ် ငတိနှစ်ကောင် ကျန်ရစ်ခဲ့တော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

လေအေးတစ်ချက်က ဖွင့်ထားသော ပြတင်းပေါက်မှ ရုတ်တရက် ဝင်ရောက်လာခြင်းကြောင့် နှစ်ယောက်သား ချမ်းစိမ့်စိမ့်ပင် ဖြစ်သွားမိ၏။

ထို့ကြောင့် ဘုန်းကျော်က ထိုပြတင်းပေါက်တံခါးကို သွားရောက်ပိတ်ပစ်လိုက်ပြီး အခန်းအလယ် ပစ္စည်းများ ပုံထားသောနေရာတွင် ဝင်ထိုင်လိုက်သည်။

ပစ္စည်းများ ဆိုရာ၌…

ဘုန်းကျော်၏ လက်သမားအိတ်၊ လမ်းတွင် ကားရပ်ခိုင်း၍ ဆင်းဝယ်လာသော ပစ္စည်းများ၊ ကိုအောင်မြင့် ဝယ်ပေးလိုက်သော စားစရာနှင့် ယမကာ စသည်တို့ ဖြစ်သည်။

ဘုန်းကျော်က သတိုးအား…

'ကဲ အခု ငါတို့ ဘာလုပ်ကြမလဲ'

သတိုးက စားစရာများနဲ့ ယမကာပုလင်းကို မျက်စပစ်ပြလိုက်ပြီး…

'ချကြမယ်လေ'

'အကောင်းဆုံးအစီအစဉ်ပေါ့ကွာ ဟီး… ဟီး…'

ထိုသို့ဖြင့် နှစ်ယောက်သား ကစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေက တဖြည်းဖြည်းနှင့်…

လန်းဆန်းလာသည်။

တက်ကြွလာသည်။

ပြီးတော့ ရဲရင့်လာကြ၏။

ကြောက်စရာကောင်းသော အိမ်ကြီးအတွင်းသို့ ရောက်နေသည်ကိုပင် နတ်ပြည်သို့ရောက်နေသည်ဟု ထင်မှတ်သွားကြ၏။ ဘုန်းကျော်က…

'ဟောကောင် သတိုး'

'ဘာလဲ'

'မင်း လောကကြီးမှာ သရဲရှိတယ်ဆိုတာ ယုံလား'

'အေး ယုံတယ်'

'ဘာဖြစ်လို့ ယုံတာလဲ'

'ဘုရားဟောခဲ့လို့'

'အဟား… ဟုတ်ပြီ၊ ဒါဆိုရင်ကော ဒီအိမ်မှာ သရဲရှိတယ်ဆိုတာ ယုံလား'

'ဟင့်အင်း မယုံဘူး'

'ဘာဖြစ်လို့ မယုံတာလဲ'

'ဟ… မင်းကလည်း ဒီအိမ်ဝင်းထဲကို ဝင်ကတည်းက ငါ သေသေချာချာ ကြည့်ခဲ့ပါတယ်။ သတိ-သရဲရှိသည် ဘာညာရေးထားတဲ့ဆိုင်းဘုတ်မှ မရှိတာကွ'

'အာ… မင်းကလည်း အဲဒါမျိုးက ဆိုင်းဘုတ်တင်စရာလားကွ'

'ဟ… တင်ရမှာပေါ့၊ တချို့အိမ်တွေမှာဆိုရင် သတိ-ခွေးကိုက်တတ်သည် ဘာညာနဲ့ ဆိုင်းဘုတ်တင်ထားသေးတာပဲဟာ'

'အာ… မင်းကလည်း အဲဒါက ခွေးလေကွာ၊ သရဲမှ မဟုတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



'သရဲနဲ့ခွေးနဲ့ ဘာမှကို မကွာပါဘူးကွာ အတူတူပါပဲ'

'ဒီလိုလား'

'ဒီလိုပေါ့'

ပြီးတော့ နှစ်ယောက်သား ဘာရယ်မဟုတ် ထရယ်လိုက်ကြသည်။ အခြေအနေက ရေချိန်လည်း ကိုက်ချင်ချင်ဖြစ်နေပြီ ဖြစ်သည်။ သတိုးက မျက်နှာကို ရှုတ်တရက်တည်လိုက်ပြီး…

'ဘုန်းကျော် မင်းဆင်းဝယ်တဲ့ဟာ ရလား'

'အေး… ရတယ်'

ဟု ဆိုပြီး ဘုန်းကျော် အိတ်ထဲမှ လေးခွနှင့် လောက်စလုံးများကို ထုတ်ပြသည်။ ပြီးတော့ ဖယောင်းတိုင်နှင့် မီးခြစ်လည်း ပါသည်။

ထိုပစ္စည်းများက လမ်းတွင် အကြောင်းအမျိုးမျိုးပြ၍ ကားပေါ်မှ ဆင်းကာ ဘယ်သူမှမသိအောင် ဒိုင်လှူ့ဝယ်လာသော ပစ္စည်းများ ဖြစ်သည်။

သတိုးကလည်း ထိုသို့ဝယ်လာရသော ဆေးမြစ်ကလေးတစ်ခုကို ထုတ်ပြသည်။ ဘုန်းကျော်က…

'အဲဒါ ကေရာဓိမြစ်လား'

'အေး'

ထိုသို့ပြောပြီး သတိုးက ၎င်းဆေးမြစ်ကို နှစ်ပိုင်းပိုင်း၍ မိမိတစ်ပိုင်း ယူပြီး ဘုန်းကျော်အား တစ်ပိုင်းပေးလိုက်သည်။

ဤသို့ဖြင့် နှစ်ကောင်သား စိတ်ချလက်ချဖြင့် ဆက်၍ကစ်ကြသည်။ အချိန်ကြာလာသောအခါ စားစရာတွေ၊ ယမကာတွေပါ ပြောင်သွားသကဲ့သို့ လူတွေမှာလည်း ဒေါင်းချင်ချင်တွေ ဖြစ်နေကြတော့သည်။

'သတိုး'

'ဟေ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း... ဝင်းကျော်ဆီ ဖုန်းဆက်ဖြစ်သေးလား'

'ဆေးလိပ်သွားဝယ်မယ်ဆိုပြီး အောက်ဆင်းသွားတာ အဲဒါ ဖုန်းသွားဆက်တာပေါ့ကွ အေး'

'အဆင်ပြေလား'

'အေး... ပြေတယ်'

'ဒါဆိုလည်း အိပ်ကြမယ်ကွာ... ဝါး'

ဟုတ်သည်၊ တစ်နေကုန်လုံး ဟိုသွားဒီသွားဖြင့် ပင်ပန်းနေပြီ။ သတိုးတ...

'သရဲလာအောင် မစောင့်တော့ဘူးလား'

'ဟေ့အေး၊ မစောင့်တော့ဘူး၊ သရဲရောက်လာလို့ ငါတို့ကို တွေ့ချင်ရင် လာနှိုးလိမ့်မယ်'

'အေး... ဒါလည်း ဟုတ်တာပဲ'

ထိုသို့ဖြင့် နှစ်ယောက်သား အနားယူကြပါလေတော့သည်။

'ခေါ... ခလွီး... ခေါ... ခူး'

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

တစ်စုံတစ်ခုသော အကြောင်းအရာကြောင့် သတိုး ဆတ်ခနဲ နိုးလာသည်။ နိုးနိုးခြင်း သတိထားမိလိုက်သည်က အခန်းတွင်းရှိ တစ်လုံးတည်းသော မီးသီးက မီးမလာတော့။

နောက်ပြီးတော့ ပိတ်ထားသော ပြတင်းပေါက်တံခါးက ပွင့်လျက်ရှိပြီး ထိုတံခါးပေါက်မှနေ၍ လရောင်နှင့်အတူ လေအေးတချို့ တဟူးဟူး ဝင်ရောက်လျက်ရှိသည်။

လရောင်၏ အလင်းရှိန်ကြောင့် အခန်းတွင်းမြင်ကွင်းကို ဝိုးတိုးဝါးတား မြင်နေရပြီး အခြေအနေ ထူးခြားနေမှုကြောင့် နံဘေးမှ ကွေးကွေးကလေး အိပ်နေသော ဘုန်းကျော်ကို လှုပ်နှိုးလိုက်သည်။

'ဟေ့ကောင် ဘုန်းကျော် ထစမ်း… ထ… ထ'

ဘုန်းကျော် အီးအီးအဲအဲ လုပ်ကာနေ၏။

'ဘုန်းကျော် ထစမ်းပါဆို ဒီကောင်'

'အင်း… ဘာလဲ မိုးလင်းပြီလား'

'အာ… မလင်းသေးပါဘူး'

'မလင်းသေးရင် ဘာလို့ထရမှာလဲကွာ ဟင်း'

ထိုသို့ပြောပြီး ဘုန်းကျော် တစ်ဖက်သို့လှည့်ကာ ပြန်ကွေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'အာ. . . . ဒီကောင် ထပါဆိုကွာ၊ ဒီမှာ[illegible]

လို့ကွ'

'ဘာလဲ. . . ဘာထူးခြားလို့လဲ'

'ပြတင်းပေါက်တံခါးကြီး ပွင့်နေတယ်ကွ'

'ဘာများလဲလို့ကွာ၊ ပွင့်နေရင် ပြန်ပိတ်လိုက်ပေါ့'

'ကျွတ်. . . ပိတ်တာက အရေးမကြီးဘူးကွ၊ ဘာဖြစ်လို့ ပွင့်နေတာ

လဲဆိုတာသာ အရေးကြီးတာ'

'ကျွတ်. . . လေတိုက်လို့ နေမှာပေါ့ကွာ၊ မင်းမလည်း မဟုတ်တာကို

ရေးကြီးခွင်ကျယ် လာလုပ်နေတယ်'

ဘုန်းကျော်ပြောတာကလည်း မှန်သင့်သလောက် မှန်နေနိုင်သဖြင့်

သတိုး နဝေတိမ်တောင်ဖြစ်သွားပြီး ငြိမ်သွား၏။

အတန်ကြာငြိမ်နေပြီးမှ ရှုပ်ပါတယ်၊ ပြန်အိပ်တာပဲ ကောင်းပါတယ်

ဟု တွေးပြီး ပြန်အိပ်ရန် ပြင်စဉ်မှာပင်. . .

'ဟီး. . . ဟီး. . . ဟား. . . ဟား. . .'

ဘုန်းကျော် ခေါင်းထောင်ထလာ၍. . .

'သတိုး အဲဒါ မင်းရယ်တာလား'

'ငါရယ်တာ အဲဒီလောက်ထိ ဆိုးဆိုးဝါးဝါးအသံထွက်လို့လား ဟွန်း'

'သိပ်မကွာပါဘူးကွ၊ မင်းကလည်း'

'ဘာကွ'

ထိုအချိန်မှာပင်. . .

'ဟီး. . . ဟီး. . . ဟား. . . ဟား. . .'

အသံက ငြီးသံလိုလို၊ ရယ်သံလိုလို အသံဆိုးကြီးပါ။ ကြားရသော

ချောက်ချားစရာကောင်းသလို စိတ်ရှုပ်စရာလည်း ကောင်းလှသည်။ ထိုအသံ

ကြီးက ဆက်တိုက်ဆိုသလိုပင် အခန်းအပြင်ဘက်မှ ထွက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟီး… ဟီး… ဟီး…'

'ဟား… ဟား…'

'ဟိုး… ဟိုး… ဟိုး…'

နှစ်ယောက်သား ဝုန်းခနဲပင် ငုတ်တုတ်ထိုင်မိလိုက်ကြသည်။ ဘုန်းကျော်က…

'တောက်… နားငြီးလိုက်တာကွာ'

'ဟုက်ပ့ါကွာ၊ တော်တော်ဆိုးတဲ့အသံ'

ထိုအသံကြီးက ဆက်လက်၍ ထွက်ပေါ်နေဆဲ။

'ဘုန်းကျော်… မင်းကြောက်နေပြီလား'

'အောင်မာ… ဘာလို့ကြောက်ရမှာလဲ'

'မကြောက်ဘူးဆိုရင် ဘာမှန်းညာမှန်းသိရအောင် အပြင်ကို ထွက်ကြည့်ပါလား'

ထိုသို့ကျတော့လည်း မထွက်ချင်ပြန်။

'ဘာလို့ကြည့်ရမှာလဲ၊ မင်းဘာသာမင်း ထွက်ကြည့်ပါလား ဟွန်း'

'ငါက… ထွက်ရမှာပျင်းလို့ကွ… အဟင်း'

'သွားစမ်းပါ အကြောင်းမသိတာကျနေတာပဲ'

ထိုသို့ဖြင့် ဘယ်သူမှ အပြင်မထွက်ဖြစ်ကြပေ။ ထိုအသံကြီးကတော့ ပြတ်တောင်းပြတ်တောင်း ဆက်လက်ထွက်ပေါ်နေဆဲ။ ခဏကြာသောအခါ ဘုန်းကျော်က…,

'အဲဒါ ဘယ်သူလို့ မင်းထင်သလဲ သတိုး'

'ငါလည်း ဘယ်သိပ့ါမလဲကွ'

'ဒါဆို အော်ပြီးမေးကြည့်မယ်ကွာ'

'အေး… မေးကွာ'



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘုန်းကျော်က…

'ဟိုအပြင်က ငှက်ဆိုးထိုးသံလို အော်နေတဲ့ကောင် မင်းက ဘာကောင်လဲ'

ထိုသို့မေးလိုက်သည်နှင့် အသံကြီးမှာ တိတ်သွားသည်။ ဘုန်းကျော်က ထပ်၍…

'မင်းက ဘာကောင်လဲလို့ မေးနေတယ်လေကွာ၊ မကြားဘူးလား'

ပြန်ဖြေခြင်းမရှိပါ။ ငြိမ်သက်မြဲ။ ထို့ကြောင့် သတိုး စိတ်မရှည်နိုင်ဖြစ်လာပြီး…

'ဟေ့ကောင် သောက်ကန်း… မင်း နားပင်းနေသလားကွ ဟေ'

ထိုသို့ပြောလိုက်ခြင်းကြောင့် အပြင်ဘက်မှ လှုပ်လှုပ်ရှားရှားအသံများ ပေါ်လာပြီး ဗလုံးဗထွေးလေသံကြီးဖြင့်…

'မပင်းဘူးကွ၊ ကြားတယ် ကြားတယ်… ဟင်း'

'အေး… ကြားတယ်ဆိုရင်လည်း စောစောကတည်းက ဖြေလေကွာ။ ဘာပဲများနေတာလဲ'

'ပဲများနေတာ မဟုတ်ဘူးကွ၊ စဉ်းစားနေတာ၊ စဉ်းစားနေတာ ဟွန်း'

'အေး… စဉ်းစားပြီးပြီဆိုရင်လည်း ဖြေ၊ မင်းဘာကောင်လဲ'

ထိုအခါ လေသံတုံးတိတိကြီးဖြင့်…

'သရဲ'

'ဘာ… သရဲ ဟုတ်လား'

'ဟုတ်တယ်'

'ဟား ဟား ဟား ဟား'

ဘုန်းကျော်တို့နှစ်ယောက်သား ပြိုင်တူရယ်လိုက်ကြလေသည်။ ထို့ကြောင့် သရဲက ကြောင်စီစီလေသံကြီးဖြင့်…

www.burmeseclassic.com



'ဘာလို့ရယ်နေကြတာလဲကွ'

'ဩော်… သရဲက ကိုယ့်ကိုယ်ကို သရဲပါလို့ပြောတာ ဒါပထမဆုံး ကြားဖူးလို့ သဘောကျပြီး ရယ်မိတာပါကွ'

သတိုးက…

'ဒါနဲ့ နေပါဦး၊ မင်းမှာ သရဲဖြစ်ကြောင်း အထောက်အထားကဒ်တွေ ဘာတွေ ရှိလား'

သရဲကြီးက သတိုးပြောစကားကို နားမလည်ဟန်ဖြင့်…

'ဘာလဲကွ၊ ဘာကိုမေးတာလဲ'

'ဩော်… မင်းဆီမှာ သရဲဖြစ်ကြောင်း အထောက်အထားခိုင်လုံမယ့် မှတ်ပုံတင်တွေ ဘာတွေ ရှိလားလို့မေးနေတာ'

သရဲကြီးဘက်မှ အသံငြိမ်သွားသေးသည်။ ပြီးမှ အီလည်လည်လေသံကြီးဖြင့် …

'မရှိဘူးကွ'

'ဟာ… ဒါဆို… ခင်ဗျားက အစုကြောင်ကြားသရဲပေါ့'

'ဘာကွ'

'မဟုတ်ဘူးလား'

'မဟုတ်ဘူးကွ၊ မဟုတ်ဘူး၊ အေး… အစုကြောင်ကြောင်သရဲလား ဘာလား သိချင်ရင်တော့ မင်းတို့အပြင်ထွက်ပြီး စမ်းကြည့်လိုက်လေ… ဟင်း… ဟင်း'

သရဲက ဗလိုင်းကြီး စိန်ခေါ်လိုက်တာပါ။

ဒီငတိနှစ်ကောင်ကလည်း စိန်ခေါ်ရင် ခွေးရူးနဲ့တောင် ဖက်ကိုက်ဖို့ ဝန်မလေးတတ်တော့။

'ခင်ဗျားက စိန်ခေါ်တာလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့'

'ဒါဆိုရင် ကျုပ်တို့ထွက်လာပြီ အပြင်မှာစောင့်နေ… ဟွန်း'

'လာခဲ့လေ လာခဲ့ … ဟင်း… ဟင်း'

ထိုသို့ဖြင့် နှစ်ယောက်သား မခံချင်ဖြစ်ပြီး လေးခွနှင့် လောက်စလုံးများကိုင်ကာ အခန်းအပြင်သို့ ထွက်လာခဲ့ကြသည်။

အပြင်ဘက်တွင်တော့ မည်းမည်းမှောင်လျက်…

'သရဲကြီး ခင်ဗျားဘယ်မှာလဲ'

'ငါ ဒီမှာကွ၊ လာလေ လာစမ်းပါ… ဟား ဟား'

ထိုအသံက အမှောင်ထဲ တစ်နေရာမှ ထွက်လာတာပါ။ ထို့ကြောင့် နှစ်ယောက်သား ထိုနေရာသို့ ခြေလှမ်း လှမ်းလိုက်ရာ…

ခြေထောက်နှင့် ထိစပ်နေသော ကြမ်းပြင်သည် ရုတ်တရက်ပျောက်ကွယ်သွားပြီး…

'ဟာ'

'ဗုန်း'

'ဘုတ်'

'အား'

'အောင်မယ်လေး'

နှစ်ကောင်သား လူနှစ်ရပ်သာသာမြင့်သည့် မြေတိုက်ခန်းထဲသို့ ပြုတ်ကျသွားတာပါ။

သိပ်မမြင့်သော်လည်း ခြေလွတ်လက်လွတ် ပြုတ်ကျသည်ဆိုတော့ နာသည်ပေါ့။

'အား… ကျွတ် ကျွတ်'

'သတိုး မင်းဘာဖြစ်သွားသေးလဲ'



www.burmeseclassic.com

www.burmeseclassic.com



'နာတာပေါ့ကွ မင်းကလည်း အား...'

'ငါတို့ ဘယ်လိုဖြစ်လို့ ရောက်လာတာလဲ မသိဘူးနော်'

'အေး... လမ်းလျှောက်ရင်းနဲ့ ရုတ်တရက်ကြီး ကျသွားတာကွ'

နှစ်ယောက်သား လူးလဲထ၍ ကိုယ်ရောက်ရာနေရာကို လှည့်လာကြည့်သည်။ အခန်းက ဆယ်ပေပတ်လည်ခန့်ရှိပြီး အင်္ဂတေနံရံများမှအပ ဘာမှမရှိ။

'တောက်... ဘာလဲကွာ၊ ဘယ်လိုဖြစ်တာလဲမသိဘူး'

ထိုသို့ သတိုးပြောလိုက်သည့်အချိန်တွင် သတိုးတို့ ပြုတ်ကျရာအပေါက်မှနေ၍ ယောကျ်ားတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

'ဟဲ... ဟဲ... အဲဒါ ငါလုပ်တာကွ... ဟင်း ဟင်း'

ထိုအသံက သတိုးတို့နှင့် တော်တော်ကြီးကို ရင်းနှီးနေသဖြင့် ဘယ်သူဘယ်ဝါမှန်း ချက်ချင်းလိုလိုပင် မှတ်မိလိုက်ကြသည်။

'ဟင်... ကိုအောင်မြင့်... ခင်... ခင်ဗျားမဟုတ်လား'

'ဟား... ဟား... ဟား သိပ်ဟုတ်တာပေါ့ကွာ ဟား... ဟား'

ထိုသို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက်တည်း အပေါ်တွင် မီးရောင်နှင့်အတူ ကိုအောင်မြင့်၏ ဦးခေါင်းနှင့် ကိုယ်တစ်ပိုင်းခန့် ထွက်ပေါ်လာသည်။ ဘုန်းကျော်က...

'ဒါဆို... ခုနက သရဲဆိုတာ ခင်ဗျားပေါ့ ဟုတ်လား'

'သိပ်ဟုတ်တာပေါ့ကွာ၊ ငါ အသံဖျက်ပြီးပြောတာ... ဟဲ ဟဲ'

'နေပါဦး၊ ခင်ဗျားက ကျွန်တော်တို့ကို ဘာဖြစ်လို့ ဒီလိုဖမ်းထားရတာလဲ၊ ပြောပါဦး'

ထိုသို့မေးလိုက်ရာ ကိုအောင်မြင့်၏မျက်နှာ တည်သွားပြီး...

'မင်းတို့ဆီမှာ သောင်းစိုးအပ်ထားတဲ့ပစ္စည်းကို ငါယူချင်လို့ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'သောင်းစိုးဆိုတာ ဆောင်းနုရဲ့အစ်ကို လေဖြတ်နေတဲ့လူကို ပြောတာလား'

'အေး··· ဟုတ်တယ်'

'ခင်ဗျားတော်တော်နောက်တဲ့လူပဲ၊ ကျွန်တော်တို့နဲ့ သူနဲ့က ဒီနေ့မှ တွေ့တာလေ၊ ဘာပစ္စည်းအပ်ရမှာတုံး'

'ဒီမှာ ဟော့ကောင်တွေ၊ မင်းတို့ အပိုတွေလျှောက်ပြောမနေနဲ့၊ မင်းတို့နဲ့ သောင်းစိုးနဲ့က ဟိုအရင်ကတည်းက သူငယ်ချင်းအရင်းကြီးတွေဆိုတာ ငါသိပြီးသား'

ထိုသို့ အတိအကျကြီး ပြောလာသဖြင့် သတိုးတို့မှာ ရင်ထဲ၌ လေးလံသွားကြပြီး ငြိမ်သက်သွားကြ၏။

အဘယ့်ကြောင့်ဆိုသော် သောင်းစိုးနှင့် ဘုန်းကျော်တို့မှာ ဟိုးယခင်တုန်းကတည်းက နှစ်ပေါင်းများစွာ မရှိအတူ ရှိအတူ လက်တွဲ၍ နေထိုင်လာကြသော သူငယ်ချင်းများပါ။ နောက်မှ သူ၏ကွဲကွာနေသော ညီမလေး (ဆောင်းနု)အတွက် ငွေရှာမည်ဟုဆိုပြီး ဖားကန့်ဘက်တွင် ကျောက်တူးရန် ထွက်သွားခဲ့တာပါ။

ကိုအောင်မြင့်က ခနဲ့တဲ့တဲ့လေသံဖြင့်···

'ဘယ်လိုလဲကွ၊ စကားတောင် ပြန်မပြောနိုင်တော့ဘူးလား'

'နေပါဦး၊ သောင်းစိုးကို ဒီဘ၀ရောက်အောင် လုပ်လိုက်တာ ခင်ဗျားပေါ့လေ'

'သိပ်ဟုတ်တာပေါ့ကွာ··· ဟင်း ဟင်း'

ဘုန်းကျော်နှင့် သတိုးတို့ နှစ်ယောက်သား တင်းသွားကြသည်။

'ခင်ဗျား ဘာဖြစ်လို့ ဒီလိုဖြစ်အောင် လုပ်လိုက်တာလဲ'

'မင်းတို့ဆီမှာ သူအပ်ထားတဲ့ ကျောက်စိမ်းတုံးကို ငါလိုချင်လို့'



www.burmeseclassic.com

www.burmeseclassic.com



'တောက်… ခင်ဗျား တော်တော်မိုက်ရိုင်းတဲ့လူ'

'ဟ… ငါ ဟိုးအစောကြီးကတည်းက သူ့ကိုရောင်းပါလို့ ပြောတာပဲဟာ သူက ရောင်းမှ မရောင်းတာ။ ဒီတော့ ငါလည်း ငါ့နည်းငါ့ဟန်နဲ့ လုပ်ကြည့်ရတာပေါ့'

'ခင်ဗျားဗျာ တောက်‥'

'ကဲ… ဟောကောင်တွေ အပိုတွေပြောမနေနဲ့၊ ကျောက်စိမ်းတုံးကြီး ဘယ်မှာလဲ၊ ငါ့ကိုပြောစမ်း'

'မရှိဘူးဗျာ၊ ရှိလည်း မပေးနိုင်ဘူး… ဟင်း'

'အဲဒါဆိုရင် မင်းတို့လည်း သောင်းစိုးနောက် လိုက်ဖို့ ပြင်ပေတော့'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်းတို့သောက်တဲ့အရက်ထဲမှာ ငါ အဆိပ်ခတ်ထားလို့ပေါ့ကွ… ဟင်း… အဲဒီအဆိပ်က နောက် ငါးနာရီကြာမှ အစွမ်းပြမှာဆိုတော့ မင်းတို့အတွက် အချိန်သိပ်မကျန်တော့ဘူး၊ ကဲ… ကျောက်စိမ်းတုံးနဲ့ အဆိပ်ဖြေဆေး လဲမှာလား၊ မလဲဘူးလား တစ်ခါတည်းပြော'

'နေပါဦး၊ ဒီကျောက်စိမ်းတုံး ကျုပ်တို့လက်ထဲမှာ ရှိတယ်လို့ ခင်ဗျား ဘာကြောင့် ထင်နေရတာလဲ'

'ဟား ဟား ငါ သောင်းစိုးကိုလည်း ခု မင်းတို့ကို အကျပ်ကိုင်သလို ကိုင်ပြီး မေးခဲ့ပြီးပြီလေကွာ၊ အဲဒါ သောင်းစိုးက မင်းတို့ဆီမှာ အပ်ထားပါတယ်လို့ ပြောခဲ့တယ်'

'ဒီလိုလား'

'အတိအကျပေါ့၊ မင်းတို့ဆီက ဒါကိုရဖို့အရေး ငါ့မှာ ကျော်ခဲ့လတွေမှာ အကွက်ဆင်ကြိုးစားလိုက်ရတာ ဖတ်ဖတ်ကို မောတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် စားသောက်ဆိုင်မှာ ကျုပ်တို့နဲ့တွေ့တော့ ခင်ဗျားက မဖြစ်ဘဲ ကျုပ်တို့ကို ခင်ဗျားအိမ် တမင်တကာ ခေါ်လာတာပေါ့နော် ဟုတ်လား'

'အင်း… အဲဒါကတော့ တိုက်ဆိုင်မှုလို့ပဲ ပြောရမှာပဲ၊ အမှန်တော့ ငါက မင်းတို့နောက်ကို တကောက်ကောက် လျှောက်လိုက်နေတာထွေး ပြီးတော့ ငါ့အဖေကလည်း အဲဒီမတိုင်ခင် တကယ်ကို အောက်ပိုင်းသေနေတာ။ အဲ… အကြောင်းပေါင်းသင့်တော့ မင်းတို့ကြောင့် ငါ့အဖေ ပြန်ကောင်းသွားတယ်ဆိုပါတော့။ ဒီအတွက် မင်းတို့ကို ငါ တကယ်ကျေးဇူးတင်ပါတယ်'

'ဒါနဲ့များဗျာ ခင်ဗျား ကိုယ့်ကျေးဇူးရှင်တွေကို ဒီလိုဆက်ဆံစရာလား'

စိတ်မကောင်းသည့်လေသံဖြင့်…

'အင်း… ငါလည်း မလုပ်ချင်ပါဘူးကွာ၊ ကျောက်စိမ်းတုံးက အရေးကြီးနေလို့ပါ'

'ကိုကြည်လွင်ကရော ဒီကိစ္စမှာ ပါသေးလား'

'ဟော့အေး သူက ငါ့အကူအညီတောင်းလို့သာ လိုက်လုပ်ပေးနေတဲ့လူပါ၊ ဘာမှကို မသိရှာပါဘူး'

'ဒါဆိုရင် ကျုပ်တို့ကို စင်တာအဝင်မှာ မသက်သာလို့ဆိုပြီးရှာတာ ခင်ဗျားလက်ချက်ကြောင့်ပေါ့'

'အင်း'

ထို့နောက် ကိုအောင်မြင့်က လေသံကိုပြန့်၍မာလိုက်ပြီး…

'ကဲ… စကားတွေပြောတာ များသွားပြီ၊ ကျောက်စိမ်းတုံးကို ပေးပေတော့'

www.burmeseclassic.com



'တကယ်လိုချင်နေတယ်ပေါ့လေ'

'အဟင်း… ဟုတ်တယ်'

'ဒါဆိုရင် ဒါပဲရမယ် ယူပေတော့'

'ဗိုး ဗိုး ဗိုး'

'ဒေါင်… ဒေါင်… ဒေါင်'

ဘုန်းကျော့်လေးခွနဲ့ ဆွဲထည့်လိုက်တာပါ။

အားအားယားယား စားစရာမရှိတိုင်း ငှက်လိုက်ပစ်နေသော အတွေ့အကြုံက ဒီမှာလာ၍ အသုံးဝင်သွားသည်။

တည့်လိုက်တာမှ နဖူးကို ဒေါင်ခနဲ ဒေါင်ခနဲနေအောင်ပင်။ ကိုအောင်မြင့်မှာ လောကစလုံးဒဏ်ကြောင့် ဝေတေတေဖြစ်နေပြီး လည်ထွက်သွားကာ ဘုန်းကျော်တို့ရှိရာ တွင်းထဲသို့ ဝုန်းခနဲ ပြုတ်ကျလာ၏။

'အောင်မလေးဗျ'

ခဏကြာတဲ့အထိ ကိုအောင်မြင့်မှာ နဝေတိမ်တောင် ဖြစ်နေ၏။

'ကျွတ်… ကျွတ် ငါ… ငါ ဘာဖြစ်သွားတာလဲဟင်'

'ပြုတ်ကျလာတာလေ'

'ဘာ… ဘာဖြစ်လို့ ပြုတ်ကျလာတာလဲဟင်'

ဘုန်းကျော် လေးခွကို ထောင်ပြလိုက်ပြီး…

'ဒါကြောင့် အဟီး… ဟီး'

ဒီလိုနှင့်…

အချိန်တို့ တရွေ့ရွေ့ကုန်ကာ…

မိုးစင်စင်လင်းလာသောအခါ…

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

'ဘုန်းကျော်… သတိုး မင်းတို့အောက်မှာရှိလား'

ထိုသို့ အော်ခေါ်သံကြောင့် ဘုန်းကျော်တို့နှစ်ယောက် အိပ်ပျော်နေရာမှ နိုးလာခဲ့ကြသည်။ အပေါ်သို့မော့ကြည့်လိုက်ရာ…

'ဟာ… ဟော့ကောင်သောင်းစိုး'

'အေး… မင်းတို့အဆင်ပြေလား'

'ပြေတယ်… မင်းရော'

'ဝင်းကျော်လာပြီး ဆေးတိုက်လိုက်လို့ ပျောက်သွားပြီလေကွာ'

ထိုသို့ပြောလိုက်သည့်အချိန်တွင် အပေါက်ဝ၌ ဝင်းကျော်မျက်နှာကြီးပေါ်လာပြီး…

'ငါ မင်းတို့ ဖုန်းဆက်ပြီးပြီးချင်း ဒီကောင့်အိမ်သွားပြီး ဆေးတိုက်လိုက်တာကွ ဟီး… ဟီး'

'ဒီတစ်ခါတော့ မင်းက တော်သားပဲ ဂက်မသားရ'

ထိုသို့ပြောလိုက်ခြင်းကြောင့် ဝင်းကျော်မျက်နှာ မည်းခနဲဖြစ်သွားကာ အပေါက်ဝမှ ခေါင်းပြန်ပျောက်သွားသည်။ စိတ်ထဲတွင် သူ့အမေ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မျှား ဒီနာမည်ကို မှည့်ထားရသလဲဟု တွေးတောကာ ဒေါကန်သွားဟန်ရှိသည်။ သောင်းစိုးက…

'ဟိတ်ကောင်တွေ ငါလှေကားချပေးမယ် အပေါ်ကိုတက်ခဲ့ကြတော့'

သတိုးက ဝါးခနဲသမ်း၍…

'နေပါဦးကွာ၊ ငါတို့ တစ်ရေးလောက် ဆက်အိပ်ချင်သေးတယ်ကွ'

'အာ… ဒီကောင်တွေကတော့ကွာ'

ထိုသို့ဖြင့် သောင်းစိုး လှေကားချပေးပြီးနောက် ကိုအောင်မြင့်ကို အရင်တက်စေပြီးမှ ဘုန်းကျော်နှင့် သတိုးတို့ အပေါ်သို့တက်လာခဲ့ကြသည်။ အပေါ်သို့ရောက်သောအခါ လူအစုံအလင် ပါလာကြောင်းကို တွေ့လိုက်ရသည်။

သောင်းစိုး၊ ဆောင်းနု၊ ချို့တွေး၊ ကိုကြည်လွင်၊ ဝင်းကျော်တို့အပြင် သက်ဆိုင်ရာတာဝန်ရှိသူများကိုပါ တစ်ပါတည်းတွေ့လိုက်ရသည်။ တာဝန်ရှိသူများက သောင်းစိုး၏ ကြိုတင်ပြောပြထားချက်ကြောင့် ကိုအောင်မြင့်ကို အရေးယူလိုက်ကြသည်။

ထို့နောက် အားလုံး ရဲစခန်းသို့ လိုက်ပါသွားခဲ့ပြီး စစ်ဆေးမေးမြန်းသမျှကို ကျေလည်အောင် ပြောဆိုကာတိုင်ချက်ဖွင့်၍ ကိုအောင်မြင့်မှအပ ကျန်သည့်လူများ ပြန်လည်ထွက်ခွာခဲ့ကြသည်။

သောင်းစိုးက လှိုက်လှဲသောလေသံဖြင့် ဘုန်းကျော်တို့နှစ်ယောက်အား…

'ကျေးဇူးအရမ်းတင်တယ် သူငယ်ချင်းတို့ရာ'

ဘုန်းကျော်က…

'မလိုပါဘူးကွာ၊ ငါတို့က သူငယ်ချင်းတွေပဲဟာကို'

သတိုးက ဘုန်းကျော်ဘက်သို့လှည့်၍…



www.burmeseclassic.com

www.burmeseclassic.com



'သြော်… ဘုန်းကျော် ဒီကောင့်ပစ္စည်းကို ပြန်ပေးလိုက်ဦးလေ'

'သြော်… အေး… ဟုတ်သားပဲ'

ဘုန်းကျော်က သူ့အမြတ်တနိုး ဆွဲကိုင်သည့် လက်ဆွဲအိတ်ကြီးကို ဖွင့်ပြီး အိတ်ထဲမှ တူကို ဆွဲထုတ်လိုက်ကာ တူခေါင်း ဝက်အူရစ်အား လှည့်၍ဖွင့်လိုက်သည်။ ထိုအခါ ၄င်းဝက်အူရစ်အပေါက်ထဲမှ ဝင်းလက် စိမ်းမြလျက်ရှိသော ကျောက်စိမ်းတုံးလေး အပြင်ဘက်သို့ ရောက်ရှိလာခဲ့သည်။ ဘုန်းကျော်က ထိုကျောက်စိမ်းတုံးအား သောင်းစိုးရှိရာသို့ ကမ်းပေးလိုက်ရင်း…

'ရော့… သောင်းစိုး မင်းပစ္စည်း မင်းပြန်ယူတော့'

သောင်းစိုး လှမ်းယူ၍ ကျောက်စိမ်းတုံးအား နေရောင်တွင် တစ်ချက်ထောင်၍ ကြည့်လိုက်သည်။

'အေးကွာ… အခုလို သိမ်းထားပေးတဲ့အတွက် ကျေးဇူးပါပဲ'

'ပြောပြန်ပြီ ဒီကျေးဇူးစကား'

ထိုစဉ် ဝင်းကျော်က…

'ဟေ့ကောင်တွေ ကျေးဇူးတင်တာတွေ ဘာတွေ နောက်မှလုပ်တော့ အခု လောလောဆယ် ငါ့ဆိုင်ကို အောင်ပွဲခံဖို့အတွက် သွားကြရအောင်'

'အေး… ဒီအစီအစဉ် အကောင်းဆုံးပဲ'

သတိုးက…

'သောင်းစိုးနဲ့ ဝင်းကျော် မင်းတို့နှစ်ယောက် အရင်သွားနှင့်။ ငါတို့ နောက်မှ လိုက်ခဲ့ကြမယ်'

'အေးပါ… အေးပါ'

ဒီလိုနှင့် ဝင်းကျော်နှင့် သောင်းစိုးတို့ ထွက်သွားပြီးနောက်…။

xxxxxxxxxx



www.burmeseclassic.com

www.burmeseclassic.com



'ကိုသတိုး'

'ဟင်'

'ကျွန်မ မေးစရာရှိတယ်'

'မေးလေ၊ တစ်သက်လုံး မေးချင်တယ်ဆိုလည်း မေးလို့ရပါတယ်'

သတိုး၏ အနှောင့်အသွားမလွတ်သော စကားကြောင့် ချိုသွေး မျက်စောင်းပြေပြေလေးတစ်ချက် လှမ်းထိုးသည်။ ပြီးမှ...

'ဟိုလေ... ကိုသောင်းစိုးက ကိုအောင်မြင့်ခတ်တဲ့အဆိပ်ကိုမိပြီး ကိုသတိုးတို့ကျတော့ ဘာဖြစ်လို့ မမိတာလဲဟင်'

'သြော်... ဒါက... အဲဒီအဆိပ်ကို ဖြေနိုင်တဲ့ ကေရာဇ်မြစ်ကို ကြိုပြီးစားထားတာကိုး ချိုသွေးရဲ့'

'ဟင်... အဲဒါ ကိုသတိုးတို့က ဘယ်လိုလုပ်ကြိုသိလဲ'

'အဲဒါ ချိုသွေးကြောင့် သိတာလေ'

'ဟင်... ကျွန်မကြောင့်ဟုတ်လား'

'ဟုတ်တယ် ချိုသွေးရဲ့။ ဟိုစားသောက်ဆိုင်မှာတုန်းက အင်းဆက် အကောင်လေးတွေ မွေးတာကို ချိုသွေးဝါသနာပါတယ်ဆို။ အဲဒီလို မွေးထား တဲ့အထဲမှာ Black Widow Spider လို့ခေါ်တဲ့ ပင့်ကူအနက်တွေ ဘာတွေ မွေးထားတယ်မှတ်လား'

ချိုသွေး မျက်လုံးလေး ထောင့်ကပ်၍ ခဏမျှစဉ်းစားလိုက်သည်။ ပြီးမှ...

'အင်း... ဟုတ်တယ် မွေးထားတယ်၊ အဲဒါဘာဖြစ်လို့လဲ'

'အဲဒီအကောင်ဆီမှာ အဆိပ်ရှိတယ်ဆိုတာကို ချိုသွေးသိသလား'

'အင်း... သိတယ်'

'ဟုတ်ပြီ၊ အဲဒီအဆိပ်ရဲ့ အာနိသင်အကျိုးသက်ရောက်မှုကိုရော သိလား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ မသိဘူး'

'မသိရင်မှတ်ထား၊ အဲဒီပင့်ကူ အကိုက်ခံလိုက်ရရင် ခြေတွေလက်တွေ ထုံကျဉ်ပြီး လေဖြတ်သလို ဖြစ်သွားတတ်တယ်'

'တကယ်',

'ဟုတ်တယ်၊ အဲဒီအဆိပ်ကိုနိုင်တာ ဧကရာဇ်အမြစ်ပဲရှိတယ်။ ဧကရာဇ်မြစ် စားလိုက်ရင် ဒါမှမဟုတ် စားထားရင် အဆိပ်ပြေနိုင်တယ်လေ။ အဲဒါကို ကြိုပြီးတော့ ရိပ်မိလိုက်လို့ ကိုယ်တို့နှစ်ယောက် ဘာမှမဖြစ်တာပေါ့'

ချိုသွေး နားမလည်ဟန်ဖြင့်…

'နေပါဦး၊ ချိုသွေးကိုယ်တိုင် မွေးထားတဲ့လူတောင်မှ မသိတာကိုအောင်မြင့်က ဘာဖြစ်လို့ ဒါတွေကို သိနေရတာလဲ'

'ဩော်…ဒါကတော့ သူ့ဘာသာသူ တစ်နည်းနည်းနဲ့ သိသွားတာနေမှာပေါ့ ချိုသွေးရယ်။ ဒါတွေ ထားပါလေ၊ အရေးကြီးတာတစ်ခု ချိုသွေးကို မေးစရာရှိတယ်'

'မေးလေ'

'ချိုသွေးမှာ ရည်းစားရှိလား'

မဆီမဆိုင်စကားကြောင့် ချိုသွေး ကြောင်စီစီဖြစ်သွားပြီး…

'မရှိပါဘူး၊ ဘာဖြစ်လို့လဲ'

'ဒါဆိုရင် ရည်းစားရော ထားဖူးလား'

'ဟင့်အင်း'

သတိုး စိတ်မကောင်းသည့် မျက်နှာပေးဖြင့်…

'ကျွတ် ကျွတ် ကြည့်စမ်း၊ ဒီလောက်လှတဲ့ ကောင်မလေးက တစ်ခါမှ ရည်းစားတောင် မထားဖူးဘူးဆိုတော့ တော်တော်သနားစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပဲ။ မဖြစ်ပါဘူး၊ အဲဒီဘဝကလွတ်အောင် ကိုယ်ပဲအနစ်နာခံပြီး ကယ်တင်ပေးမှ ဖြစ်တော့မယ်'

'အမယ်… အမယ် နစ်နာနေပါဦးမယ်'

'နာပါစေ… ဟီး ဟီး'

ထို့နောက်တော့ နံနက်ခင်း၏ သန့်စင်သော ရနံ့ထဲတွင် ပျော်ဝင်စီး ဆင်းလျက်ရှိသော အချစ်ရသကို နှစ်ယောက်သား ထုတ်ယူစားသုံးရန် အဆင်သင့်ဖြစ်သွားပါတော့သည်။

××××××××××

'ဆောင်းနု'

'ရှင်'

'ကိုယ်က ဆောင်းနုအထင်ကြီးထားသလို ဆေးဆရာတစ်ယောက် မဟုတ်ပါဘူး။ ပါတီပါချက် လက်သမားဆရာတစ်ယောက်ပါ။ အဲဒီအတွက် ဆောင်းနုစိတ်ထဲမှာ ကိုယ့်ကို အထင်သေးသွားလား ဟင်'

ဆောင်းနု ခေါင်းကို ဖြည်းညင်းစွာခါ၍…

'အို… မဟုတ်တာ ဘာလို့အထင်သေးရမှာလဲ၊ ကိုဘုန်းကျော်က ဆောင်းနုတို့ရဲ့ ကျေးဇူးရှင်ပဲဟာ'

'တကယ်ပြောတာလား'

'တကယ်ပေါ့'

'ဒါနဲ့ ကိုဘုန်းကျော်ကို မေးရဦးမယ်၊ ကိုကို့ရဲ့ ကျောက်စိမ်းတုံးက ဘယ်လိုဖြစ်ပြီးတော့ ကိုဘုန်းကျော်တို့ဆီကို ရောက်နေရတာလဲ'

'ဒါက ဒီလိုဆောင်းနုရဲ့။ သောင်းစိုးနဲ့ ကိုယ်တို့က ဟိုတုန်းကတည်း က အတူနေ၊ အတူစားခဲ့တဲ့ သူငယ်ချင်းတွေလေ။ သောင်းစိုးဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးတစ်ယောက် ရှိတယ်ဆိုတာ သိတော့သိတယ်။ ဒါပေမဲ့ ဆောင်းနု ကိုတော့ မမြင်ခဲ့ဖူးဘူး။ အဲ… တစ်ရက်ကျတော့ သောင်းစိုးက သူ့ညီမလေး နဲ့ အတူနေနိုင်အောင် ကြိုးစားမယ်ဆိုပြီး ဖားကန့်ဘက်မှာ ကျောက်တူးဖို့ ထွက်သွားခဲ့တယ်။ သုံးနှစ်လောက်ကြာတော့ သူ ကိုယ်တို့ဆီကို ခဏပြန် ရောက်လာတယ်။ သူ ကျောက်တူးတာ ကျောက်အောင်လာတယ်တဲ့။ အဲဒါကြောင့် အခု သူ့ညီမလေးနဲ့ အတူတူပြန်နေနေပြီတဲ့။ သူအောင်လာတဲ့ ကျောက်တွေထဲက တန်ဖိုးကြီးတဲ့ ကျောက်ကြီးတစ်လုံးကို ကိုယ်တို့ဆီမှာ ခဏအပ်ခဲ့မယ်တဲ့။ ကိုယ်က သူ့ကို ဘာဖြစ်လို့ အပ်ခဲ့ရတာလဲလို့ မေးတော့ အဲဒီကျောက်ကိုဝယ်မယ့် ဝယ်လက်က သူ့ကို ဈေးအရမ်းနှိမ်တော့ သူက မရောင်းနိုင်ဘူးလို့ ပြောပေမဲ့ မရမက မသမာတဲ့နည်းနဲ့ ရအောင်ယူမယ့် အခြေအနေမှာရှိတယ်၊ အဲဒါကြောင့် ကိုယ်တို့ဆီမှာ စိတ်ချရအောင် ဒီကျောက် ကို အပ်သွားခဲ့တယ်’

‘အဲဒီလူတွေက ကိုအောင်မြင့်နဲ့ ကိုကြည်လွင်တို့ကို ပြောတာလား’

‘အင်း… ဟုတ်တယ်၊ ဒီလိုနဲ့ ခြောက်လလောက်ကြာတော့ သူပြန် ပေါ်လာတာနဲ့ ကိုယ်တို့လည်း စိတ်ပူပြီး သူ့အကြောင်းကို စုံစမ်းရအောင် ထွက်လာခဲ့ရင်း ဒီအခြေအနေထိ ရောက်လာခဲ့ရတာပေါ့’

ထိုသို့ပြောလိုက်ပြီးနောက် ဘုန်းကျော် သက်ပြင်းတွေ ချ၍…

‘အမှန်အတိုင်းပြောရရင် ကိုယ်တို့တွေက ဘာမှအထင်ကြီးစရာမရှိ ပါဘူးကွာ၊ ယောင်ခြောက်ဆယ်သမားတွေပါ’

ဆောင်းနု… ဘုန်းကျော်ကို ကြည်လဲ့စွာကြည့်ပြီး…

‘ကျွန်မကတော့ အဲဒီလိုမထင်ဘူး၊ သူငယ်ချင်းအပေါ်ကို သစ္စာရှိပြီး ဘကယ်တော်တဲ့ လူတော်တွေလို့ပဲ ထင်တယ်’

ဘုန်းကျော်… ဆောင်းနုအား အံ့အားသင့်စွာဖြင့် လှမ်းကြည့်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဆောင်းနဲ့ တကယ်ပြောနေတာလား'

'တကယ်ပေါ့'

'ဒါဆို… ကိုယ်တို့က'

'ယောင်ခြောက်ဆယ် လူတော်တွေပေါ့'

ထို့နောက် နှစ်ယောက်သား ပြိုင်တူပင် ရယ်မိလိုက်ကြပါတော့သည်။

'ဟား… ဟား… ဟား'

'ခစ်… ခစ်… ခစ်'

□ □ □

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၄)

ဝင်းကျော်ဆိုင်တွင် အလကားမစားစဖူး တဝတပြ စားလိုက်ရခြင်းကြောင့် ခြေလှမ်းလေးလေးများဖြင့် နှစ်ယောက်သား အိမ်ခန်းရှိရာသို့ လျှောက်လာခဲ့ကြသည်။

အိမ်ခန်းရှိရာသို့ မရောက်မီမှာပင် အိမ်ရှေ့၌ တစ်စုံတစ်ယောက်ကို လှမ်းမြင်လိုက်ခြင်းကြောင့် ဘုန်းကျော်က...

'ဟာ... ဟိုမှာ ဒေါ်သန်းမဟုတ်လား'

ဟုတ်ပါသည်။ ဘုန်းကျော်တို့ အိမ်လခအကြွေးပေးမည်ဟု ပြောထားသဖြင့် ဖွဲ့ရှိရှိဖြင့် လာရောက်စောင့်ဆိုင်းနေသော ဒေါ်သန်းပါ။

ဒေါ်သန်းက ဘုန်းကျော်တို့ကို မြင်သောအခါ ထိုင်နေရာမှ မတ်တပ်ရပ်သည်။ ဘုန်းကျော်က...

'သတိုး... ဒီမိန်းမကြီးကို ပိုက်ဆံရှင်းပေးလိုက်ဦးလေကွာ'

'အေး... ရှင်းပေးလိုက်မယ်၊ နို့မို့ဆိုရင် အလကားနေ အလကား လာလာငြီးနေတာ... ဟွန်း'

ထိုသို့ပြောပြီး ပိုက်ဆံထုပ်ကို ဟိုစမ်းဒီစမ်းဖြင့် လိုက်စမ်းသည်။ ရှာလို့က မတွေ့။ ထို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



'ဒုန်းကျော်... ပိုက်ဆံက မင်းဆီမှာလား'

'အာ... မင်းပဲကိုင်ထားတဲ့ဟာကို'

'ဒီမှာမတွေ့တော့ဘူးကွ'

ထိုသို့ဖြင့် နှစ်ယောက်သား ပြူးပြူးပြာပြာဖြင့် ရှိသမျှအိတ်တွေ လိုက်ရှာကြသည်။ ပိုက်ဆံနှင့်တူတာဆို၍ ငါးကျပ်တန်လေးပင် မတွေ့။

ကိုယ်တွေဆီမှာ လုံးဝမရှိတော့တာ သေချာသွားသောအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြသည်။

သွားပြီ... ပျေ..ာက်သွားပြီ။

တစ်ညလုံး ပြေးပြေးလွှားလွှားဖြင့် ဘယ်နားကျကျန့်ခဲ့လို့ ကျန့်ခဲ့မှန်း မသိတော့။ ထိုစဉ် ဒေါ်မေသန်း အနားသို့ ရောက်လာသည်။

'ဟိုအကောင်တွေ ငါ့အိမ်လခ ပေးမယ်ဆို အခုဘယ်မှာလဲ'

'ဒေါ်သန်း... အဟဲ'

'ဒေါ်သန်း... အဟီး'

မျက်နှာပေးတွေကို ကြည့်ပြီး ဒေါ်သန်း သဘောပေါက်သွားချေပြီ။ ထို့ကြောင့် ခါးထောက်၍ ဝမ်းခေါင်းထဲမှ ရှိသမျှအသံတို့ကို ညှစ်ထုတ်၍...

'ဟိုအကောင့်တွေ'

××××××××××

ချစ်မျှားရှင်



www.burmeseclassic.com